# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့်အတူနေရခြင်းသည် ရန်သူနှင့်အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၇၉ ခုနှစ် နယုန်လဆန်း ၄ ရက် တနင်္လာနေ့။ Monday, 29 May 2017 (၈၉၃၉)


# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ(ဒုတိယအစည်းအဝေး)အား ဂုဏ်ပြုပါ၏

**ကြီးမြတ်သော နှလုံးသား**

စာမျက်နှာ - ၆

**မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ဖို့အတွက် ကျွန်တော်တို့ အစွမ်းကုန် ကူညီပံ့ပိုးနေပါတယ်**

စာမျက်နှာ - ၈

**ဘင်္ဂလားပင်လယ်အော်မှ မုန်တိုင်းငယ် ဆိုင်ကလုန်းမုန်တိုင်းအဖြစ် ရောက်ရှိနိုင်**

စာမျက်နှာ - ၁၂



(၁၁)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

## ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီအစည်းအဝေး ကျင်းပ

### တိုင်းရင်းသားလူမျိုးများ၏ ဒေသအလိုက်၊ ကဏ္ဍအလိုက် ဆွေးနွေးမှုများ ညှိနှိုင်းအတည်ပြုပြီး အကောင်အထည်ဖော်သွားမည်

**နေပြည်တော် မေ ၂၈**

(၁၁)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)အစည်းအဝေးကို ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ UPDJC ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်သည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ▼**

## ကျည်ဆန်တွေနဲ့ ပစ်နေကြတာထက် နိုင်ငံရေးစားပွဲဝိုင်းမှာ မိမိရဲ့ အယူအဆသဘောထားတွေကို ဆွေးနွေးညှိနှိုင်းကြတာ ပိုကောင်းပါတယ်

နေပြည်တော် မေ ၂၈

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ(ဒုတိယအစည်းအဝေး)၏ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီအစည်းအဝေးကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ယနေ့ကျင်းပသည်။ အဆိုပါအစည်းအဝေးတွင် နိုင်ငံရေးကဏ္ဍ၏ အချက် ၂၁ ချက်ကို ဆွေးနွေးကြရာ အဓိကထားဆွေးနွေးခဲ့ကြသည့်အကြောင်းအရာများနှင့်စပ်လျဉ်း၍ တက်ရောက်သူတချို့ကို မေးမြန်းဖြစ်ခဲ့ပါသည်-**

**စိုင်းကျော်ညွန့်**
**(ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်)**

ဒီကနေ့ မနက်ပိုင်းမှာ နိုင်ငံရေးကဏ္ဍကို ဆွေးနွေးပါတယ်။ အဓိကဆွေးနွေးဖြစ်တဲ့ ခေါင်းစဉ်တွေကတော့ အချုပ်အခြာအာဏာက ဘယ်လိုဆင်းသက်လဲ၊ တန်းတူရည်တူအခွင့်အရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုတဲ့ကိစ္စရပ်တွေကို ဆွေးနွေးနေပါတယ်။ ပြည်ထောင်စုဖက်ဒရယ်မူကို အခြေခံပြီး ဆွေးနွေးနေတာဖြစ်ပါတယ်။ အတိုင်းအတာတစ်ခုထိတော့ အောင်မြင်မှုရပါတယ်။ သဘောတူတဲ့ဟာတွေလည်းရှိပါတယ်။ ဝိဝါဒကွဲပြီး အပြန်အလှန်ဆွေးနွေးနေတဲ့ အပိုင်းတွေလည်းရှိပါတယ်။ နိုင်ငံရေးကဏ္ဍကတော့ ကျယ်ပြန့်တဲ့အတွက် တချို့ကိစ္စတွေလည်း ဒီမှာဆွေးနွေးလို့မပြီးပြတ်ရင် နောက်လာမယ့် ညီလာခံမှာဆွေးနွေးရမှာပါ။ အနာဂတ်ပြည်ထောင်စုကို ကောင်းမွန်စွာ ပြန်လည်ထူထောင်မယ့်အချိန်မှာ ယုံကြည်မှုရှိရှိ ဘယ်လိုဆက်သွားနိုင်မလဲဆိုတာကို **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✱**




Union Peace Conference - 21st Century Panglong - second session

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစုပင်လုံ (ဒုတိယအစည်းအဝေး)

Union Peace Conference - 21st Century Panglong (Second Session)

၂၄ - ၅ - ၂၀၁၇ နေပြည်တော်

ကြေးမုံ

## မတူကွဲပြားမှုကို ညှိနှိုင်းခြင်းဖြင့်အဖြေရှာ

ကျင်းပပြုလုပ်လျက်ရှိသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေးမှုအပိုင်းတစ်ခု ထပ်မံပြုလုပ်ရန်လိုအပ်သဖြင့် အစည်းအဝေးရက်ကို ထပ်တိုးပြုလုပ်ခဲ့သည်။ မတူကွဲပြားသည့်အဖွဲ့အစည်းများအကြား ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ရာတွင် သဘောကွဲလွဲမှုများလည်း ရှိပေလိမ့်မည်။ သဘောကွဲလွဲခြင်းသည် ဒီမိုကရေစီနည်းကျသော ငြင်းခုံခြင်းဖြစ်ပြီး ဆွေးနွေးပွဲ၏အနှစ်သာရကို ဆောင်ပေသည်။ ယင်းမတူကွဲပြားကွဲလွဲမှုများကို ဘုံရည်မှန်းချက်သို့ ရောက်အောင် ဆောင်ကြဉ်းပေးနိုင်ခြင်းသည် ဆွေးနွေးသူများ၏ စွမ်းဆောင်ရည်နှင့် အောင်မြင်မှုဟု ဆိုရမည်ဖြစ်သည်။

ငြိမ်းချမ်းရေးညီလာခံတွင် (၁၁)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)၏ အစည်းအဝေးကို မေ ၂၈ ရက်တွင်ပြုလုပ်ခဲ့ကာ ဆွေးနွေးချက်အသုံးအနှုန်းများကို ပြန်လည်ညှိနှိုင်းဆုံးဖြတ်ခဲ့သည်။ UPDJC ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး အစိုးရ၊ တပ်မတော်၊ လွှတ်တော်တို့မှ ကိုယ်စားလှယ်များ၊ NCA တွင် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် ဖွဲ့စည်းထားသည်။

အရပ်သားအစိုးရတာဝန်ယူချိန်တွင် NCA စာချုပ်အရ အဆိုပါကော်မတီအနေဖြင့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ပြန်လည်သုံးသပ်ခြင်း၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာလုပ်ငန်းလမ်းညွှန်အား ရေးဆွဲအတည်ပြုခြင်း၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ခုနစ်ပွဲကျင်းပခြင်းနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ခေါ်ယူကျင်းပခြင်းတို့ကို အောင်မြင်စွာဆောင်ရွက်ခဲ့သည်။

ကော်မတီ၏စွမ်းဆောင်မှုများကို ယနေ့မျက်ဝါးထင်ထင်မြင်တွေ့နေရပြီး နိုင်ငံနှင့်ပြည်သူအကျိုးကိုရှေးရှုကာ ကြိုးပမ်းဆောင်ရွက်နေမှုများကို အသိအမှတ်ပြုရမည်ဖြစ်သည်။ မတူကွဲပြားသောအဖွဲ့အစည်းများကြား သဘောတူညီချက်များရရှိရေးနှင့် ခိုင်မာသည့်အာမခံချက်များရှိရေးအတွက် အားထုတ်ရသည်မှာ လွယ်ကူလှသည်မဟုတ်ချေ။ မည်မျှပင်အကြိမ်ကြိမ်အဖန်ဖန် ဆွေးနွေးကြရသော်လည်း စိတ်ရှည်သည်းခံမှုများကြောင့် စိုးရိမ်မှုတို့ကို ဖြေလျှော့နိုင်ခဲ့ပေသည်။

နှစ်ဖက်သဘောတူညီမှုများနှင့်အတူ ဆုံးဖြတ်ချက်များကို ပိုမိုခိုင်မာအောင် ဆောင်ရွက်မည်ဆိုသည့် သဘောတူညီမှုများရရှိသည်မှာ ဝမ်းမြောက်ဖွယ်ဖြစ်သည်။ အချို့ကွဲလွဲမှုအပိုင်းများကို အသေးစိတ်ဆောင်ရွက်ရာတွင် အခက်အခဲများရှိခဲ့သော်လည်း မူအရ တူညီမှုများရှိခဲ့သည်မှာ ဘုံရည်မှန်းချက်ကိုရောက်အောင်ဆောင်ရွက်လိုသော စိတ်ရင်းကြောင့်ဟု ဆိုရမည်ဖြစ်သည်။ မတူကွဲပြားမှုများကို ပေါင်းစည်းရာတွင် အပြုသဘောဆောင်သည့် မျှော်လင့်ချက်များဖြင့် ဆောင်ရွက်ခြင်းမှာ အကောင်းဆုံးဖြစ်သည်။

ဆွေးနွေးမှုဆိုသည်မှာ အလျှော့အတင်းပြုလုပ်ကြကာ ရည်မှန်းချက်သို့ရောက်အောင် ချဉ်းကပ်ခြင်းပင် ဖြစ်သည်။ အလျှော့အတင်းပြုလုပ်မှုမရှိလျှင် အချိန်ကြန့်ကြာမည်ဖြစ်သည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ သိမ်မွေ့နက်နဲ ခက်ခဲသောအစည်းအဝေးဖြစ်ပြီး အချိန်သတ်မှတ်ရန် ခက်ခဲသည်။ ဆွေးနွေးပွဲတွင် မိမိတို့ရည်မှန်းချက် ရာနှုန်းပြည့်ရရှိမှသာ လက်ခံသဘောတူမည်ဆိုပါက ရည်မှန်းချက်သို့ရောက်ရန် ခက်ခဲကြန့်ကြာပေလိမ့်မည်။ လက်ရှိတွင် နှစ်ဦးနှစ်ဖက် အလျှော့အတင်းများရှိသောကြောင့် အလားအလာကောင်းများရှိသည်ဟု ဆိုနိုင်သည်။

နှစ်ဦးနှစ်ဖက် အလျှော့အတင်းရှိလျှင် ပူးပေါင်းဆောင်ရွက်မှုကို ရနိုင်ပြီး ရည်မှန်းချက်လမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းနိုင်မည်ဖြစ်သည်။ ယခုအခါ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အစည်းအဝေးများကို စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်သဖြင့် ရင်းနှီးကျွမ်းဝင်မှု၊ နားလည်လက်ခံမှုများရှိလာရာ ယုံကြည်မှုတည်ဆောက်ရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိလုနီးလာပြီဟုဆိုရမည်ဖြစ်သည်။

ယုံကြည်မှုတည်ဆောက်နိုင်လျှင် မျှော်မှန်းထားသောငြိမ်းချမ်းရေးနှင့် အလှမ်းဝေးတော့မည်မဟုတ်ချေ။ လတ်တလောဘုံရည်မှန်းချက်မှာ အပစ်ရပ်ရေး၊ အပစ်ရပ်ခိုင်မာရေး၊ အပစ်ရပ်ပြီးနောက် ပစ်ခတ်မှုများဆက်လက်မရှိရေးပင်ဖြစ်သည်။ နှစ်ပေါင်း ၇၀ နီးပါးဖြစ်ပွားခဲ့သော ပဋိပက္ခများအား နိုင်ငံရေးအရ အဖြေရှာနေခြင်းကို ခေတ်အဆက်ဆက်အစိုးရများက ဆောင်ရွက်ခဲ့ကြရာ ယခုအခါ အောင်မြင်မှုလမ်းစကို မြင်တွေ့ရပြီဟုဆိုနိုင်သည်။

အန္တိမဘုံရည်မှန်းချက်မှာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းသာယာပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်ပေါ်လာရေးဖြစ်၍ သဘောကွဲလွဲမှုများကြားမှ ဘုံသဘောတူညီချက်များကို အလျှော့အတင်းဆွေးနွေးညှိနှိုင်းခြင်းဖြင့် အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်နိုင်ကြစေရန် ဆန္ဒပြုပါသည်။ ။

## ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတားနှင့် အိမ်ရာစီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၂၈**

ရန်ကုန်တိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ အဆင်ပြေစွာနေထိုင်နိုင်ရန် အိမ်ရာစီမံကိန်းလုပ်ငန်းများ သတ်မှတ်အချိန်မီပြီးစီးရေး၊ အရည်အသွေး၊ စံချိန်စံညွှန်းနှင့်အညီ ပြီးစီးရေးအတွက် လမ်း၊ တံတားနှင့် အိမ်ရာစီမံကိန်းလုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် မေ ၂၇ ရက် နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ကျန်စစ်မင်းအိမ်ရာစီမံကိန်း အပိုင်း(၁)နှင့် အပိုင်း(၂) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုတို့ကို မြေပုံကားချပ်ဖြင့် အသီးသီးရှင်းလင်းတင်ပြကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အိမ်ရာစီမံကိန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယခုတည်ဆောက်ပြီးစီးသည့် ကျန်စစ်မင်းအိမ်ရာစီမံကိန်း အပိုင်း(၁)သည် အဆောက်အအုံ ၈၆ လုံး၊ အခန်းပေါင်း ၃၁၀၄ ခန်းပါရှိပြီး မကြာမီ ပြည်သူများအား ရောင်းချပေးနိုင်တော့မည်ဖြစ်သည်။

ထို့နောက် လှိုင်သာယာမြို့နယ် ကျန်စစ်သားလမ်းနှင့် ရန်ကုန်-ညောင်တုန်းလမ်းထောင့်ရှိ ထီးလှိုင်ရှင်အိမ်ရာစီမံကိန်း တည်ဆောက်ပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ လှိုင်သာယာမြို့နယ် (၂၃/၂၆) ရပ်ကွက် ကျန်စစ်သားလမ်းမကြီးနံဘေးရှိ ရွှေလင်ဗန်းတန်ဖိုးနည်းအိမ်ရာစီမံကိန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များမှာကြားသည်။

ဆက်လက်၍ ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်နှင့် လမုတန်း-လှည်းဆိပ်တို့ကို ဆက်သွယ်ထားသော ကုက္ကိုဝတံတားသို့ ရောက်ရှိပြီး တံတားကြီးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကြိုတင်ကာကွယ်ထိန်းသိမ်းရန်နှင့် မြစ်ရေတိုက်စားမှုမှ ကာကွယ်ရန်တို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ထန်းတပင်-လမုတန်း-ကျူတောလမ်း အခြေအနေတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။ မွန်းလွဲပိုင်းတွင် ဂျပန်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအရ ဂျပန်အစိုးရ၏ ထောက်ပံ့ငွေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) အဖွဲ့တို့ ပူးပေါင်းတည်ဆောက်သော မဂ်လာတောင်ညွန့်မြို့နယ်နှင့် ဒေါပုံမြို့နယ်တို့ကို ဆက်သွယ်ထားသည့် သာကေတတံတားသစ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး တာဝန်ရှိသူများက တံတားတည်ဆောက်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး တံတားတည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



## ၂၁ ရာစု ပင်လုံညီလာခံ

○ မြောက်ဖျားက ဒိုင်း ဒိုင်း
အရှေ့က ဒိုင်း ဒိုင်း
အနောက်က ဒိုင်း ဒိုင်း
ယမ်းငွေ့တွေဖုံး
သွေးညှီနံ့တွေလွှမ်း
ငိုသံတွေဆူညံ။

○ မြောက်ဖျားကလူလည်း မြန်မာ
တောင်ပိုင်းကလူလည်း မြန်မာ
အရှေ့ကလူလည်း မြန်မာ
အနောက်ကလူလည်း မြန်မာ
မြန်မာ မြန်မာချင်း တိုက်
နိုင်ငံတော် မှောင်မိုက်
နိုင်ငံ ဒုက္ခဆိုက်။

○ နိုင်ငံတော်ပေါ်က
အမှောင်မိုက် လွင့်ပြယ်ရေး
နိုင်ငံတော်ပေါ်က ဒုက္ခသိုက်ဖယ်ရှားရေး
နိုင်ငံတော်ပေါ်က ငိုသံတွေတိတ်စေရေး
နိုင်ငံတော် ငြိမ်းချမ်းရေး
NCA မူဘောင်အတိုင်းဆွေးနွေး
အာယာတတွေ သင်ပုန်းချေ
စည်းလုံးကြ ညီညွတ်ကြ
နွားကွဲရင် ကျားဆွဲတာခံရမှာပဲ။
ငြိမ်းချမ်းမှ အေးချမ်း
အေးချမ်းမှ ပြည်သာ
ပြည်သာမှ⋯⋯။ ။

ချစ်သဲပြုံးပြုံး

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ်မှ စ၍ စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန္တလေး ၀၂-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူနှင့်အတူ

### ▼ ပြည်ထောင်စုမှ

အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်းက နိုင်ငံရေးဆွေးနွေးပွဲများအောင်မြင်မှ မိမိတို့မျှော်မှန်းသည့် ငြိမ်းချမ်းရေးရရှိမည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုမူဘောင်၏ သတ်မှတ်ချက်အတိုင်း နိုင်ငံရေးဆွေးနွေးပွဲများကို အဆင့်ဆင့်ကျင်းပပြီး တိုင်းရင်းသားလူမျိုးများ၏ ဒေသအလိုက်၊ ကဏ္ဍအလိုက် ဆွေးနွေးမှုများကိုစုစည်းကာ UPDJC သို့တင်ပြခြင်းဖြစ်ပါကြောင်း၊ အဆိုပါ စုစည်းမှု၊ အဆိုပြုမှုများကို UPDJC တွင် အကျေအလည် ညှိနှိုင်းအတည်ပြုပြီး ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် ကဏ္ဍအသီးသီးမှ UPDJC အတွင်းရေးမှူးများအဖွဲ့သို့ တင်ပြလာသော အဆိုပြုချက်များကို အကျေအလည်ဆွေးနွေးပြီး သဘောတူညီနိုင်သည့် အချက်များရရှိနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ဆွေးနွေးသည့်အခါတွင်လည်း မူလရည်ရွယ်ချက်အတိုင်း အားလုံးလက်ခံနိုင်သည့် အဆိုပြုမှုများရရှိမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသုဝေက အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍနှင့် လုံခြုံရေးကဏ္ဍဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည့် အကြောင်းအရာများကိုလည်းကောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး) နောက်ဆုံးနေ့အစီအစဉ်များကိုလည်းကောင်း ဆွေးနွေးကြသည်။

ထို့နောက် UPDJC ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးသုဝေ၊ ပဒိုစောကွယ်ထူးဝင်းနှင့် ဦးကျော်တင့်ဆွေတို့က နိဂုံးချုပ်စကားပြောကြားကြပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် အစိုးရ၊ လွှတ်တော်နှင့်တပ်မတော်အစုအဖွဲ့မှ ကိုယ်စားလှယ် ၁၆ ဦး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အစုအဖွဲ့မှ ကိုယ်စားလှယ် ၁၆ ဦး၊ နိုင်ငံရေးပါတီများအစုအဖွဲ့မှ ကိုယ်စားလှယ် ၁၅ ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယနေ့အစည်းအဝေးနှင့်စပ်လျဉ်း၍ UPDJC အတွင်းရေးမှူးများအဖွဲ့ အဖွဲ့ဝင် ဦးဇော်ဌေးက "ဒီနေ့မနက် ကျွန်တော်တို့ စုစုပေါင်း ၄၁ ချက်ကို ဆွေးနွေးတယ်။ နိုင်ငံရေးကဏ္ဍ ၂၁ ချက်မှာ သဘောတူညီချက်၊ ဆုံးဖြတ်ချက်ချနိုင်တာ ၁၂ ချက်ရပါတယ်။ တစ်ခုရှိတာက ပြည်သူတွေမျှော်လင့်နေတဲ့ ရလဒ်ကောင်းကတော့ နည်းပါးပါလိမ့်မယ်။ သဘောတူညီချက်မရတာက ပြည်နယ်တွေရဲ့ ခွဲထွက်ခွင့်ကိစ္စဖြစ်ပါတယ်။ ခွဲထွက်ခွင့်ကိစ္စနဲ့ပတ်သက်လို့ နှစ်ဖက်အပြန်အလှန် ဆွေးနွေးကြပါတယ်။

"ဆွေးနွေးကြတဲ့အခါမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေဘက်က ခွဲထွက်ခွင့်ကတိကဝတ်နဲ့ပတ်သက်လို့ သူတို့က ဒီအချိန်မှာ မထည့်စေချင်ပါဘူး။ ဖက်ဒရယ်မူကို စပြီးဆွေးနွေးကတည်းက ဒီဟာက Package ဖြစ်ပါတယ်။ ခွဲမထွက်ဘူး ဆိုတဲ့ဟာကို ကျွန်တော်တို့က ယူပါတယ်။ ယူပြီးတော့ တစ်ဖက်ကလည်း ပြည်နယ်တွေရဲ့ ကိုယ်ပိုင်အခြေခံဥပဒေ၊ တန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ဒါကို ကျွန်တော်တို့က ချိတ်ထားတာပါ။ ချိတ်ထားတာဖြစ်တဲ့အတွက် ဆွေးနွေးတဲ့အခါမှာ ခွဲမထွက်ရဆိုတဲ့အချက်ကို သဘောတူမှ ကျန်အချက်တွေကို သွားရမှာဖြစ်ပါတယ်။ အဲဒီအချက်မှာတင် သဘောတူညီမှု မရပါဘူး။ မရတဲ့အတွက် ကျန်တဲ့အချက်တွေလည်း ဒီညီလာခံမှာ စိတ်မကောင်းစွာဘဲ ချန်ခဲ့ရပါတယ်။ ဒီနေ့နိုင်ငံရေးဆွေးနွေးပွဲမှာ ကျန်တဲ့ဖက်ဒရယ်ဆိုင်ရာ အခြေခံမူ ၁၂ ချက်တော့ ရပါတယ်။"

"ပြည်ထောင်စုက ခွဲမထွက်ပါဘူးဆိုတာကို ကတိမပြုနိုင်ဘူး။ အဲဒါဆိုမေးစရာရှိတာက ခွဲထွက်ချင်လို့လားဆိုတဲ့ ဟာတွေဖြစ်လာပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့ဘက်က ဒါကို ကတိကဝတ် မပြုနိုင်ဘူး။ မပြုနိုင်တဲ့အတွက် ကျန်တဲ့ကိုယ်ပိုင်အခြေခံဥပဒေတို့၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ ဒါတွေဆက်သွားလို့ မရတော့ပါဘူး။ ဒီဟာကို ကတိကဝတ်ပေးမှ ကျန်အခွင့်အရေးတွေရမှာဖြစ်ပါတယ်။ ဒါမျိုး ချိတ်ထားတာဖြစ်ပါတယ်။ အခုတစ်ခေါက်ညီလာခံမှာတော့ ဒါတွေသဘောတူညီချက်မရတဲ့အတွက် ဆက်လက်မဆွေးနွေးတော့ဘူးလို့ ဆုံးဖြတ်လိုက်ပါတယ်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နဲ့ ပတ်သက်တဲ့အချက်တွေ၊ ခွဲထွက်ခွင့်ကိစ္စတွေကိုတော့ နောင်မှာ ဆက်ဆွေးနွေးဖို့ သဘောတူညီပါတယ်။"

"နောင်လာမယ့် ညီလာခံမှာဖြစ်မလားဆိုတာ သက်ဆိုင်ရာအစုအဖွဲ့အပေါ်မှာ မူတည်ပါတယ်။ ဒီနေ့ပွဲမှာတော့ အစိုးရဘက်က၊ တပ်မတော်ဘက်က ဒါကို အထူးပြုအလေးထားပြီး ဆွေးနွေးပါတယ်။ အစိုးရ၊ လွှတ်တော်နဲ့ တပ်မတော်အားလုံးက သဘောတစ်ခုတည်းဖြစ်ပါတယ်။ ကျွန်တော်တို့က ခွဲထွက်ခွင့်နဲ့ ပတ်သက်ပြီး ကတိကဝတ်ပေးရင် ကိုင်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အခြေခံဥပဒေ၊ တန်းတူရေး ဒါတွေအကုန်လုံးရဖို့ ဆွေးနွေးသော်လည်း နောက်ဆုံးတော့ မအောင်မြင်ဘူး။ မအောင်မြင်တော့ စိတ်မကောင်းစွာနဲ့ဘဲ ဒီတစ်ပတ်ညီလာခံမှာ ချန်ထားခဲ့ပါတယ်။"

"အရင်တုန်းက အားလုံးရဲ့စိတ်ထဲမှာ ဖက်ဒရယ်ဆိုတာ ခွဲထွက်ရေးဆိုတဲ့ အမြင်တွေရှိတယ်။ အခုနောက်ပိုင်းမှာမှ ဖက်ဒရယ်ဆိုတာ ခွဲမထွက်ဘူး၊ ပေါင်းစည်းရေးဆိုတာ လူတွေကလက်ခံလာတယ်။ ဒါကလည်း တကယ်ကို လေ့လာတော့မှ သိလာတာ။ သို့သော် ပြည်သူတွေ စိတ်ထဲမှာရော၊ အစိုးရရော၊ တပ်မတော်ရော အားလုံးမှာ စိုးရိမ်ပူပန်မှုတွေရှိတယ်။ အကယ်၍ ဒီဟာကြောင့် ပြည်ထောင်စုအစိတ်စိတ်အပိုင်းပိုင်း ဖြစ်သွားမလားပေါ့။ ပြီးခဲ့တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ(ပထမအကြိမ်အစည်းအဝေး)မှာဆိုရင် စာတမ်းတွေဖတ်ကြတယ်။ ဖတ်တဲ့အခါမှာ အမျိုးမျိုးသော သဘောထားတွေရှိတယ်။ အဲဒီမှာလည်း အများကြီးပါတယ်။ အဲဒီအပေါ်မှာရော ပြည်သူကစိုးရိမ်မှုတွေရှိပါတယ်။ (၂၁)ရာစုပင်လုံရဲ့ အဓိကရည်ရွယ်ချက်က ပြည်ထောင်စုကြီးကို မကွဲမပျက်ဘဲနဲ့ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ဖို့ဖြစ်ပါတယ်။ အဲဒီမှာ အဓိကလိုချင်တာက ခွဲမထွက်ဘူးဆိုတဲ့ဟာပါ။ ဒီအာမခံချက်က သမိုင်းရဲ့ သင်ခန်းစာအရ ထည့်တာဖြစ်ပါတယ်။ နောက် အများရဲ့စိုးရိမ်ပူပန်မှုကို ဖြေဖျောက်နိုင်အောင် ထည့်တာဖြစ်ပါတယ်။ ဒီဟာကို ပေးနိုင်တယ်ဆိုရင် တစ်ဖက်မှာရှိတဲ့ ကိုယ်ပိုင်အခြေခံဖွဲ့စည်းပုံ၊ ကိုယ်ပိုင်ပြဋ္ဌာန်းချက် ဒါတွေကို ပေးနိုင်မှာဖြစ်ပါတယ်။ တချို့ဆိုလည်း ဒါကိုတော်တော်လေး တောင်းတောင်းပန်ပန်နဲ့ ပြောကြတာရှိပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတချို့က ဒါကို ကတိကဝတ်မပေးနိုင်ဘူး။ ဒါကို သူတို့ကလက်မခံနိုင်ဘူးပေါ့။ လက်မခံနိုင်တဲ့အခါမှာတော့ ကျန်တဲ့အချက်တွေ ရှေ့ဆက်လို့မရဘူး။ မရတော့တဲ့အတွက် စိတ်မကောင်းစွာနဲ့ဘဲ ဒီညီလာခံမှာချန်ထားခဲ့ပါတယ်"ဟု ပြောသည်။

UPDJC အတွင်းရေးမှူးများအဖွဲ့ အဖွဲ့ဝင် စိုင်းကျော်ညွန့်က "ဒီနေ့ကျင်းပတဲ့ UPDJC အစည်းအဝေးမှာ အကျေအလည်ဆွေးနွေးခဲ့ကြပါတယ်။ စီးပွားရေးကဏ္ဍနဲ့ ပတ်သက်တဲ့ အဆိုပြုချက်အကုန်လုံးကို အတည်ပြုနိုင်ခဲ့ပါတယ်"ဟု ပြောသည်။

ယနေ့ကျင်းပသည့် UPDJC အစည်းအဝေးတွင် နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍနှင့် လုံခြုံရေးကဏ္ဍစသည့် ကဏ္ဍကြီး ငါးခုနှင့်ပတ်သက်သည့် အချက်ပေါင်း ၄၁ ချက်ကို ဆွေးနွေးခဲ့ကြပြီး အချက် ၃၃ ချက် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

နိုင်ငံရေးကဏ္ဍတွင် ၁၂ ချက်၊ စီးပွားရေးကဏ္ဍတွင် ၁၁ ချက်၊ လူမှုရေးကဏ္ဍတွင် လေးချက်နှင့် မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍတွင် ခြောက်ချက်တို့ကို သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်ပြီး ယင်းသဘောတူညီချက်များကို ညီလာခံနောက်ဆုံးနေ့၌ ပြည်ထောင်စုသဘောတူညီချက်၏ အစိတ်အပိုင်းအဖြစ် လက်မှတ်ရေးထိုးကာ စာချုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

### ✻ ရှေ့ဖုံးမှ

ပါဝင်ဆွေးနွေးတဲ့သူတွေက စိတ်စေတနာရှင်းရှင်းနဲ့ အလေးထားဆွေးနွေးဖို့ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။

**ခွန်မြင့်ထွန်း (ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် ဥက္ကဋ္ဌ)**

ပြည်ထောင်စုက ခွဲမထွက်ရဆိုတဲ့ စကားလုံးနဲ့ ပတ်သက်ပြီး အပြန်အလှန် ဆွေးနွေးနေပါတယ်။ သဘောကတော့ ဘယ်သူကမှလည်း ပြည်ထောင်စုကခွဲထွက်ဖို့ ဆန္ဒမရှိဘူး။ ဒါပေမယ့် ဒီစကားလုံးနဲ့ ပတ်သက်ရင်တော့ အပြုသဘောဆောင်တဲ့စကားလုံးကို ရွေးချယ်နိုင်အောင် စဉ်းစားနေကြတာဖြစ်ပါတယ်။ အာလုံးလက်ခံနိုင်မယ့် စကားရပ်ကို စဉ်းစားနေကြတာဖြစ်ပါတယ်။ စကားလုံးနဲ့ ပတ်သက်ပြီး သူ့ဘက်ကိုယ့်ဘက်မှာ ခံစားချက်တွေရှိပေမယ့် အတူတကွ စုပေါင်းနေထိုင်ကြမယ်ဆိုတဲ့ အမြင်ကတော့ တူပြီးသားဖြစ်ပါတယ်။ ဒါပေမယ့် စကားလုံးအပေါ် ခိုင်မာမှုကို လိုချင်တာပါ။ စကားလုံးလှအောင် ဘယ်လိုရွေးချယ်မလဲ။ တစ်သက်လုံး မခွဲပါဘူးလို့ ပြောတာထက်စာရင် တစ်သက်လုံး အတူပေါင်းကြမယ်ဆိုတာမျိုး အပြုသဘောဆောင်တဲ့ စကားရပ်ကို ရွေးချယ်စဉ်းစားနေတာဖြစ်ပါတယ်။ နောက်ညီလာခံမတိုင်မီအထိ အစည်းအဝေးမျိုးစုံမှာ ဆက်လက်ဆွေးနွေးရမှာဖြစ်ပါတယ်။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေလည်းကျင်းပရဦးမှာပါ။ နိုင်ငံရေးကဏ္ဍနဲ့ပတ်သက်ရင် ဆွေးနွေးမှုတွေ တော်တော်များများ သဘောတူနိုင်ပြီ။ အဓိကပြောချင်တာကတော့ ကျွန်တော်တို့တိုင်းပြည်မှာ နိုင်ငံရေးဆွေးနွေးပွဲဆိုတာ မရှိခဲ့ဘူး။ နှစ်ပေါင်း ၇၀ နီးပါးမှာ အင်အားသုံးဖြေရှင်းမှုတွေပဲအခြေခံခဲ့တယ်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ မဆွေးနွေးဖူးသေးဘူး၊ မဖြေရှင်းဖူးသေးဘူး။ ဒီလိုညီလာခံကြီးကလည်း အခုမှကျင်းပတာဖြစ်တဲ့အတွက် ကျွန်တော်တို့ဆွေးနွေးကြတဲ့အခါမှာ အကျေအလည်ဆွေးနွေးကြမယ်၊ အကြိတ်အနယ်ဆွေးနွေးကြမယ်။ သူ့ဘက်ကိုယ့်ဘက် သဘောထားတွေနဲ့ ဆွေးနွေးကြမယ်။ အဲဒီလိုဆွေးနွေးမှုလည်း ခိုင်မာတဲ့ဆုံးဖြတ်ချက်တွေ ရရှိမှာဖြစ်ပါတယ်။ လွယ်လွယ်ကူကူရတဲ့ ဆုံးဖြတ်ချက်တွေကလည်း ခိုင်ခိုင်မာမာဖြစ်ဖို့ဆိုတာ ခဲယဉ်းပါတယ်။ အချို့သော ဆွေးနွေးချက်တွေ သဘောတူညီမှုရပြီး အချို့အချက်တွေ သဘောတူညီမှုမရသေးဘူး။ မရတာတွေကို ဆက်ပြီးဆွေးနွေးမယ်။ စစ်မြေပြင်မှာ တစ်ယောက်နဲ့တစ်ယောက် ကျည်ဆန်တွေနဲ့ ပစ်နေကြတာထက် နိုင်ငံရေးစားပွဲဝိုင်းမှာ မိမိရဲ့အယူအဆ သဘောထားတွေကို ဒီလိုမျိုး ဆွေးနွေးညှိနှိုင်းကြတာ ပိုကောင်းပါတယ်။ ကျွန်တော်တို့နိုင်ငံ အဲဒီလမ်းကြောင်းပေါ် အခိုင်အမာ ရောက်သွားပြီလို့ ပြောချင်ပါတယ်။



ခွန်မြင့်ထွန်း
(ဥက္ကဋ္ဌ၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် )



စိုင်းကျော်ညွန့်
(ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်)

**အေဝမ်းစိုး၊ နိုင်လင်းကြည်**

## မီးလောင်ပျက်စီးခဲ့သည့်ယာဉ်အား လျော်ကြေး ပြန်လည်ပေးအပ်

**ရန်ကုန် မေ ၂၈**

ဝါယာရှော့ဖြစ်ကာ ကားတစ်စီးလုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည့် ပုဂံမင်းသားခရီးသည်တင်ယာဉ်လိုင်းမှ ယာဉ်အား ဆုံးရှုံးမှုလျော်ကြေးငွေကို မေ ၂၆ ရက်က အဆိုပါ ယာဉ်ပိုင်ရှင်ထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ဧပြီ ၂၂ ရက်က ညောင်ဦး-မြင်းခြံ ကားလမ်းပေါ်တွင် ပုဂံမင်းသားမော်တော်ယာဉ်လိုင်းမှ Higer အမျိုးအစား မော်တော်ယာဉ်၊ ယာဉ်အမှတ် 6C/8932 ယာဉ်သည် ဝါယာရှော့ဖြစ်ကာ ကားတစ်စီးလုံး မီးလောင်ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့သောကြောင့် အလုံးစုံမော်တော်ယာဉ်အာမခံလျော်ကြေးငွေ ၄၉၅၀၀၀၀၀ တိတိအား ဂလိုဘယ်ဝေါလ် အာမခံကုမ္ပဏီမှ ဒါရိုက်တာ ဦးစိုးဝင်းသန့်က အဆိုပါယာဉ်ပိုင်ရှင် ဦးအောင်မျိုးထွဋ်အား မေ ၂၆ ရက်က နှစ်ဖက်တာဝန်ရှိသူများရှေ့တွင် ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါယာဉ်အား အလုံးစုံမော်တော်ယာဉ် အာမခံထားရှိခဲ့ရာတွင် ၂၀၁၅ ခုနှစ် ဇွန် ၁၆ ရက်မှ စတင်ကာ အာမခံစတင်ထားရှိခဲ့ခြင်းဖြစ်ပြီး ယခုနှစ်မှ ဒုတိယမြောက်နှစ်အဖြစ် အလုံးစုံမော်တော်ယာဉ်အာမခံကို ထားရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အလုံးစုံအာမခံထားရှိခဲ့သော ပုဂံမင်းသားယာဉ်လိုင်းမှ မော်တော်ယာဉ်သည် ယာဉ်တစ်စီးလုံး မီးလောင်ဆုံးရှုံးမှု Total Loss ဖြစ်ခဲ့သောကြောင့် ယင်းအတွက် လျော်ကြေးငွေကို ဂလိုဘယ်ဝေါလ် အာမခံကုမ္ပဏီက ပေးအပ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါလျော်ကြေးငွေသည် ဂလိုဘယ်ဝေါလ် အာမခံကုမ္ပဏီ၏ သုံးနှစ်ကျော်သက်တမ်းအတွင်း ပထမဆုံးပေးလျော်ရသည့် Total Loss Claim ဖြစ်ကြောင်း သိရသည်။

**(၀၀၁)**

# ဂျီ-၇ ခေါင်းဆောင်များ၏ ပူးတွဲကြေညာချက်တွင် တူညီသောသဘောထားနှင့် ကွဲပြားသောသဘောထားများ ထင်ဟပ်နေ

**တော်မီနာ(အီတလီ) မေ ၂၈**

စက်မှုဖွံ့ဖြိုးပြီး ခုနစ်နိုင်ငံအုပ်စု (ဂျီ-၇)ခေါင်းဆောင်များ၏ နှစ်ရက်ကြာ နှစ်ပတ်လည် ထိပ်သီးအစည်းအဝေးအပြီး ပေါ်ထွက်လာသော ပူးတွဲကြေညာချက်တွင် ကမ္ဘာ့စက်မှုနိုင်ငံများ၏ တူညီသော သဘောထားရပ်တည်ချက်နှင့် မတူကွဲပြားသော သဘောထားရပ်တည်ချက်များ ထင်ဟပ်လျက်ရှိကြောင်း နိုင်ငံရေးလေ့လာစမ်းစစ်သူများက မေ ၂၈ ရက်တွင် ပြောကြားကြသည်။

နိုင်ငံတကာ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် ကုန်သွယ်ရေးကိစ္စရပ်များတွင် ဗြိတိန်၊ ကနေဒါ၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီနှင့် ဂျပန်နိုင်ငံတို့က ဥရောပသမဂ္ဂ(အီးယူ)နှင့်အတူ တူညီသောသဘောထားရပ်တည်ချက်ကို ကိုင်စွဲကြသော်လည်း ရာသီဥတုပြောင်းလဲမှု ပြန်လည်ထိန်းညှိရေးကိစ္စရပ်တွင်မူ ယင်းနိုင်ငံများအနေဖြင့် အမေရိကန်ပြည်ထောင်စုနှင့် သဘောထားကွဲလွဲမှုကိုတွေ့မြင်ရကြောင်း တရုတ်နိုင်ငံ ရန်မင်းတက္ကသိုလ်အောက်ရှိ ချုံယန်း ဘဏ္ဍာရေးလေ့လာမှုသိပ္ပံမှ နိုင်ငံရေးသိပ္ပံ ပါမောက္ခ ဂွန်ဂျေကာတွန်က ပြောကြားသည်။ ၎င်းသည် ကနေဒါနိုင်ငံ တိုရွန်တိုတက္ကသိုလ်အောက်ရှိ ကမ္ဘာ့ရေးရာလေ့လာရေးကောလိပ်၏ ဂျီ-၇ သုတေသနအဖွဲ့ကို ဦးဆောင်နေသူဖြစ်ပြီး တရုတ်နိုင်ငံ၌ ဧည့်ပါမောက္ခတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်နေသူ ဖြစ်သည်။

စွမ်းအင်လုံခြုံရေးအတွက် ဂျီ-၇ နိုင်ငံများက အလေးပေးကြောင်း၊ သန့်ရှင်းသော စွမ်းအင်နည်းပညာကို အားပေးမြှင့်တင်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်နေရာများကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများက ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် သန့်ရှင်းသော စွမ်းအင်ဆိုင်ရာနည်းပညာနှင့် ဘဏ္ဍာရေးအထောက်ပံ့ပေးရန် သဘောတူညီခဲ့ကြခြင်းမှာ ဂျီ-၇ ၏ တိုးတက်မှုတစ်ရပ်ဖြစ်ကြောင်း ပါမောက္ခ ကာတွန်က ပြောကြားသည်။



ထောက်ပံ့ရေးလမ်းကြောင်းများ၏ ကွန်ရက်ဖြင့် ချိတ်ဆက်ထားသော ကမ္ဘာကြီးတွင် လွတ်လပ်သောကုန်သွယ်မှုအပေါ် အမေရိကန်၏ စီးပွားရေး တည်မှီနေပုံကို ဒေါ်နယ်ထရန့်၏အစိုးရအဖွဲ့က တစ်စစ သိရှိနားလည်လာလိမ့်မည်ဟု မိမိယုံကြည်ကြောင်း ၎င်းက ပြောကြားသည်။ **ဆင်ဟွာ။**

# အိုင်စီဘီအမ်ဒုံးကျည်ကို ဖျက်ချနိုင်စွမ်း ရှိ၊ မရှိ ဒုံးခွင်းဒုံးစနစ်စမ်းသပ်မှု အမေရိကန်ပြုလုပ်မည်

**ဝါရှင်တန် မေ ၂၈**

အမေရိကန်ကာကွယ်ရေးဌာနအောက်ရှိ ဒုံးလက်နက်ကာကွယ်ရေးအေဂျင်စီသည် တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည်(အိုင်စီဘီအမ်)ဆိုင်ရာ ဒုံးခွင်းဒုံးစနစ်တစ်ရပ်ကို မေ ၃၀ ရက်တွင် စမ်းသပ်မည်ဖြစ်ကြောင်း၊ မြောက်ကိုရီးယား၏ ခြိမ်းခြောက်မှုနှင့် တိုးမြှင့်ရင်ဆိုင်လာနေရချိန်တွင် လက်ရှိ ဒုံးကျည်ကာကွယ်ရေးစနစ်က အိုင်စီဘီအမ်ဒုံးကျည်ကို ဟန့်တားဖျက်ချနိုင်စွမ်း ရှိ မရှိ စမ်းသပ်ရန်စီစဉ်ထားကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အိုင်စီဘီအမ်ဒုံးကျည်တစ်စင်းကို ကြားဖြတ်ဟန့်တားဖျက်ချနိုင်စွမ်း ရှိ၊ မရှိ စမ်းသပ်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။ မာရှယ်ကျွန်းစု ကဝါဂျာလိန်းသန္တာကျွန်းတန်းရှိ ရေဂင်စမ်းသပ်ရေးကွင်းမှနေ၍ အိုင်စီဘီအမ် ဒုံးကျည်နှင့် အလားတူဖြစ်သော ဒုံးကျည်တစ်လုံးကို စမ်းသပ်ပစ်ခတ်မည်ဖြစ်ပြီး အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ် ဗန်ဒင်ဘာ့ဂ် လေတပ်စခန်းရှိ မြေပြင်အခြေစိုက် ဒုံးခွင်းဒုံးစနစ်က ပစိဖိတ်သမုဒ္ဒရာဝေဟင်အတွင်း ကြားဖြတ်ဟန့်တားဖျက်ချရန် စမ်းသပ်မှုပြုလုပ်မည်ဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံသည် အမေရိကန်ပြည်ထောင်စုအား တိုက်ခိုက်နိုင်ရန် နျူကလီးယား ထိပ်ဖူးတပ် ဒုံးလက်နက်တစ်မျိုးကို ပိုင်ဆိုင်နိုင်ရန် နည်းပညာလေ့လာမှုပြုလုပ်နေသဖြင့် ဒုံးခွင်းဒုံးစနစ်ကောင်းမွန်ရေးမှာ အရေးကြီးလှကြောင်း အမေရိကန်ကာကွယ်ရေးဆိုင်ရာ ထောက်လှမ်းရေးအေဂျင်စီ အကြီးအကဲက ပြောကြားသည်။

အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ်နှင့် အလက်စကာပြည်နယ်တို့တွင် ဒုံးခွင်းဒုံးစနစ် ၃၆ ခု တပ်ဆင်ထားပြီးဖြစ်သည်။ အမေရိကန်၏ ဒုံးခွင်းဒုံးစနစ်မှာ မြေပြင်အခြေစိုက် တာလက်ပစ်ဒုံးကျည် ကာကွယ်ရေးစနစ်(ဂျီအမ်ဒီစနစ်)ဟု ခေါ်တွင်ပြီး အိုင်စီဘီအမ်ဒုံးကျည်မှအပ အခြားဒုံးကျည်အမျိုးအစားအားလုံးကို ကြားဖြတ်ဟန့်တားဖျက်ချမှုဆိုင်ရာ စမ်းသပ်မှုများ ပြုလုပ်ခဲ့ရာတွင် ထိရောက်အောင်မြင်မှုရှိခဲ့ပြီးဖြစ်သည်။

**ရိုက်တာ။**



# အာဖဂန်နိုင်ငံ၌ ရာမဒန်ဥပုသ်လ ပထမနေ့တွင် အသေခံပုံးခွဲ လူ ၁၃ ဦးသေဆုံး

**ကဘူး မေ ၂၈**

အစ္စလာမ်ဘာသာဝင်များ၏ ရာမဒန်ဥပုသ်လ ပထမနေ့တွင် အာဖဂန်နစ္စတန်နိုင်ငံ၌ အသေခံပုံးတစ်လုံးပေါက်ကွဲခဲ့ရာ လူ ၁၃ ဦးသေဆုံးခဲ့ပြီး ရှစ်ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သတင်းများအရသိရသည်။

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းရှိ ခို့စ်စီရင်စုတွင် စစ်တပ်ဖွဲ့ယာဉ်တန်းလာနေစဉ် အသေခံပုံးတပ်ဆင်ထားသော ကားတစ်စီးက အဆိုပါယာဉ်တန်းကို ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်သည်ဟု ဒေသန္တရအာဏာပိုင်များက ဆိုသည်။

အဆိုပါအကြမ်းဖက်မှုကို တာလီဘန်စစ်သွေးကြွအဖွဲ့က လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု ဝန်ခံပြောကြားခဲ့သည်။ အမေရိကန်စုံစမ်းထောက်လှမ်းရေးအဖွဲ့က လေ့ကျင့်သင်ကြားပေးလျက်ရှိသည့် အာဖဂန်စစ်သားများအား ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း တာလီဘန်စစ်သွေးကြွအဖွဲ့က ဆက်လက်ပြောကြားခဲ့သည်။

ရာမဒန်ဥပုသ်လအတွင်း စစ်သွေးကြွများက ယခုကဲ့သို့သော အကြမ်းဖက်မှုများ ထပ်မံလုပ်ဆောင်နိုင်ဖွယ်ရှိသည့်အတွက် အာဖဂန်အာဏာပိုင်များက လုံခြုံရေးတင်းကျပ်စွာချထားမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

# လိင်ကျေးကျွန်အဖြစ်ခံခဲ့ရသည့် ကိုရီးယားအမျိုးသမီးများကိုကိုယ်စားပြုသော မိန်းကလေးတစ်ဦး၏ရုပ်တုကို အမေရိကန်ပြည်ထောင်စုတွင် ဒုတိယအကြိမ်မြောက်စိုက်ထူမည်

**ဝါရှင်တန် မေ ၂၈**

အမေရိကန်ပြည်ထောင်စု ဂျော်ဂျီယာပြည်နယ်တောင်ပိုင်းရှိ မြို့တစ်မြို့တွင် ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်တို့၏ လိင်ကျေးကျွန်များအဖြစ် ပြုမူခြင်းခံခဲ့ရသည့် ကိုရီးယားအမျိုးသမီးများကို ကိုယ်စားပြုသော မိန်းကလေးတစ်ဦး၏ ရုပ်တုကို စိုက်ထူထားမည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရသိရသည်။

အဆိုပါရုပ်တု စိုက်ထူထားရှိမှုသည် အမေရိကန် ပြည်ထောင်စုတွင် ဒုတိယအကြိမ်မြောက်ဖြစ်သည်။

အတ္တလန္တာမြို့အနီး ဘရိုခ်ဟာဗန်မြို့ရှိ ပန်းခြံတစ်ခုတွင် ရုပ်တုကို စိုက်ထူမည်ဖြစ်ကြောင်း ဒေသန္တရအာဏာပိုင်များက ဆိုသည်။ အဆိုပါရုပ်တုကို ကိုရီးယား-အမေရိကန်နိုင်ငံသားများအဖွဲ့က လှူဒါန်းခြင်းဖြစ်ပြီး ရုပ်တုစိုက်ထူဖွင့်ပွဲကို လာမည့် လနှောင်းပိုင်းတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ ရုပ်တုစိုက်ထူခြင်းအားဖြင့် လူကုန်ကူးမှုအပါအဝင် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုပြဿနာများ လျော့ကျသွားနိုင်ကြောင်း ဘရိုခ်ဟာဗန်မြို့တော်ဝန် ဂျွန်အီရန့်စ်က ဆိုသည်။

အမေရိကန် ပြည်ထောင်စု လော့စ်အိန်ဂျလိစ်မြို့အနီး ဂလန်ဒါလီမြို့၏ ပန်းခြံတစ်ခုတွင် အဆိုပါရုပ်တုကို ယမန်နှစ်က စိုက်ထူထားခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ။**

# ဟောင်ကောင် အထူးအုပ်ချုပ်ခွင့်ရဒေသ၌ အခြေခံဥပဒေ အာဏာသက်ဝင်မှု နှစ် ၂၀ ပြည့်မြောက်

**ပေကျင်း မေ ၂၈**

ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသ၌ အခြေခံဥပဒေ အာဏာသက်ဝင်မှု နှစ် ၂၀ ပြည့် အထိမ်းအမှတ်အဖြစ် အထက်တန်းတာဝန်ရှိသူများ တက်ရောက်သည့် နီးနှောဖလှယ်ပွဲတစ်ရပ်ကို ပေကျင်း၌ကျင်းပခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက မေ ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

"နိုင်ငံတစ်နိုင်ငံ၊ စနစ်နှစ်မျိုး" အခြေခံမှုကို လည်းကောင်း၊ ဟောင်ကောင် အထူးအုပ်ချုပ်ခွင့်ရဒေသ၏ အခြေခံဥပဒေကိုလည်းကောင်း အပြည့်အဝနှင့် အတိအကျ အကောင်အထည်ဖော်ကြရန် ထိပ်တန်းဥပဒေပြု အမတ်တစ်ဦးဖြစ်သူ ကျန်တေလျှမ်းက မြို့တော်ပေကျင်းရှိ ပြည်သူ့မဟာခန်းမဆောင်ကြီး၌ မေ ၂၇ ရက်ကပြုလုပ်သော နှီးနှောဖလှယ်ပွဲတွင် ပြောကြားသည်။

တရုတ်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အတည်ပြုပြဋ္ဌာန်းထားသော ဟောင်ကောင်အခြေခံဥပဒေတွင် "နိုင်ငံတစ်နိုင်ငံ၊ စနစ်နှစ်မျိုး" အခြေခံမှုနှင့် သက်ဆိုင်နေသည့် လမ်းညွှန်ချက်များကို အတိအကျ ပြဋ္ဌာန်းထားကြောင်း၊ ဟောင်ကောင်ပြည်သူများသည် အဆင့်အတန်းမြင့်မားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့်အတူ ၎င်းတို့၏ဒေသကို ၎င်းတို့ကိုယ်တိုင် စီမံခန့်ခွဲလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

ဟောင်ကောင်ဒေသ၏ ကာလရှည် ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းမှုတို့သည် အခြေခံဥပဒေအား အပြည့်အဝ အာဏာသက်ဝင်စေမှုအပေါ်တွင် တည်မှီနေကြောင်း တရုတ်နိုင်ငံတော်ကောင်စီ အောက်ရှိ ဟောင်ကောင်နှင့် မကာအိုရေးရာရုံး ဒုတိယအကြီးအကဲ ဆောင်းရှွေက ပြောကြားသည်။ **ဆင်ဟွာ။**



# နေပြည်တော်သပြေကုန်း(သားငါး၊ ကုန်စိမ်း၊ ကုန်ခြောက်)ဈေးဖွင့်



**နေပြည်တော် မေ ၂၈**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက်ရှိ သပြေကုန်း(သားငါး၊ ကုန်စိမ်း၊ ကုန်ခြောက်)ဈေးဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက အဆိုပါ ဈေးမျက်နှာစာ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာ မျိုးအောင်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်း၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင် ဦးမျိုးတင့်နှင့် ဒေါ်စံပယ်ထွေး၊ ဇမ္ဗူသီရိမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဖြိုးဇေယျာသော်တို့က သပြေကုန်း (သားငါး၊ ကုန်စိမ်း၊ ကုန်ခြောက်)ဈေးကို ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဧည့်သည်တော်များက ဖွင့်ပွဲအထိမ်းအမှတ်ကမ္ပည်းကျောက်စာကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် သပြေကုန်း(သားငါး၊ ကုန်စိမ်း၊ ကုန်ခြောက်)ဈေး လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမျိုးအောင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာဟုန်လျန်တို့က အဖွင့်အမှာစကားပြောကြားကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက သပြေကုန်း (သားငါး၊ ကုန်စိမ်း၊ ကုန်ခြောက်) ဈေး တည်ဆောက်ခြင်းအတွက် လှူဒါန်းခဲ့သော သံအမတ်ကြီး မစ္စတာဟုန်လျန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး ကိုယ်စား ဈေး၏လိုအပ်ချက်များကို ညှိနှိုင်း၍ အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်ပေးခဲ့သော Art Wave Group Co.,Ltd. ကိုယ်စား Chairman ဖြစ်သူ ဦးသစ္စာ(ခ) Li Bo Bo တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် သံအမတ်ကြီး မစ္စတာဟုန်လျန်က နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်ဒေါက်တာ မျိုးအောင်ထံသို့ သပြေကုန်း(သားငါး၊ ကုန်စိမ်း၊ ကုန်ခြောက်) ဈေးဆိုင်ရာ စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

ယင်းဈေးသည် ယခုအခါ အကျယ် ၁၂၄ ပေ × ၁၉၈ ပေနှင့် ၁၉၆ ပေ × ၁၉၈ ပေရှိ ဈေးရုံ နှစ်ရုံအဖြစ် ဆိုင်ခန်း တစ်ခန်းလျှင် ယခင်အကျယ်အဝန်း ခြောက်ပေ ပတ်လည်အတိုင်း ဆိုင်ခန်းပေါင်း ၄၈၀ နှင့် တစ်ခန်းလျှင် အကျယ် ၈၄ ပေ × ၁၉၈ ပေရှိ ကွက်လပ်တစ်ခုတို့အား Steel Structure တို့ဖြင့် တစ်ဆက်တစ်စပ်တည်း အမိုးများကိုလည်းကောင်း၊ အောက်ခြေကြမ်းခင်း Level ၂ ပေ ၆ လက်မ မြှင့်တင်ခြင်းနှင့် ၂ ပေ ၆ လက်မ အမြင့် ဈေးခုံကို လည်းကောင်း၊ အလျားပေ ၂၈၆ ပေ၊ အကျယ် ၁၈ ပေ၊ ဒု ၈ လက်မရှိ ဈေးရုံအတွင်း ကွန်ကရစ်လမ်း ခင်းခြင်းကို လည်းကောင်း၊ အလျားပေ ၂၀၇၀၊ အကျယ် ၁ ပေ ၆ လက်မ၊ အနက် ၂ ပေရှိ ကွန်ကရစ်ရေမြောင်းများ ဆောင်ရွက်ခြင်းကိုလည်းကောင်း၊ လျှပ်စစ်မီးသွယ်တန်း တပ်ဆင်ခြင်းကိုလည်းကောင်း ဆောင်ရွက်ပေးခဲ့သည်။

သပြေကုန်း (သားငါး၊ ကုန်စိမ်း၊ ကုန်ခြောက်) ဈေးကို နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ကျခံ ငွေကျပ် ၃၉၅ ဒသမ ၉၈၆ သန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ လှူဒါန်းငွေကျပ် ၆၂၀ ဒသမ ၁၄၇၇၅ သန်း စုစုပေါင်း ငွေကျပ် ၁၀၁၆ ဒသမ ၁၃၃၅ သန်း အကုန်အကျခံ တည်ဆောက်ပေးခဲ့ကြောင်း သိရသည်။

**(ဇော်မင်းအောင်)**

■

# (၁၂) ကြိမ်မြောက် လူထုစုပေါင်းစက်ဘီးစီးနင်းပွဲ ကျင်းပ



**မန္တလေး မေ ၂၈**

(၁၂)ကြိမ်မြောက် လူထုစုပေါင်း စက်ဘီးစီးပွဲကို ယနေ့ နံနက် ၅ နာရီခွဲက မန္တလေးမြို့ ကျုံးတောင်ဘက် (၂၆) လမ်းရှိ မြို့တော်စည်ပင်ရုံးရှေ့ စုရပ်နေရာ၌ ပြုလုပ်ရာ မန္တလေး တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်သည် မန္တလေးမြို့နှင့် အနီးတစ်ဝိုက်မှ စက်ဘီးစီးကလပ် အသင်းများမှ စက်ဘီးအားကစား သမားများ၊ သက်ကြီးစက်ဘီးစီး အားကစားဝါသနာရှင်ပြည်သူများ၊ ဝန်ထမ်းများနှင့်အတူ စုပေါင်းစက်ဘီး စီးနင်းပါဝင်ဆင်နွှဲခဲ့သည်။

စုပေါင်းစက်ဘီးစီးနင်းပွဲတွင် အားကစားနှင့် ကာယပညာသိပ္ပံ မန္တလေး ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က အချက်ပြသေနတ်ပစ်ဖောက်၍ တာလွှတ်ပေးလိုက်သည်နှင့်တစ်ပြိုင်နက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဆောင်သော စက်ဘီးအားကစား ဝါနာရှင် သက်ကြီး၊ သက်လတ်၊ လူငယ် ပြည်သူ ၄၀၀ ကျော်သည် စုရပ်နေရာမှ (၂၆) လမ်းအတိုင်း၊ လမ်း(၈၀)တစ်လျှောက်မှ (၁၂)လမ်းအတိုင်း၊ (၇၃)လမ်း မန်းတောင်ဂေါက်ကွင်းနှင့် တိုင်းရင်းဆေးတက္ကသိုလ်လမ်းမှ မန္တလေး တောင်ကိုပတ်၍ (၆၆)လမ်းမှ (၂၆) လမ်းအတိုင်း တာလွှတ်စုရပ်နေရာသို့ စုပေါင်းစက်ဘီးစီးနင်းပန်းဝင်ရောက်ရှိလာကြပြီး ကိုယ်လက်လှုပ်ရှားကြံ့ခိုင်မှုလေ့ကျင့်ခန်းများ ပြုလုပ်ကြသည်။ စက်ဘီးအားကစားဝါသနာရှင်ပြည်သူများအား စေတနာရှင်များက 100 Plus အားဖြည့်အချိုရည်ဘူးများ ပေးဝေခဲ့ကြသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ❂ မြန်မာ့ရိုးရာလက်ဝှေ့မှ

ဒိုင်ပွဲရပ်ဖြင့်အနိုင်ရခဲ့သည်။ ငြိမ်းချမ်း(ဖီးနစ်ကလပ်)နှင့် စိုးမိုးနိုင်(AMT)တို့ ပွဲစဉ် ပထမအချီမှာပင် စိုးမိုးနိုင်၏ဖြောင့်လက်သီးကြောင့် အနားတောင်းလိုက်ရသည့် ငြိမ်းချမ်းမှာ ဒုတိယအချီတွင် စိုးမိုးနိုင် ညာဘက်တံတောင်က ပြိုင်ဘက် ငြိမ်းချမ်းကိုလဲကျစေပြီး ဒိုင်ပွဲရပ်ဖြင့် အနိုင်ရခဲ့သည်။ နိုင်ဝင်းထွန်း (ရာမည အားမာန်)နှင့် လင်းယဉ်သွေး(စစ်ကိုင်း)တို့ ပွဲချီပြည့်ယှဉ်ပြိုင်ကြသော်လည်း အရှုံးအနိုင်မပေါ်ဘဲ ပူးတွဲသရေဖြစ်ခဲ့သည်။

ရွှေကျား(စစ်ကိုင်း)နှင့် ရွှေဝင်းမောင်(AMT)တို့ပွဲစဉ်တွင် တစ်ကြိမ် အနားတောင်းခဲ့ပြီး ရွှေဝင်းမောင် ဒုတိယအချီမှာပင် ရွှေကျားကိုအရှုံးပေးလိုက်ရသည်။ လေးချီပွဲစဉ်များဖြစ်သည့် ချစ်ဆူးငယ် (T&T)နှင့် မိုးလေး (ဗမာ့သွေး)၊ စိန်လုံးချော(ဗမာ့သွေး)နှင့် သွေးသစ်မောင် (အဖြူရောင်သွေးသစ်)တို့ တွဲဆိုင်းများမှာ ပွဲချီပြည့်ယှဉ်ပြိုင်ပြီး အရှုံးအနိုင်မပေါ်ဘဲ ပူးတွဲသရေဖြစ်ခဲ့သော်လည်း တက်လူငယ်များပီပီ ကြံ့ခိုင်မှုစွမ်းရည်နှင့် သက်လုံအားကောင်းစွာ မညှာစတမ်း ယှဉ်ထိုးသတ်သွားခဲ့သဖြင့် ပရိသတ်အကြိုက်ပွဲကောင်းများဖြစ်ခဲ့သည်။

လမ်းမယူ(ရာမညအားမာန်) နှင့် ဇမ္ဗူထွန်း (AMT)တို့တွဲဆိုင်း ပထမအချီမှာပင် လမ်းမယူ ဘယ်ညာလက်သီးတွဲလုံးများကြောင့် ဇမ္ဗူထွန်း အနားတောင်းလိုက်ရပြီး ဒုတိယအချီပြန်အတည်တွင် ပါဝါပြင်းသည့် လမ်းမယူ၏ ထောက်လက်သီးက ဇမ္ဗူထွန်းမေးရိုးထိပြီး ပြန်မထနိုင်တော့သဖြင့် လမ်းမယူ အလဲထိုးအနိုင်ရခဲ့သည်။

ယနေ့ကျင်းပသော လက်ဝှေ့ပြိုင်ပွဲများအနက် နောက်ဆုံးပွဲစဉ်ဖြစ်သည့် ငါးချီယှဉ်ပြိုင်ပွဲတွင် ထွန်းလင်းခန့်(စစ်ကိုင်း)နှင့် သန့်ဇင်ထွန်း (ကျားဘုရင်/သထုံ) တို့ပွဲစဉ်တွင် သန့်ဇင်ထွန်း၏ ပါဝါပြင်းသည့် ညာဖြောင့်လက်သီးများက ထွန်းလင်းခန့်မျက်နှာကို နှစ်ကြိမ်တိုင်ထိသဖြင့် အမှတ်စဉ်တစ်ကြိမ်ရေတွက်ခံရပြီး တစ်ကြိမ်အနားတောင်းခဲ့ရသည်။ ပြန်အတည်တွင် ကြံ့ခိုင်မှုစွမ်းရည်ကျနေသည့် ထွန်းလင်းခန့် ဆက်လက်ယှဉ်ပြိုင်ရန် ကြိုးစားသော်လည်း အချည်းနှီးဖြစ်ခဲ့ပြီး ပထမအချီ ၁ မိနစ် ၅၀ စက္ကန့်မှာပင် သန့်ဇင်ထွန်းက ဒိုင်ပွဲရပ်ဖြင့် အလဲထိုး အနိုင်ရခဲ့သည်။

**(အောင်ကျော်ဦး)**

## ❖ ကျောဖုံးမှ

ယင်းပွဲ ရှုံးနိမ့်ပြီးနောက်ပိုင်း ကမ္ဘာ့ချန်ပီယံလုပွဲ ပြန်လည်ထိုးသတ်ခွင့်ရရန် လေ့ကျင့်ပြင်ဆင်မှုများ ဆက်တိုက်ပြုလုပ်ခဲ့ပြီး ယခုတစ်ကျော့ပြန်လည် ယှဉ်ပြိုင်ခြင်းဖြစ်သည်။

MMA (ဘက်စုံကိုယ်ခံပညာသုံး) ပြိုင်ပွဲကို မြန်မာနိုင်ငံတွင်လေးကြိမ်မြောက်ကျင်းပခြင်းဖြစ်ပြီး ယခုနှစ်တွင်ကျင်းပမည့် ပြိုင်ပွဲနှစ်ကြိမ်အနက် ပထမအကြိမ်ကျင်းပမည့်ပြိုင်ပွဲလည်းဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အောင်လအန်ဆန်နှင့် ဗစ်တာလီဘစ်ဒက်ရှ်တို့၏ တွဲဆိုင်းအပြင် မြန်မာ ကစားသမားများ၏ တွဲဆိုင်းများလည်းပါဝင်မည်ဖြစ်သည်။

အောင်လအန်ဆန်နှင့်ထိုးသတ်မည့် လက်ရှိ ကမ္ဘာ့ချန်ပီယံ ဗစ်တာလီဘစ်ဒက်ရှ်သည် ကိုးပွဲစလုံးအနိုင်ရထားပြီး ဘယ်လက်သီး အားသန်သူ ဖြစ်သည်။

**သတင်း - ရှိုင်းထက်ဇော်**

**ဓာတ်ပုံ - ဖိုးသော်ဇင်**

## ❍ တန်ဖိုးသင့်မှ

အဆိုပါ Precast စနစ်ဖြင့် ဆောက်လုပ်မည့်တန်ဖိုးသင့် ပြည်သူ့အိမ်ရာစီမံကိန်းကို တိုင်းဒေသကြီးနှင့် မြို့နယ်အလိုက် တန်ဖိုးသင့်ပြည်သူ့အိမ်ရာစီမံကိန်းကို အမျိုးအစားသုံးမျိုးဖြင့် ဆောက်လုပ်သွားမည်ဖြစ်ရာ ပထမအမျိုးအစားမှာ ဝရန်တာအပါအဝင် မျက်နှာပွင့် ၁၂ ပေ၊ အနောက် ပေ ၂၀ ရှိ ဓာတ်လှေကားပါဝင်သော ဟိုတယ် Room Type ပုံစံအိမ်ခန်းများပါဝင်သည့် တန်ဖိုးသင့်ပြည်သူ့အိမ်ရာစီမံကိန်းကို မြို့လယ်ကောင်၌ အကောင်အထည်ဖော်မည်ဖြစ်ပြီး ၁၅ နှစ်အရစ်ကျဝယ်ယူနိုင်အောင် စီစဉ်ပေးမည်ဖြစ်သည်။ ဒုတိယအမျိုးအစားမှာ သီလဝါစက်မှုဇုန်၊ ဒလ၊ မှော်ဘီနှင့် ထောက်ကြံ့မြို့နယ်အပါအဝင် ကြည့်မြင်တိုင်တစ်ဖက်ကမ်းနှင့် အမြန်လမ်းနေရာများ၌ မြေနေရာပါဝင်သည့် နှစ်ထပ်တိုက် တန်ဖိုးသင့်ပြည်သူ့အိမ်ရာစီမံကိန်းကို အကောင်အထည်ဖော်မည်ဖြစ်ပြီး နှစ်စဉ် တစ်လလျှင် ငွေကျပ် ၇၀၀၀၀ (သို့) ၈၀၀၀၀ ပေးသွင်းနိုင်ရန် စီစဉ်ပေးမည်ဖြစ်သည်။ တတိယအမျိုးအစားမှာ အကျယ် စတုရန်းပေ ၆၀၀ ရှိ ငါးထပ်ဆောက်လုပ်မည့် အိပ်ခန်း နှစ်ခန်း၊ ဧည့်ခန်းနှင့် မီးဖိုချောင်ပါသော မိသားစုနေထိုင်နိုင်မည့် တန်ဖိုးသင့်ပြည်သူ့အိမ်ရာစီမံကိန်းကို အကောင်အထည်ဖော်မည်ဖြစ်သည်။ အမျိုးအစား သုံးမျိုးစလုံးကို ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်နှင့်ချိတ်ဆက်၍ အရစ်ကျရောင်းချပေးမည်ဖြစ်ကာ အနာဂတ်တွင် ပုဂ္ဂလိကဘဏ်များနှင့်ချိတ်ဆက်ပြီး အရစ်ကျရောင်းချပေးမည်ဖြစ်သည်။

လက်ရှိအနေအထားအရ ပုဂ္ဂလိကပိုင်မြေဖြစ်သည့် ဝေဇယန္တာလမ်းနှင့် နီးသော တောင်ဥက္ကလာပမြို့နယ်မှ အမှတ်(၈)၊ (၉)၊ (၁၀)ရပ်ကွက်တို့တွင် Precast စနစ်ဖြင့်ဆောက်လုပ်မည့် တန်ဖိုးသင့်ပြည်သူ့အိမ်ရာစီမံကိန်းကို ကနဦးအကောင်အထည်ဖော်မည်ဖြစ်ပြီး ရွှေပြည်သာ၊ တောင်ဒဂုံ၊ မြောက်ဒဂုံနှင့် အရှေ့ဒဂုံမြို့နယ်များ၌ အိပ်ခန်း နှစ်ခန်း၊ ဧည့်ခန်း တစ်ခန်း ပါဝင်သည့် စတုရန်းပေ ၆၀၀ အကျယ်ရှိ မိသားစုပြည်သူ့အိမ်ရာစီမံကိန်းကို အကောင်အထည်ဖော်ရန်စီစဉ်ထားကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၊ ပုံမှန်ဝင်ငွေရှိသည့် နိုင်ငံ့ဝန်ထမ်းများနှင့် ကိုယ်ပိုင်အလုပ်အကိုင်ပြသနိုင်သည့် ပြည်သူများကို ဦးစားပေးရောင်းချပေးသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း(MCEA) မှ အဖွဲ့ဝင် Myanmar CollWall Precast ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ကျော်ဆန်းက "ပုဂ္ဂလိကပိုင်မြေပေါ်မှာ ဆောက်လုပ်မယ်ဆိုရင်တော့ မြေနေရာက တိုက်ခန်းအတွက် ငွေကျပ်သိန်း ၃၀ လောက် အနည်းဆုံး တက်ပါလိမ့်မယ်။ အဓိကတော့ နိုင်ငံတော်ကနေ မြေနေရာချထားပေးမယ်ဆိုရင် မြန်ဆန်စွာအကောင်အထည်ဖော်နိုင်ပါလိမ့်မယ်။ နိုင်ငံတော်က ပံ့ပိုးပေးမယ်ဆိုရင်ပိုအဆင်ပြေမှာပါ။ ဒါမှမဟုတ်ရင် ကျွန်တော်တို့အနေနဲ့ ပုဂ္ဂလိကပိုင်မြေပေါ်မှာ တန်ဖိုးသင့်ပြည်သူ့အိမ်ရာစီမံကိန်းကို အကောင်အထည်ဖော်မှာဖြစ်ပါတယ်။ ဒီ Precast စနစ်နဲ့ ဆောက်လုပ်တာကလည်း ဆောက်လုပ်ကုန်ကျစရိတ်ကို အနည်းဆုံး ၃၀ ရာခိုင်နှုန်းသက်သာစေတာဖြစ်ပြီး အဆောက်အအုံကြံ့ခိုင်မှုကလည်း ပိုမိုကောင်းမွန်စေမှာဖြစ်ပါတယ်။ လက်ရှိ နိုင်ငံတော်ကနေ ပြည်သူအတွက် ပြည်သူ့အိမ်ရာစီမံကိန်းများ ပေါ်ထွက်လာအောင် စီစဉ်နေတာတွေ့ရပါတယ်။ မကြာမီမှာ အကောင်အထည်ပေါ်လာမယ်လို့ မျှော်လင့်ရပါတယ်။ အဓိကတော့ အားလုံးပူးပေါင်းဆောင်ရွက်မယ်ဆိုရင် အဆင်ပြေမှာပါ။ ဒါပေမဲ့ လက်ရှိ ကျွန်တော်တို့အနေနဲ့ကတော့ ပုဂ္ဂလိကမြေပိုင်ရှင်တွေနဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်သွားဖို့စီစဉ်နေပါပြီ"ဟု ဆိုသည်။

နိုင်ငံတော်အစိုးရ၏မြေနေရာပေးသည့်အပေါ် မူတည်ပြီး တန်ဖိုးသင့်ပြည်သူ့အိမ်ရာအိမ်ခန်းအား ငွေကျပ်သိန်း ၁၀၀ အောက်နှင့် ငွေကျပ်သိန်း ၁၂၀ ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း၊ တည်ဆောက်ရေးစနစ်ပြောင်းလဲသကဲ့သို့ ဘဏ်စနစ်များလည်းပြောင်းလဲသင့်ကြောင်း၊ ရန်ကုန်မြို့၏ လိုအပ်ချက်အနေအထားအရ တစ်နှစ်လျှင် အိမ်ခန်းအရေအတွက် ၇၀၀၀၀ ကျော် အကောင်အထည်ဖော်ရန် လိုအပ်နေသည်ကိုတွေ့ရှိရကြောင်း၊ လက်ရှိအိမ်ခန်း အရေအတွက် လိုအပ်ချက်အရဝယ်၊ ရောင်း၊ ငှားလိုအားများမှာ မမျှတတော့ကြောင်း မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းမှ ဝါရင့်အဖွဲ့ဝင်တစ်ဦးက ပြောသည်။

"မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းက ဝိုင်းပြီး အင်အားဖြည့်တဲ့အနေနဲ့ တန်ဖိုးသင့်ပြည်သူ့အိမ်ရာစီမံကိန်းတွေကို နိုင်ငံတစ်ခွင်မှာ ဖော်ဆောင်ဖို့စီစဉ်နေပါတယ်။ နိုင်ငံတော်ဗဟိုဘဏ်ကလည်း ကျွန်တော်တို့ ဆောက်လုပ်ရေးအဖွဲ့တွေကိုချေးငွေပေးနိုင်ဖို့အတွက် ကျွန်တော်တို့အနေနဲ့ ညှိနှိုင်းနေပါတယ်။ အဓိကတော့ ပြည်သူတွေရဲ့ လိုလားချက်က အိမ်ခန်းနေရာရယ် နှစ်ရှည်အရစ်ကျ ရောင်းချပေးနိုင်ခွင့်ပါ။ ခုဆိုရင် ၃၀ ရာခိုင်နှုန်း ကနဦးငွေပေးသွင်းပြီး ရှစ်နှစ်ကနေ ၁၅ နှစ်ထိ long term loan နှစ်ရှည်ချေးငွေရရှိတာနဲ့ တစ်လကို ငွေကျပ် ၇၀၀၀၀ (သို့) ၈၀၀၀၀ ပဲ ပေးသွင်းရတော့မှာပါ။ ပြည်သူတွေကတော့ လစဉ်ပုံမှန် ငွေပေးသွင်းရတာကို နည်းတာပဲလိုချင်ကြပါတယ်။ ဒါကိုကျွန်တော်တို့က ဦးစားပေးလုပ်ဆောင်သွားမှာပါ"ဟု ထပ်မံပြောကြားသည်။

မြန်မာနိုင်ငံအတွင်း နေထိုင်ကြသောပြည်သူများ နိုင်ငံတကာအဆင့်မီ နေထိုင်နိုင်ရန်အတွက် တန်ဖိုးသင့်ပြည်သူ့အိမ်ရာစီမံကိန်းများကို အကောင်အထည်ဖော်ရန် နိုင်ငံတော်မှ မြေနေရာချထားပေးမည်ဆိုပါက ဆောက်လုပ်ရေးလုပ်ငန်းရှင်များအနေဖြင့် လိုက်လိုက်လှဲလှဲ ပူးပေါင်းပါဝင်ကြရန် စီစဉ်ထားကြောင်း မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းမှ သိရသည်။

**(စိုးဝင်း-MLA)**

■

# ကြီးမြတ်သောနှလုံးသား

## မောင်ရင့်မာ(ကျောင်းကုန်း)

'ဩော်-ဘရူးတပ်စ်၊ မင်းလည်းပါသကိုး"

ကမ္ဘာလောကသည် ဆန်ပေးတိုင်း ဆေးရတတ်သည်မဟုတ်ပါချေ။ လူတစ်ယောက်၏ဘဝတွင် ဘရူးတပ်(စ်)ကဲ့သို့သော နောက်ကျောကို ဓားနှင့်ထိုးသူ၊ ခရစ်တော်ကို သူသတ်တို့လက်သို့ထိုးအပ်ခဲ့သည့် ခရစ်တော်၏ လူယုံယုဒကဲ့သို့သော သစ္စာမဲ့သူ၊ ထိုသို့သော မိတ်ဆွေမျိုးနဲ့ ကြုံကောင်းကြုံရနိုင်ပါသည်။ "မိတ်ဆွေ" ဆိုပေမည့် "မြွေဆိပ်လို မိတ်ဆွေ" ဖြစ်ပါသည်။

"မြွေဆိပ်လိုမိတ်ဆွေ"ရှိသည်ဆိုလျှင် "ရိုးသားတဲ့ရန်သူ"ဆိုသည်လည်း ရှိရပေလိမ့်မည်။

"ရန်သူနှင့်အတူ အိပ်စက်ခြင်း" ဟူသော အက်ဆေးတစ်ပုဒ်ကိုဖတ်မိခဲ့စဉ်က ကျွန်တော့်ရင်ထဲသို့ တွန်းတွန်းထိုးထိုး ဝင်ရောက်လာသောစကားလုံးတစ်ခုရှိသည်။ ရိုးသားတဲ့ရန်သူ။

ရိုးသားသော ရန်သူ ရှိသလော။ ချစ်စရာကောင်းသည့် ရန်သူရှိသလော။ ရန်သူကို ချစ်၍ရနိုင်သလော။ ရန်သူနှင့် အတူပေါင်းဖွဲ့၍ အိပ်စက်ပျော်နိုင်ပါသလော။

ဘဝခရီးတစ်လျှောက်တွင် ကျွန်တော်တို့သည် မလွဲမသွေ ကြုံဆုံရမည့် လူနှစ်စားရှိသည်။

ချစ်သူစစ်စစ်နဲ့ ရန်သူစစ်စစ်။ ကွယ်လွန်သူ ကဗျာဆရာမောင်ချောနွယ်ကတော့ အဲသလိုဆိုခဲ့ဖူးသည်။ ရန်သူနှင့် မိတ်ဆွေ၊ အဲသည်နှစ်ခု။ မိတ်ဆွေဆိုသည်မှာ တစ်ဦးတစ်ယောက်၏ ဘဝခရီးအတွက် လိုအပ်ချက်တစ်ခုဖြစ်သည်ဆိုခြင်းကို အငြင်းမပွားတန်ရာသော်လည်း ရန်သူသည် ဘဝအတွက် လိုအပ်ချက်တစ်ခုဖြစ်၊ မဖြစ် အငြင်းပွားဖွယ် ရှိမည်ထင်သည်။ အငြင်းပွားဖွယ်ရာရှိနိုင်သည်။

Inna Cummin ပြောဖူးသောစကားကို ကျွန်တော်သဘောကျသည်။

"ကျွန်မမှာ မိတ်ဆွေသုံးဦးရှိတယ်။ ချစ်သူ၊ မုန်းသူ၊ အလေးဂရုမထားသူတို့ပဲဖြစ်ပါတယ်။ ကျွန်မကို ချစ်သူတွေက ယဉ်ကျေးသိမ်မွေ့အောင်သင်ပေးတယ်။ မုန်းသူတွေက သတိထားတတ်အောင်သင်ပေးတယ်။ ကျွန်မကို အလေးမထားသူတွေကတော့ ကိုယ့်ကိုယ်ကိုယ်တန်ဖိုးထားတတ်အောင်

စွာ ကျဆုံးကျေပြုန်းခဲ့သည်။ အင်းဝသည် ဟံသာဝတီကို မသိမ်းပိုက်နိုင်သကဲ့သို့ ဟံသာဝတီကလည်း အင်းဝကို မသိမ်းပိုက်နိုင်ခဲ့။ အရှုံးအနိုင်လည်း မပေါ်ခဲ့ချေ။ ထို့နောက် အင်းဝဘုရင်မင်းခေါင် နတ်ရွာစံသည်။ ထိုသတင်းသည် မင်းခေါင်၏ရန်သူ ဟံသာဝတီဘုရင်အတွက် ဝမ်းမြောက်ဖွယ်ဟူ၍ ယိုးမှားစရာရှိသည်။ သို့သော် သူ့ရှင်ရာဇာဓိရာဇ်အဖို့ရာ ဘုရင်မင်းခေါင်နတ်ရွာလားသည့်သတင်းသည် ကြေကွဲဖွယ်ရာသတင်းတစ်ပုဒ်ပဲဖြစ်နေသည်။ ရန်သူဘုရင်၏ နာရေးကို ကြားသိရသောအခါ ဟံသာဝတီဘုရင် သူ့ရှင်ရာဇာဓိရာဇ်သည် ဝမ်းနည်း ယူကျုံးမရဖြစ်ခဲ့သည်။ ရှိုက်ကြီးတငင်ငိုကြွေးခဲ့လေသည်။

ယောကျ်ားကောင်းတို့သည်သာ ရန်သူ၏ ကျဆုံးမှုကို ဝမ်းနည်းစရာ၊ နှမြောတသကြေကွဲစရာအဖြစ် ခံစားနိုင်သည့် ကြီးမြတ်သော နှလုံးသားရှိကြသည်။

ရန်သူကို မိတ်ဆွေဖြစ်အောင် အောင်အောင်မြင်မြင်လုပ်ပြသွားနိုင်ခဲ့သူတစ်ဦးရှိသည်။ မဝေးကွာလှသေးသော လတ်လတ်ဆတ်ဆတ်သမိုင်း၌ အသေအချာရှိခဲ့ဖူးပါသည်။

တစ်ချိန်သောအခါက မြစ်ဝကျွန်းပေါ်ဒေသတွင် တစ်မြေတည်းနေတစ်ရေတည်းသောက်တို့သည် ရန်သူကြီးများသဖွယ် စစ်ခင်းခဲ့ကြသည်။ မုန်းတီးစရာအကြောင်း လုံလောက်စွာမရှိပါဘဲလျက် အချင်းချင်း သတ်ဖြတ်ခဲ့၊ ရွာတွေ မီးရှို့ခဲ့ကြသည်။ ကျွန်တော်တို့၏ အမိအဖတွေ တစ်ရွာပြီး တစ်ရွာစစ်ရှောင်ပြေးခဲ့ကြသည်။ အသက်ကို ဖက်နှင့် ထုပ်ခဲ့ကြရသည်။

ကရင်ခေါင်းဆောင် ဗိုလ်စောစံဖိုးသင်က "စောစံဖိုးသင်ပြောသောပုံပြင်" တွင် ဤသို့ပြန်ပြောပြဖူးသည်။

"ဘီအိုင်အေခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းဟာ ကျွန်တော့်ရန်သူပါ။ ကျွန်တော် အခုပြောချင်တာက ဗိုလ်ချုပ်ဟာ ရန်သူကို မိတ်ဆွေဖြစ်အောင် ဘယ်လိုလုပ်တတ်သလဲဆိုတာ အင်မတန် ထူးကဲတဲ့ အချက်ပဲဖြစ်ပါတယ်"။

၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက် မြန်မာပြည်လွတ်လပ်ရေးကြေညာသောအခါ ဗိုလ်စောစံဖိုးသင်က ရန်ကုန်သို့ ဆင်းလာခဲ့သည်။ သူ့မိတ်ဆွေအချို့က မသွားနဲ့ဟု တားသည်။ သခင်တွေက ခင်ဗျားကို သတ်လိမ့်မယ်ဟု ပြောသည်။ သို့သော် သူသွားခဲ့သည်။ သခင်ဗိုလ်၊ သခင်မောင်ကြီးတို့နှင့်တွေ့သည်။ ထို့နောက် သခင်သန်းထွန်း၊ နောက်ဆုံး ဗိုလ်ချုပ်နှင့်တွေ့သည်။

"ခင်ဗျား ဘယ်သူလဲ" ဗိုလ်ချုပ်က မေးသည်။

**ကျွန်တော်တို့သည် တစ်ဦးတစ်ယောက်၏ မိတ်ဆွေဖြစ်နိုင်သကဲ့သို့ တစ်ချိန်တည်းတွင် တစ်ဦးတစ်ယောက်၏ ရန်သူလည်း ဖြစ်နေနိုင်ပါသည်။ မိတ်ဆွေများ ရန်သူဖြစ်နိုင်သကဲ့သို့ ရန်သူများလည်း မိတ်ဆွေဖြစ်နိုင်သည်ကို အငြင်းမပွားတန်ရာပါ။ ရန်သူများကို လေးစားအသိအမှတ်ပြုတတ်ခြင်းမရှိဘဲနှင့် ကျွန်တော်တို့သည် ငြိမ်းချမ်းရေးအကြောင်းကို ပြောခွင့်မရှိဟု ထင်သည်။ ငြိမ်းချမ်းရေးမဆိုထားနှင့်. . .**

သင်ပေးတယ်"တဲ့။

"နိုင်ငံရေးဆိုတာ ရန်သူကို မိတ်ဆွေဖြစ်အောင်လုပ်တာ"ဟူ၍ ဆရာဒဂုန်တာရာမကွယ်လွန်မီ တဖွဖွပြောခဲ့သည်။ ထိုအချက်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုမရှိခဲ့သော်လည်း "မုန်းသူမရှိချစ်သူသာရှိ"ဟု ဆိုခဲ့ခြင်းနှင့်စပ်လျဉ်း၍မူ အငြင်းပွားသူများရှိခဲ့သည်။ ငြင်းခုံ၊ ဝေဖန်၊ စောဒကတက်သံများ ညံညံကျယ်ခဲ့သည်။ ဆရာ၏အဘိဓမ္မာကို ကျားကုတ်ကျားခဲခုခံသူများလည်း ရှိသည်။

"ချစ်သူကို မုန်းသူဖြစ်အောင်" လုပ်တတ်သော သူမျိုးလည်းရှိပေလိမ့်မည်။

ကျွန်တော်သည် ရန်သူနှင့် မိတ်ဆွေတို့၏ ခြားနားသောသဘောကို တွေးတောဆင်ခြင်ကြည့်မိပါသည်။

ချစ်သောသူများပင်ဖြစ်စေကာမူ တစ်ယောက်ကိုတစ်ယောက် အကျိုးမလိုလားတော့ဘူးဆိုလျှင်၊ တစ်ဦး၏ ပျက်စီးရာပျက်စီးကြောင်းကို တစ်ဦးက ပြုလုပ်နေမည်ဆိုလျှင်၊ ပျက်စီးစေလို၊ ဆုံးရှုံးစေလို၊ ထိခိုက်နစ်နာစေလိုသော သဘောဆန္ဒရှိမည်ဆိုလျှင် ထိုသူသည် ရန်သူပဲဖြစ်ပါသည်။

မုန်းသောသူများပင်ဖြစ်စေကာမူ တစ်ယောက်ကို တစ်ယောက်အကျိုးလိုလားမှုရှိမည်ဆိုလျှင်၊ တစ်ဦး၏ အကျိုးရှိရာရှိကြောင်းကို တစ်ဦးက ပြုလုပ်မည်ဆိုလျှင်၊ ပွားစည်းစေလိုအောင်မြင်စေလိုခိုင်မြဲစေလိုမထိခိုက် မနစ်နာစေလိုသော သဘောဆန္ဒရှိမည်ဆိုလျှင် ထိုသူသည် မိတ်ဆွေပဲ ဖြစ်ပါသည်။

အင်းဝနှင့် ဟံသာဝတီတို့ အကြိမ်ကြိမ်ဆင်နွှဲခဲ့သော စစ်ပွဲများအတွင်း လူယောကျ်ား၊ မိန်းမ၊ ကလေး၊ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ စစ်သည် သူရဲကောင်းများ

"ကျုပ်- ခင်ဗျားရဲ့ ရန်သူပဲ၊ စောစံဖိုးသင်ဆိုတာကျွန်တော်ပဲ၊" ဗိုလ်ချုပ်က ရုတ်တရက်အံ့ဩသွားသည်။ ထို့နောက် စောစံဖိုးသင်ကြီး အကြီးအကျယ်အံ့ဩတုန်လှုပ်သွားအောင် တုံ့ပြန်လိုက်သည်။

"A brave enemy is a good friend"

"သတ္တိရှိတဲ့ ရန်သူဟာ အကောင်းဆုံးမိတ်ဆွေပဲ" စကားတစ်ခွန်းဖြင့် စောစံဖိုးသင်သည် ဗိုလ်ချုပ်နှင့် ဆွေးနွေးသွားခဲ့သည်။ မိတ်ဆွေရင်းချာဖြစ်သွားခဲ့သည်။ ယုံကြည်မှုတည်ဆောက်နိုင်ခဲ့သည်။ သံလိုက်လို ဆွဲဆောင်သော ညို့ဓာတ်ရှိသူဟု သူက ပြောပါသည်။ သူသည် နောင်အခါ ဗိုလ်ချုပ်၏ အစိုးရအဖွဲ့တွင် ဝန်ကြီးပင်ဖြစ်ခဲ့လေသေးရာ ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက် ခေါင်းဆောင်ကြီးများ လုပ်ကြံခံခဲ့ရစဉ်က ဝန်ကြီးဦးစောစံဖိုးသင်သည် မအူပင်တွင် သဘော်ပျက်နေခဲ့သောကြောင့် အာဇာနည်ဖြစ်ခွင့်မရခဲ့"ဟူ၍ ပြန်ပြောပြခဲ့သည်။

ရန်သူကို မိတ်ဆွေဖြစ်အောင်လုပ်နည်းကို ဗိုလ်ချုပ်က စံနမူနာပြသွားခဲ့သည်။

တစ်နည်းအားဖြင့် ငြိမ်းချမ်းရေးချိုငှက်ကို အနုပညာမြောက်ထုဆစ်လို့ရနိုင်သည်ဟု ပြောပြသွားခဲ့ခြင်းပဲ ဖြစ်ပါသည်။

ကျွန်တော်တို့သည် တစ်ဦးတစ်ယောက်၏ မိတ်ဆွေဖြစ်နိုင်သကဲ့သို့ တစ်ချိန်တည်းတွင် တစ်ဦးတစ်ယောက်၏ ရန်သူလည်း ဖြစ်နေနိုင်ပါသည်။ မိတ်ဆွေများ ရန်သူဖြစ်နိုင်သကဲ့သို့ ရန်သူများလည်း မိတ်ဆွေဖြစ်နိုင်သည်ကို အငြင်းမပွားတန်ရာပါ။

## အေးအတူ ပူအမျှ

- ဒီမြေမှာ မွေးပြီး
  ဒီရေကို သောက်ကြတယ်။
- ဒီမြေကို တို့ချစ်တယ်
  ဒီပြည်ကို တို့ချစ်တယ်။
- တစ်ရာသုံးဆယ့်ငါးမျိုးသော
  တိုင်းရင်းသားတွေဟာ
  တို့ရဲ့ ညီအစ်ကိုတွေ
  ဘယ်လို အကြောင်းရှိရှိ
  နွားမကွဲစေရဘူး
  ကျားမဆွဲစေရဘူး။
- ၁၉၄၇ ဖေဖော်ဝါရီ ၁၂
  ပင်လုံက အစပြုခဲ့တဲ့
  သွေးစည်းခြင်းက
  ပြည်ထောင်စုစိတ်ဓာတ်ကို
  တဖွားဖွားပေါ်စေတဲ့
  နေ့ထူးနေ့မြတ်ဖြစ်ခဲ့ရဲ့။
- အခု
  ၂၁ ရာစု ပင်လုံညီလာခံကြီး
  ဝုံချီးကျင်းပနေတယ်။
- ပင်လုံစိတ်ဓာတ်ဆိုတာ
  မိသားစုစိတ်ဓာတ်
  ဝမ်းသာစရာရှိ တူတူဝမ်းသာ
  ဝမ်းနည်းစရာရှိ တူတူဝမ်းနည်း
  သာတယ် နာတယ်ဆိုတာမရှိ
  ကြည်နူးဖွယ်အတိ။ ။

**မှူးညာဏ်**

(ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံ ဒုတိယအစည်းအဝေးသို့ ဂုဏ်ပြုကဗျာ)

ရန်သူပင် ဖြစ်လင့်ကစား ရိုးသားဖြောင့်မှန်ပါက လေးစားဖွယ်ဖြစ်သည်။ ယောကျ်ားကောင်းတို့သည် ရိုးသား၍ ရဲရင့်သော ရန်သူကို လေးစားအသိအမှတ်ပြုနိုင်သည်အထိ စိတ်နှလုံးကြီးမြတ်မှုရှိပြီး ကြီးမြတ်သည့် စိတ်နှလုံးရှိသူများသာ ရန်သူကို လေးစားအသိအမှတ်ပြုနိုင်ကြသည်။

ရန်သူများကို လေးစားအသိအမှတ်ပြုတတ်ခြင်းမရှိဘဲနှင့် ကျွန်တော်တို့သည် ငြိမ်းချမ်းရေးအကြောင်းကို ပြောခွင့်မရှိဟု ထင်သည်။ ငြိမ်းချမ်းရေးမဆိုထားနှင့် တစ်ဦးတစ်ယောက်နှင့် လက်ဆွဲနှုတ်ဆက်ဖို့ပင် မဖြစ်နိုင်ဟု ကျွန်တော်ထင်ပါသည်။ ။

# ပန်းပွင့်ချိန်အတွေးများ

**ခင်မောင်ဌေး(ပညာရေး)**

မေလလယ်မှစ၍ မြန်မာနိုင်ငံအတွင်း မုတ်သုံမိုးစ၍ ဝင်လေသည်။ မုတ်သုံမိုးကြောင့် ပြင်းထန်လှသည့် နွေနေ၏ အပူရှိန်မှ လျော့ကျသင့်သလောက် လျော့ကျခဲ့၏။ မကြာမီကာလအတွင်း နိုင်ငံတစ်ဝန်းရှိအခြေခံပညာကျောင်းများလည်း စတင်ဖွင့်လှစ်တော့မည်ဖြစ်၏။ ပန်းကလေးများလည်း ပွင့်လန်းဝေဆာလာတော့မည် ဖြစ်သည်။

**အပြင်အဆင်မလွန်စေချင်**

ကျောင်းများစတင်ဖွင့်လှစ်တော့မည်ဖြစ်၍ မိဘများ လှုပ်လှုပ်ရှားရှားဖြစ်လာသည်ကို တွေ့ရ၏။ အထူးသဖြင့် ကျောင်းဝတ်စုံ၊ ကျောင်းသုံးဖတ်စာအုပ် အပါအဝင် လိုအပ်သောပစ္စည်းပစ္စယများဝယ်ယူမှုများပြားလာသည်ကိုတွေ့ရ၏။ ဤနေရာတွင် ပြောလိုသည်မှာ အခမဲ့ပညာရေးစနစ်အရ အခြေခံပညာကျောင်းသားများအတွက် ကျောင်းဝတ်စုံ၊ ကျောင်းသုံးဖတ်စာအုပ်များ အခမဲ့ပေးမည်ဖြစ်၏။ သို့ဖြစ်၍ အလွန်အကျွံမဝယ်မိဖို့ လိုပါသည်။ မလိုအပ်ဘဲ အပိုများစွာဝယ်ယူထားလိုမှုကြောင့် ဝယ်လိုအားများမှုအပေါ် ကုန်ဈေးနှုန်းမြင့်တက်မှုကို ဖြစ်စေနိုင်ပါသည်။

**နိုင်ငံတော်မှကျခံ**

ယခုပညာသင်နှစ် KG နှင့် မူလတန်းဆင့်အတန်းများအတွက် ကျောင်းဝတ်စုံ ငါးသန်းကျော် အခမဲ့ဖြန့်ဝေမည်ဖြစ်သည်။ ယင်းသို့ ဖြန့်ဝေရာတွင် အရွယ်အစားများအဖြစ် M,L,XL တို့ဖြစ်ကာ KGအတွက် အစုံ ၁၃၅၂၈၈၀၊ ပထမတန်းအတွက် ၁၁၅၁၇၄၉ စုံ၊ ဒုတိယတန်းအတွက် အစုံ ၁၀၇၈၈၅၀၊ တတိယတန်းအတွက် ၁၀၄၇၃၇ စုံ၊ စတုတ္ထတန်းအတွက် ၉၆၉၁၂၆ စုံ စုစုပေါင်း ၅၅၉၉၉၈ စုံကို နိုင်ငံတော်ကကျခံ၍ ဖြန့်ဝေပေးမည်ဖြစ်သည်။ ယင်းဝတ်စုံတစ်စုံမှာ အင်္ကျီနှင့် ဘောင်းဘီရှည်ဖြစ်၍ တစ်စုံလျှင် ၁၃၉၃ ကျပ်ကျသင့်ကြောင်း သိရသည်။

ထို့ပြင် ယခုနှစ်တွင် ကျောင်း၌ကောက်ခံသည့် ငွေကြေးများအားလုံး ကောက်ခံခွင့်မရှိသည့်အပြင် ပထမတန်းအတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်ပေါင်း ၅၆၇၈၄၇ ဒါဇင်၊ ဒုတိယတန်းအတွက် ၅၃၁၃၉၈ ဒါဇင်၊ တတိယတန်းအတွက် ၅၁၅၆၆၁ ဒါဇင်၊ စတုတ္ထတန်းအတွက် ၄၇၆၅၃၅ ဒါဇင် အခမဲ့ဖြန့်ဝေမည် ဖြစ်သည်။ ဆက်လက်၍ ပဉ္စမတန်းအတွက် ၈၉၀၆၀၇ စုံ၊ ဆဋ္ဌမတန်းအတွက် ၈၀၅၅၈၅ စုံ၊ သတ္တမတန်းအတွက် ၇၆၁၄၂၇ စုံ၊ အဋ္ဌမတန်းအတွက် ၆၈၂၅၀၈ စုံ၊ နဝမတန်းအတွက် ၆၀၅၄၅ စုံနှင့် ဒသမတန်းအတွက် ၄၈၁၉၅၈ စုံတို့ကို အခမဲ့ဖြန့်ဝေမည်ဖြစ်ကြောင်း သိရသည်။

**မိဘများသို့ မေတ္တာရပ်ခံ**

မကြာသေးမီကပင် ပညာရေးဝန်ကြီးဌာနမှ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် မိဘများသို့ မေတ္တာရပ်ခံချက် ထွက်ပေါ်လာသည်။ ကျောင်းသားမိဘအားလုံး သိရှိလိုက်နာဆောင်ရွက်ဖို့ လိုနေပါသည်။ အဓိကအချက်များအဖြစ် မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံခြင်း၊ ကျောင်းဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်တတ်စေရန် မိမိတို့၏ သားသမီးများအား တိုက်တွန်းအားပေးရေးနှင့် အထူးသဖြင့် ဆရာ ဆရာမများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ရန်ဖြစ်သည်။

ပညာရေးအရာထမ်း၊ အမှုထမ်းများသို့ အခြေခံကျောင်းများတွင် တာဝန်ယူထားရသည့် ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများအနေဖြင့် ကျောင်းအပ်လက်ခံစဉ် မည်သည့် အခကြေးငွေကောက်ခံခြင်းမှမရှိရန် မိဘဆရာပူးပေါင်းဆောင်ရွက်ရန်၊ ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အကျင့်စာရိတ္တကောင်းမွန်ရေး၊ သင်ယူတတ်မြောက်မှု အရည်အသွေးကောင်းမွန်ရေး၊ ကျောင်းထွက်သူမရှိရေးနှင့် ကျောင်းနေမြဲရေးတွင် မိဘများနှင့် ပူးပေါင်းဆောင်ရွက်ရန်စသည့် အချက်များ ထုတ်ပြန်ထားပြီးဖြစ်၏။

**KG+1**

၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် KG သင်ရိုးသစ်ကို စတင်ခဲ့ပြီး ဖြစ်၏။ ယခုပညာသင်နှစ်တွင် KG+1 ခေါ် ပထမတန်းသင်ရိုးသစ် ဖြစ်သည်။ ယင်းသို့သင်ရိုးသစ်ဖြင့် သင်ကြားနိုင်ရန်အတွက် နွေရာသီကပင် ဆရာ ဆရာမများမှာ သင်တန်းအသီးသီးတက်ရောက်ခဲ့ကြပြီးဖြစ်၏။ သို့ဖြစ်၍ ယခုနှစ်အခြေခံပညာကျောင်းများဖွင့်သည်နှင့် KG+1 သင်ရိုးစတင်တော့မည်ဖြစ်၏။ ထို့ပြင် ယခုပညာသင်နှစ်မှစ၍ ပထမတန်းမှ နဝမတန်းအထိ အတန်းတင်စာမေးပွဲရလဒ်တစ်ခုတည်းဖြင့် အောင်၊ ရှုံးသတ်မှတ်တော့မည်မဟုတ်။ ကျောင်းသား ကျောင်းသူများ၏ တစ်နှစ်တာဖွံ့ဖြိုးရေးလုပ်ငန်းများကို မှတ်တမ်းတင်ကာ ယင်းရမှတ်များဖြင့် အတန်းတင်မည့်စနစ်သို့ အတန်းကူးပြောင်းနိုင်ရန် စီစဉ်နေပြီဖြစ်၏။

**ကျူရှင်ထားဖို့ဆိုရင်**

မိဘများသည် ပြောင်းလဲလာသည့် ခေတ်စနစ်ကို လိုက်လျောညီထွေ ပြောင်းလဲတတ်ရန် လိုပါသည်။ မူလတန်းအရွယ်ကလေးငယ်များ စတင်ကျောင်းနေချိန်သည် ကျောင်းကိုခင်တွယ်ရန်၊ ကျောင်းနေပျော်ရန် အရေးအကြီးဆုံးဖြစ်ပါသည်။ သို့ဖြစ်၍ ကျောင်းရောက်စကလေးငယ်များအား သီချင်းဆိုခြင်း၊ ကခုန်ပြေးလွှားခြင်း ကလေးများ၏ ဝါသနာပါရာ ဖွံ့ဖြိုးရေးလုပ်ငန်းများဖြင့်သာ အချိန်ကုန်ဆုံးစေသင့်ပါသည်။ မိဘများအနေဖြင့် KG တန်း၊ ပထမတန်းမှစ၍ ကြိုတင်ကာကျူရှင်သင်ကြားနေခြင်းသည် သင်ရိုးသစ်ကူးပြောင်းသင်ကြားနေခြင်း၏ ရည်မှန်းချက်များကို ဖျက်ဆီးရာရောက်သကဲ့သို့ စာကျက်ခြင်း အလေ့အထဟောင်းများကြောင့် ကျောင်းနှင့် ကျောင်းစာအပေါ် ကြောက်ရွံ့သွားကာ ပညာရေး အဟောသိကံဖြစ်မှု သက်ရောက်သွားနိုင်ပါသည်။

သို့ဖြစ်၍ မိဘများအနေဖြင့် သင်ရိုးသစ်သင်ကြားနည်းအရ သင်ကြားမှုကို နားလည်ပေးရမည်ဖြစ်သည်။ အမှတ်ကောင်းကောင်းရရေး၊ A ခန်း၊ B ခန်းရရှိရေးတို့သည် အဓိကကျမည်မဟုတ်တော့ဘဲ ကလေး၏ ဉာဏ်ရည်ဖွံ့ဖြိုးမှု၊ ကာယဖွံ့ဖြိုးမှု၊ ပူးပေါင်းပါဝင်မှုစသည့် သတ်မှတ်ထားသော စံနှုန်းများဖြင့် တိုင်းတာအကဲဖြတ်တော့မည်ဖြစ်ရာ ဆရာ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရေးသည်သာ အရေးကြီးပါတော့သည်။

**ကျောင်းကားများ ကိစ္စ**

ယခုပညာသင်နှစ်မှစ၍ ကျောင်းကြို/ပို့ယာဉ်များ စနစ်တကျသတ်မှတ်ပြေးဆွဲရန် ဆောင်ရွက်နေကြပြီဖြစ်၏။ ဤသို့ပြေးဆွဲရာတွင် အခြေခံပညာကျောင်းများမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းကာ လုံခြုံစိတ်ချ၍ အန္တရာယ်ကင်းစေမည့်ယာဉ်အမျိုးအစား သတ်မှတ်ခြင်း၊ ယာဉ်ကြောပိတ်ဆို့မှုကို ဖြေရှင်းရန်ရည်ရွယ်ခြင်း၊ ကိုယ်ပိုင်ယာဉ်ဖြင့် အကြို၊ အပို့လုပ်လိုသူများအတွက် နေရာသတ်မှတ်ခြင်း၊ ကြိုပို့ယာဉ်များအရစ်ကျ ဝယ်ယူနိုင်ရန်စီမံပေးခြင်း စသဖြင့် ဘက်ပေါင်းစုံမှ အဆင်ပြေနိုင်စေရန် ညှိနှိုင်းဆောင်ရွက်ထားသည်ကို တွေ့ရ၏။

**ငြိမ်းချမ်းစွာ ပညာသင်**

အခြေခံပညာကျောင်းများ ဖွင့်ချိန်မှစ၍ ကျောင်းတိုင်းတွင် ငြိမ်းချမ်းပျော်ရွှင်စွာစာပေသင်ကြားနိုင်ရေးသည် အရေးအကြီးဆုံးအချက်ဖြစ်သည်။ ယင်းနှင့်ပတ်သက်၍လည်း ပညာရေးဝန်ကြီးဌာနက မိဘနှင့်ဆရာများပူးပေါင်းကာ ကျောင်းသား ကျောင်းသူများ၏ ဘက်စုံပညာထူးချွန်ရေး ဝိုင်းဝန်းပါဝင် ပူးပေါင်းကြရန် တိုက်တွန်းထားသည်ကို တွေ့ရလေသည်။ သို့ဖြစ်၍ မိဘများအနေဖြင့် မိမိတို့၏ သားသမီးများအား ဂုဏ်ထူးရရေး၊ အမှတ်ကောင်းကောင်းရရေး ဦးတည်ချက်တစ်ခုဖြင့် နေ့၊ ညမနား စာကျက်ခိုင်းခြင်း၊ အချိန်ပြည့် ဂိုက်များဖြင့် ကြပ်မတ်သင်ကြားခြင်း စသည်တို့သည် လိုလားအပ်သည့် ဘက်စုံပညာထူးချွန်သူတစ်ဦး ဖြစ်မလာနိုင်သည်ကို သတိချပ်မိဖို့လိုသည်။ ယနေ့ခေတ်ပညာရေးသည်လည်း အမှတ်များဖို့၊ A ခန်း၊ B ခန်း နေနိုင်ဖို့ ဆိုသည်ထက် တီထွင်ဖန်တီးကြံဆတတ်သော၊ အကျိုးဆင်ခြင်သုံးသပ်တတ်သော၊ ကိုယ်ရည်ကိုယ်သွေးပြည့်ဝသည့် ထူးချွန်ထက်မြက်သော ကျောင်းသား ကျောင်းသူများကို မွေးထုတ်ရန်ဖြစ်ကြောင်း နားလည်နိုင်ကြဖို့လိုပြီ ဖြစ်သည်။

**အမျိုးသားပညာရေး**

ယနေ့အချိန်အခါသည် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆ - ၂၀၂၁) စတင်နေပြီဖြစ်၏။ ဤ ငါးနှစ်စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် အကောင်အထည်ဖော်ဆောင်နေသူများ၏ စိတ်ဓာတ်၊ စွမ်းရည်၊ စေတနာအရေးကြီးသကဲ့သို့ ကျောင်းသား ကျောင်းသူများနှင့် မိဘပြည်သူများ၏ ပူးပေါင်းပါဝင်မှုမှာ မရှိမဖြစ်လိုအပ်နေပါသည်။ ဆိုလိုသည်မှာ ချမှတ်ထားသည့် စီမံကိန်း၊ စီမံချက်များ၊ အကဲဖြတ်စံနှုန်းများ မည်မျှပင်ကောင်းမွန်စေကာမူ အကောင်အထည်ဖော်ဆောင်ရွက်သူများ၊ ပူပေါင်းပါဝင်သူများ၏ ပြုပြင်ပြောင်းလဲလိုစိတ်မရှိဘဲ နည်းစနစ်ဟောင်း၊ သင်ကြားမှုစနစ်မပြောင်းလဲနိုင်ကြလျှင်မူ မိမိတို့လိုချင်သည့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်နိုင်မည်မဟုတ်ဘဲ ဂုဏ်ထူးရှင်ကြက်တူရွေး အရင်းအမြစ်များသာ တိုးပွားလာနေမည်ဖြစ်ကြောင်း တွေးဆမိပါသည်။

**မှတ်ချက်။ ။ နိုင်ငံတော်မှ ကျခံသုံးစွဲမှုစာရင်းများကို (၂၂-၅-၂၀၁၇) နေ့ထုတ်စံတော်ချိန်သတင်းစာမှ ရရှိသည်။**

**ယနေ့ခေတ် ပညာရေးသည်လည်း အမှတ်များဖို့၊ A ခန်း၊ B ခန်း နေနိုင်ဖို့ ဆိုသည်ထက် တီထွင်ဖန်တီးကြံဆတတ်သော၊ အကျိုးဆင်ခြင်သုံးသပ်တတ်သော၊ ကိုယ်ရည်ကိုယ်သွေးပြည့်ဝသည့် ထူးချွန်ထက်မြက်သော ကျောင်းသား ကျောင်းသူများကို မွေးထုတ်ရန်ဖြစ်ကြောင်း နားလည်နိုင်ကြဖို့လိုပြီ။**

ပညာရေးဝန်ကြီးဌာန

မညာ

၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်

ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးနှင့် ကျောင်းထွက်သူပပျောက်ရေး
ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေး

ကျောင်းအပ်နှံရေးသီတင်းပတ်
၂၀၁၇၊ မေလ (၂၅) မှ (၃၁) ရက်အထိ




## အသက် (၇၅)နှစ်အထက် သတင်းစာဆရာကြီး ၁၀ ဦးအား ပူဇော်ကန်တော့ပွဲ ကျင်းပ

**မန္တလေး မေ ၂၈**

မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (မန္တလေးတိုင်းဒေသကြီး)၏ ဒုတိယအကြိမ်မြောက် အသက် (၇၅) နှစ်အထက် သတင်းစာဆရာကြီး ၁၀ ဦးအား ပူဇော်ကန်တော့ပွဲကို ယမန်နေ့ နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၆၈) လမ်းနှင့် (၆၉) လမ်းကြား၊ (၃၂) လမ်းနှင့် (၃၃) လမ်းကြားရှိ Mandalay Community Center ၌ ကျင်းပကြောင်း သိရသည်။

အဆိုပါ ပူဇော်ကန်တော့ပွဲကို မြန်မာနိုင်ငံသတင်းစာဆရာအသင်း(ဗဟို)ကလည်း နှစ်စဉ်ကျင်းပသကဲ့သို့ မန္တလေးမြို့ခံ သက်ကြီးဝါကြီး သတင်းစာဆရာကြီးများအား ဂုဏ်ပြုသောအားဖြင့် ၂၀၁၆ ခုနှစ် မေ ၂၂ ရက်တွင် ပထမအကြိမ် စတင်ကျင်းပခဲ့ကြောင်း အဆိုပါ အသင်း၏ ဥက္ကဋ္ဌ ဦးဘဦးက ပြောသည်။

“စာပေပညာနဲ့ လူထုကို အသိပညာပေးခဲ့ကြတဲ့ ဆရာကြီးတွေရဲ့ ဂုဏ်ကျေးဇူးကို မျိုးဆက်သစ်လူငယ် သတင်းသမားတွေ သိရှိအတုယူနိုင်ဖို့နဲ့ တစ်နှစ်တစ်ခါ ဆရာကြီးတွေကို တစုတဝေးတည်း တွေ့ဆုံခွင့်ရပြီး သူတို့ရဲ့ ဩဝါဒတွေကို ခံယူနိုင်ဖို့ ရည်ရွယ်ချက်နဲ့ ကျင်းပခြင်းဖြစ်ပါတယ်” ဟု ၎င်းကဆက်လက် ပြောသည်။

ကန်တော့ခံဆရာကြီးများအနေဖြင့် အသက် (၉၃) နှစ်ရှိ ဦးကျော်သိန်း(အရိုးတောင်း)၊ အသက် (၈၅)နှစ်ရှိ ဦးညီပု(မျိုးညီညီမော်)၊ အသက် (၈၄)နှစ်ရှိ ဦးကျော်မြင့်(ကျော်ကျော်- ဥက္ကံ)၊ အသက် (၈၃)နှစ်ရှိ ဦးသစ်လွင်(မောင်သစ်လွင်လူထု)၊ အသက် (၈၂)နှစ်ရှိ ရွှေမန်းရွှေနွယ်ရီ(ခေါင်ဘုရားတော်)၊ အသက် (၈၁)နှစ်ရှိ ဦးကျော်သန်း၊ အသက် (၈၀)ရှိ ဦးရွှေ(ရွှေရိုး-မန္တလေး)၊ အသက် (၈၀)ရှိ ဦးကျော်သိန်း (ကျော်သိန်း-ကြေးမုံ)၊ အသက် (၇၈)နှစ်ရှိ ဆရာကြီး နတ်မောက် ဦးထွန်းရှိန်နှင့် အသက် (၇၈)နှစ်ရှိ ဦးရာစိုး (ရာစိုးလူမှု)တို့ဖြစ်ကြောင်း သိရသည်။

(၀၀၂)

# မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ဖို့အတွက် ကျွန်တော်တို့ အစွမ်းကုန်ကူညီပံ့ပိုးနေပါတယ်



**မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဝိခရမ်မစ်ဆာရီ**

The Global New Light of Myanmar တွင် မေလ ၂၈ ရက်က ဖော်ပြပါရှိသည့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဝိခရမ်မစ်ဆာရီနှင့် တွေ့ဆုံမေးမြန်းမှုများကို ဘာသာပြန်ဆိုဖော်ပြအပ်ပါသည်။

**မေး။ ။ အဆွေတော်အနေနဲ့ အိန္ဒိယနှင့် မြန်မာနိုင်ငံအကြား အပြန်အလှန်ဆက်ဆံရေးမှာ အဓိကဦးစားပေးအချက်ကို ပြောပြနိုင်မလား။**

ဖြေ။ ။ ကျွန်တော်တို့အနေနဲ့ လောလောဆယ်မှာ အိန္ဒိယနှင့်မြန်မာနိုင်ငံအကြား အပြန်အလှန်ဆက်ဆံရေးကို အလေးထားနေတဲ့ အချိန်ဖြစ်ပါတယ်။ ၂၀၁၅ ရွေးကောက်ပွဲအပြီး အသွင်ကူးပြောင်းရေး တည်တည်ငြိမ်ငြိမ်၊ ချောချောမောမော၊ အေးအေးချမ်းချမ်း ဖြစ်သွားခဲ့တာ ကျွန်တော်တို့အလွန်ဝမ်းမြောက်ပါတယ်။ ဒါကလည်း ရှေ့ဆက်သွားမယ့်အစီစဉ်တစ်ရပ်လို့ထင်ရပြီး နိုင်ငံရေးပါတီ၊ အရပ်ဘက်လူ့အဖွဲ့အစည်း၊ အင်စတီကျူးရှင်းနဲ့ တပ်မတော်ဘက် တာဝန်ရှိသူများပါဝင်တဲ့ သက်ဆိုင်သူအားလုံးကို ကျေးဇူးတင်ရှိပါတယ်။

### ဒီမိုကရေစီသို့ကူးပြောင်းနေဆဲ

ဘာကြောင့်လဲဆိုတော့ သူတို့တွေဟာ ကဏ္ဍတစ်ခုစီမှာ ပါဝင်ခဲ့ကြလို့ပါပဲ။ အခုအချိန်အခါမှာတော့ မြန်မာပြည်ရဲ့ ဒီမိုကရေစီဟာ ကနဦးအဆင့်၌သာ ရှိနေသေးတာမို့ နုနယ်သေးတယ်လို့ထင်ပါတယ်။ ဒီမိုကရေစီသို့ ကူးပြောင်းနေဆဲ မြန်မာနိုင်ငံအနေနဲ့ ထိုအသွင်ကူးပြောင်းရေးအစဉ်အလာများထဲကတချို့ကို ပြန်လည်ရှာဖွေနေရဆဲဖြစ်လို့ ကျွန်တော်တို့အနေနဲ့လည်း အကူအညီပေးဖို့အသင့်ပါပဲ။ ကမ္ဘာပေါ်မှာ အကြီးမားဆုံးဒီမိုကရေစီနိုင်ငံဖြစ်ပြီး မိမိနိုင်ငံအတွင်း၌သာမက အခြားသောဒေသဆိုင်ရာ နိုင်ငံများအတွက်ပါ ဒီမိုကရေစီဖော်ဆောင်ရာမှာ အောင်မြင်အောင် ကူညီပံ့ပိုးနိုင်ခဲ့တဲ့ မိမိတို့အိန္ဒိယနိုင်ငံအနေနဲ့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီဖော်ဆောင်ရေးမှာ ကူညီပံ့ပိုးမှုတွေများစွာ လုပ်ဆောင်နိုင်မယ်လို့ ယုံကြည်ပါတယ်။

### ပြန်လည်ဦးမော့လာ

ကျွန်တော်တို့ရဲ့ ဒုတိယဦးစားပေးက မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ ပြန်လည်ဦးမော့လာဖို့အတွက် အကူအညီ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုကနေတစ်ဆင့် ပါဝင်ဆောင်ရွက်သွားမှာပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ကမ္ဘာ့စီးပွားရေးရေစီးကြောင်းကနေ ကာလအတန်ကြာ ဝေးကွာခဲ့ပြီးတဲ့နောက် အခုလိုနိုင်ငံတကာ စီးပွားရေးရေစီးကြောင်းထဲ ပြန်လည်ဝင်ရောက်လာချိန် အာရှဒေသမှာ လျင်မြန်စွာစီးပွားရေးဖွံ့ဖြိုးတိုးတက်နေတဲ့ အိန္ဒိယနိုင်ငံအနေနဲ့ မိမိတို့စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဆင့်ဆင့်ကျော်လွှားခဲ့ရတဲ့ အခက်အခဲနဲ့ အတွေ့အကြုံပေါ်အခြေခံပြီး မြန်မာနိုင်ငံကို ကူညီပံ့ပိုးဖို့ အကောင်းဆုံးအနေထားမှာ ရှိနေပါတယ်။ ကျွန်တော်တို့ရဲ့ တတိယဦးစားပေးကတော့ လုံခြုံရေးမြှင့်တင်ဖို့ပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ နှစ်ပေါင်းများစွာကြာခဲ့တဲ့ ပြည်တွင်းစစ်နဲ့ တွေ့ကြုံခဲ့ရပါတယ်။ ကံဆိုးတယ်လို့ပြောရမလားပဲ နိုင်ငံရဲ့ အချို့ဒေသတွေမှာ တိုက်ပွဲတွေဖြစ်ပွားနေဆဲပါပဲ။ ဒါကြောင့်မို့လည်း မြန်မာအစိုးရဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အကောင်ထည်ဖော်ခဲ့ပြီး အဲဒီလုပ်ငန်းစဉ်အောင်မြင်ဖို့အတွက် ကျွန်တော်တို့အစွမ်းကုန် ကြိုးပမ်းလုပ်ဆောင်နေပါတယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာနိုင်ငံရဲ့ အေးချမ်းတည်ငြိမ်မှုနဲ့သာယာဝပြောမှုဟာ မြန်မာပြည်သူတွေအတွက်ချည်းပဲ အကျိုးရှိတာမဟုတ်ဘဲ အိမ်နီးချင်းနိုင်ငံများအတွက်ပါ အကျိုးရှိစေတာဖြစ်လို့ပါ။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ရဲ့အရေးကြီးဆုံးနဲ့ အကြီးမားဆုံး ဦးစားပေးမှုဟာ မြန်မာနိုင်ငံရဲ့ လုံခြုံရေးခိုင်မာကောင်းမွန်မှုဖြစ်ပါတယ်။ အဲဒါမှသာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်မှာဖြစ်ပါတယ်။

**မေး။ ။ အစိုးရသစ်အနေနဲ့ နိုင်ငံ့တာဝန်ကိုတစ်နှစ်ကျော်ထမ်းဆောင်ခဲ့ပြီးဖြစ်တယ်။ အဲဒါနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအပေါ် အဆွေတော်ရဲ့အမြင်ကို သိချင်ပါတယ်။**

ဖြေ။ ။ ၂၀၁၅ ရွေးကောက်ပွဲရလဒ်နှင့်အတူ ဒီမိုကရေစီအရ ရွေးကောက်တင်မြှောက်တဲ့ အစိုးရတစ်ရပ် တက်လာတာတွေ့မြင်ရလို့ အိန္ဒိယကနေ ကျွန်တော်တို့ အလွန်ဝမ်းမြောက်ရပါတယ်။ မြန်မာအစိုးရအနေနဲ့ ဒီမိုကရေစီအစိုးရအဖြစ်အသွင်ကူးပြောင်းခြင်းနဲ့အတူ သက်တမ်းတစ်နှစ်ပြည့်ခဲ့ပါပြီ။ အဲဒီကာလအတွင်းမှာ ဖွံ့ဖြိုးတိုးတက်မှုတွေရှိသလို စိန်ခေါ်မှုတွေလည်းရှိခဲ့ပါတယ်။ ပြည်သူတွေမျှော်လင့်ချက်ကြီးမားတဲ့အချိန်မှာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကိုလုပ်ဆောင်နေရတဲ့ အစိုးရတစ်ရပ်အနေနဲ့ အခက်အခဲများစွာနဲ့ ရင်ဆိုင်နေရမယ်ဆိုတာငြင်းလို့မရပါဘူး။ ပြည်သူ့အသံကိုနားထောင်ရခြင်း၊ ဝေဖန်မှုကို လက်ခံရခြင်းဆိုတဲ့ ပွင့်လင်းတဲ့ လူ့အဖွဲ့အစည်းကြီးမှာ အသွင်ကူးပြောင်းရေးလုပ်ရတာ ကြီးမားတဲ့စိန်ခေါ်မှုပါ။ ဒီဟာတွေဟာ လွယ်ကူမယ်လို့ ကျွန်တော်မထင်ပါဘူး။ ဒီမိုကရေစီဆိုတာ သစ်ဖောင်တစ်ခုနဲ့တူပါတယ်။ လှိုင်းပေါ်မှာ ပေါ်လိုက်ပျောက်လိုက်နဲ့ ရေပေါ်မှာအမြဲရှိနေပါတယ်။ သစ်ဖောင်ကစည်းထားတဲ့သစ်တွေဟာ နိုင်ငံရေးပါတီ၊ အရပ်ဘက်လူ့အဖွဲ့အစည်း၊ အစိုးရမဟုတ်သောလူ့အဖွဲ့အစည်းနဲ့ တပ်မတော်က လူတွေအားလုံးပါဝင်တဲ့ လူ့အဖွဲ့အစည်းတစ်ခုလိုပဲ စုပေါင်းထားတာဖြစ်ပါတယ်။ စုစည်းချည်နှောင်ထားတဲ့ကြိုးတွေဟာ အင်စတီကျူးရှင်း၊ တရားဥပဒေစိုးမိုးရေး၊ လွတ်လပ်သောတရားစီရင်ရေး၊ လွတ်လပ်သောမီဒီယာတွေပါပဲ။

### စိန်ခေါ်မှုတွေ

ထိုကြိုးတွေကနေ Stakeholder ဆိုတဲ့ သစ်ဖောင်ကို ချည်နှောင်ထားပြီး သစ်ဖောင်နစ်မြုပ်မသွားအောင် လုပ်ဆောင်ပေးပါတယ်။ အသွင်ကူးပြောင်းရေးကာလကြာနိုင်တဲ့အတွက် နေ့ချင်းညချင်း ချောချောမောမောဖြစ်လာလိမ့်မယ်လို့ မျှော်လင့်လို့မရပါဘူး။ အဘက်ဘက်က ကျရောက်လာတဲ့ စိန်ခေါ်မှုတွေကို မြန်မာပြည်သူတွေက အကောင်းဆုံးခံနိုင်ရည်နဲ့ ရင်ဆိုင်နေကြတယ်လို့ ကျွန်တော်ထင်ပါတယ်။ အနာဂတ်မှာလည်း စိန်ခေါ်မှုတွေနဲ့ ထပ်မံကြုံရမယ်ဆိုတာ ယုံမှားသံသယမရှိပါဘူး။ ယင်းစိန်ခေါ်မှုတွေရင်ဆိုင်ရတာ၊ စိန်ခေါ်မှုတွေ ရင်ဆိုင်ဖို့ အရင်းအမြစ်ရှိနေတာတွေဟာ အရေးကြီးတယ်လို့ ကျွန်တော်ထင်ပါတယ်။ ကျွန်တော်တို့အမြင်အရပြောရရင် ယင်းစိန်ခေါ်မှုတွေ ဘယ်လိုရင်ဆိုင်မလဲဆိုတဲ့ ဆုံးဖြတ်ချက်ချဖို့ရာ မြန်မာပြည်သူတွေနဲ့ ရွေးကောက်ခံကိုယ်စားလှယ်တွေရဲ့အပေါ်မှာ မူတည်ပါတယ်။ သို့သော်လည်း ပြင်ပကလူတွေဖြစ်နေတဲ့ ကျွန်တော်တို့အနေနဲ့ မြန်မာပြည်သူတွေ စိန်ခေါ်မှုတွေရင်ဆိုင်နေကြချိန်မှာ ကူညီပံ့ပိုးနိုင်ပြီးမြန်မာပြည်သူနဲ့အတူ အမြဲတမ်းလက်တွဲနေမှာဖြစ်ပါတယ်။

**မေး။ ။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အကောင်ထည်ဖော်နေတဲ့ကာလမှာ မြန်မာအစိုးရအတွက် အဓိကစိန်ခေါ်မှုတွေဟာ ဘာတွေဖြစ်လိမ့်မလဲ။**

### ငြိမ်းချမ်းရေးအတွက်နဲ့ လုံးပန်းနေခဲ့

ဖြေ။ ။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ မြန်မာအစိုးရအတွက် အလွန်အရေးကြီးတဲ့ ဦးစားပေးကိစ္စတစ်ရပ်ပဲဖြစ်ပါတယ်။ နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်မယ်ဆိုရင် ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဟာ မရှိမဖြစ်လိုအပ်ပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဦးစားပေးဖော်ဆောင်ခြင်းဟာ မှန်ကန်တယ်လို့ ကျွန်တော်ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ နှစ်ပေါင်း ၇၀ ကျော်အထိ မြန်မာပြည်သူတွေဟာ ငြိမ်းချမ်းရေးအတွက်နဲ့ လုံးပန်းနေခဲ့ရလို့ပါ။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်စာချုပ်ချုပ်ဆိုရာမှာ အိန္ဒိယကသက်သေအဖြစ် တက်ရောက်ခဲ့တဲ့အတွက် မိမိတို့အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ရေးမှာ အစွမ်းကုန်ပါဝင်နေပါတယ်။

အရှေ့ပိုင်းနဲ့ မြောက်ပိုင်းနယ်စပ်ဒေသတွေမှာ တိုက်ပွဲတွေ ပြတ်တောင်းပြတ်တောင်းဖြစ်နေရတာကို မြင်ရလို့ မိမိတို့အနေနဲ့အခြားသူတွေလိုပဲ စိတ်မကောင်းဖြစ်မိပါတယ်။ ထိုပစ်ခတ်တိုက်ခိုက်မှုတွေရပ်စဲပြီး လူတိုင်းလူတိုင်း ဆွေးနွေးပွဲစားပွဲပေါ် ပြန်လည်ရောက်ရှိကြမယ်လို့ ကျွန်တော်တို့မျှော်လင့်ပါတယ်။ စားပွဲဝိုင်းမှာထိုင်ပြီး ပြဿနာကို ဒူးတိုက်ဆွေးနွေးနိုင်တဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ တွေ့ဆုံကြခြင်းထက် ဒီပြဿနာတွေကို ဖြေရှင်းနိုင်တဲ့ နည်းလမ်းရှိမှာမဟုတ်ပါဘူး။ လူတိုင်းလူတိုင်း တွေ့ဆုံဆွေးနွေးပွဲပါ အချက်အလက်တွေကို သဘောတူလက်ခံနိုင်မယ့် အခြေအနေအထိ ရောက်ရှိလာကြမယ်လို့ ကျွန်တော်တို့မျှော်လင့်ပါတယ်။ ဒီငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ရင်တော့ ကျွန်တော်တို့ အလွန်ဝမ်းမြောက်ရမှာဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံနဲ့ ထိစပ်နေတဲ့ မြန်မာနိုင်ငံရဲ့နယ်စပ်ဒေသအများစုဟာ အေးချမ်းလျက်ရှိနေပါတယ်။ နယ်စပ်ဒေသမှာရှိတဲ့ ခြိမ်းခြောက်မှုတွေကို စိုးရိမ်စရာမလိုတဲ့အတွက် အလွန်ကောင်းမွန်ပါတယ်။ မြန်မာနိုင်ငံဘက်ခြမ်းမှာ ခိုလှုံနေတဲ့ အိန္ဒိယသောင်းကျန်းသူတွေ ရှိနေသေးတဲ့အတွက် ကျွန်တော်တို့ဘက်ကလည်း စိုးရိမ်မှုအချို့ရှိနေပါတယ်။ သို့သော်လည်းပဲ ထိုအခြေအနေတွေကို ကိုင်တွယ်ဖို့ မြန်မာအာဏာပိုင်များနဲ့ ကောင်းမွန်တဲ့လုပ်ထုံးလုပ်နည်းတွေကို ချမှတ်ထားပါတယ်။ မြန်မာ့မြေပေါ်မှာ အိန္ဒိယနိုင်ငံကို ဆန့်ကျင်တဲ့ လှုပ်ရှားမှုတွေကို ခွင့်ပြုမှာမဟုတ်ကြောင်း မြန်မာအာဏာပိုင်တွေကပေးတဲ့ အာမခံချက်အပေါ် ကျွန်တော်တို့ကြိုဆိုပါတယ်။ အခုငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ မြန်မာနယ်စပ်တစ်လျှောက်မှာ အခြေစိုက်လှုပ်ရှားနေတဲ့ အုပ်စုတွေအပေါ်မှာလည်း အကျိုးဝင်တယ်လို့ ကျွန်တော်တို့မျှော်လင့်ပါတယ်။ အခုတော့ (၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး) ကျင်းပနေပြီဖြစ်တဲ့အတွက် နောက်ထပ်အောင်မြင်မှုအချို့ ရလိမ့်မယ်လို့မျှော်လင့်ပါတယ်။ အဲဒါမှသာလျှင် မြန်မာပြည်သူတွေဟာ အေးချမ်းတဲ့ အနာဂတ်တစ်ရပ်ကို တွေ့မြင်ကြရမှာဖြစ်ပါတယ်။

**မေး။ ။ အိန္ဒိယနိုင်ငံက ရင်းနှီးမြှုပ်နှံသူတွေ စိတ်ဝင်စားနိုင်တဲ့ ကုန်သွယ်ရေးနဲ့ စီးပွားရေးလုပ်ငန်းတွေအကြောင်း ဆွေးနွေးလိုပါတယ်။ လွန်ခဲ့တဲ့သုံး၊ လေးနှစ်က မြန်မာနိုင်ငံမှ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ကုမ္ပဏီတွေနဲ့ အိန္ဒိယနိုင်ငံမှ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ကုမ္ပဏီတွေ ပိုပြီးဆက်သွယ်မှုရှိလာတယ်ဆိုတာ ဟုတ်ပါသလား။ ပုဂ္ဂလိကကဏ္ဍအချင်းချင်း ချိတ်ဆက်မှုအရေးပါပုံနဲ့ မြန်မာနိုင်ငံမှာ အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်တွေ စိတ်ဝင်စားတဲ့ စီးပွားရေးလုပ်ငန်းအမျိုးအစားကို သိချင်ပါတယ်။**

### ပိုပြီးစိတ်ဝင်စားလာ

ဖြေ။ ။ အိန္ဒိယနိုင်ငံက ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်တွေဟာ မြန်မာနိုင်ငံမှာ ထိတွေ့ဆက်ဆံမှုတွေမြှင့်တင်ဖို့ ပိုပြီးစိတ်ဝင်စားလာတာကို တွေ့ရပါတယ်။ ပြီးခဲ့တဲ့နှစ်အောက်တိုဘာလက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် အိန္ဒိယနိုင်ငံကိုရောက်ရှိလာစဉ် နယူးဒေလီမှာကျင်းပတဲ့ အခမ်းအနားတစ်ခုမှာ အိန္ဒိယစက်မှုလုပ်ငန်းကအကြီးအကဲတချို့နဲ့ တွေ့ဆုံခဲ့ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း မကြာသေးမီက အိန္ဒိယနိုင်ငံကိုရောက်ရှိခဲ့ချိန်မှာ အိန္ဒိယနိုင်ငံမှာရှိတဲ့ ကုန်သည်ကြီးများအသင်းက ကိုယ်စားလှယ်တွေနဲ့တွေ့ဆုံပြီး အိန္ဒိယနိုင်ငံမှာရှိတဲ့ အကျိုးစီးပွားဖော်ဆောင်ဖို့အတွက် ဆွေးနွေးခဲ့ပါတယ်။ မြန်မာနိုင်ငံဟာ ရင်းနှီးမြှုပ်နှံဖို့ နေရာတစ်ခုအဖြစ် စိတ်ဝင်စားခဲ့သလို မြန်မာနိုင်ငံမှာလာရောက်ဖို့ စိတ်ဝင်စားကြတဲ့အတွက်လည်း ကျွန်တော်အံ့ဩရပါတယ်။ သူတို့တွေစိတ်ဝင်စားကြတဲ့ အကြောင်းအရင်းကလည်း ထင်ရှားစွာရှိနေပါတယ်။ မြန်မာနိုင်ငံဟာ ကြီးမားသော ဈေးကွက်တစ်ရပ်နဲ့အတူ ထုတ်ယူအသုံးမပြုရသေးတဲ့ သယံဇာတတွေများစွာရှိနေတဲ့ နိုင်ငံဖြစ်တဲ့အတွက် ရင်းနှီးမြှုပ်နှံမှုပြုမယ်ဆိုရင် စတင်ရင်းနှီးမြှုပ်နှံတဲ့ နှစ်ပိုင်းအတွင်းမှာပဲ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်မယ်လို့ မျှော်လင့်နိုင်ပါတယ်။ အခြေခံအဆောက်အအုံ၊ စွမ်းအင်မလုံလောက်မှုဆိုတဲ့ အခက်အခဲအချို့တို့ရှိပါတယ်။ စီးပွားရေးလုပ်ငန်းရှင်တွေပိုပြီး စိတ်ဝင်စားမှုရှိလာအောင် မြန်မာအစိုးရအနေနဲ့ မျှတမှုရှိတဲ့မူဝါဒနဲ့ စည်းမျဉ်းစည်းကမ်းတွေ ချမှတ်နိုင်လိမ့်မယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်။

အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ သီလဝါအထူးစီးပွားရေးဇုန်မှာ စီးပွားရေးလုပ်ငန်းစက်ရုံတွေ၊ ဓာတ်မြေဩဇာစက်ရုံတွေ တည်ဆောက်ခဲ့ပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ နှစ်ပေါင်းများစွာ ကူးသန်းရောင်းဝယ်ရေးလုပ်နေတဲ့ အိန္ဒိယကုမ္ပဏီများလည်းရှိပါတယ်။ ကုန်သွယ်မှုအဆင့်ကနေ ရင်းနှီးမြှုပ်နှံမှုအဆင့်သို့ ရောက်ရှိအောင် လုပ်ဆောင်ကြဖို့နဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖော်ဆောင်ကြဖို့ ဖော်ပြပါအိန္ဒိယကုမ္ပဏီတွေကို ကျွန်တော်ကိုယ်တိုင် တိုက်တွန်းအားပေးခဲ့ပါတယ်။ အဲ့ဒီကုမ္ပဏီတွေထဲကအချို့ဟာ မြန်မာနိုင်ငံရဲ့သီးခြားကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံဖို့ လုပ်ဆောင်နေကြပါပြီ။ နှစ်ဦးနှစ်ဖက် အကျိုးစီးပွားအတွက် ကျွန်တော်တို့များများစားစား ပံ့ပိုးနိုင်တဲ့ကဏ္ဍတွေကတော့ စွမ်းအင်၊ ပို့ဆောင်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေးနဲ့ အသက်မွေးဝမ်းကျောင်းဆိုင်ရာတွေ ဖြစ်ပါတယ်။ စွမ်းအင်တို့လို ကဏ္ဍတွေမှာ လုပ်ငန်းအချို့ ဖော်ဆောင်ခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့်လည်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍတွေမှာ ကျွန်တော်တို့ အောင်မြင်မှုအများကြီးရနေပါပြီ။

### အခြေခံအဆောက်အအုံ များစွာလိုအပ်

မြန်မာနိုင်ငံဟာ ခရမ်းလွန်ရောင်ခြည် အမြင့်ဆုံးရှိတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒါကြောင့်မို့ နေရောင်ခြည်စွမ်းအင်နဲ့ ပတ်သက်ရင် ရွှေတွင်းတစ်တွင်းပေါ်မှာ ထိုင်နေတယ်လို့ ပြောလို့ရပါတယ်။ နိုင်ငံရဲ့ သုံးပုံတစ်ပုံဟာ မဟာဓာတ်အားလိုင်းနဲ့ ချိတ်ဆက်နိုင်မှုမရှိတာဖြစ်လို့ နေရောင်ခြည်စွမ်းအင်ကို ဖော်ဆောင်နိုင်သည်နဲ့အမျှ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်လည်း ရရှိလာမှာဖြစ်ပါတယ်။ နေရောင်ခြည်စွမ်းအင်ဟာ ဝေးလံတဲ့ကျေးလက်ဒေသက ပြည်သူတွေအတွက် အဖြေတစ်ခုပါပဲ။ ထို့အတူ ရေအားလျှပ်စစ်စွမ်းအင်ကဏ္ဍမှာလည်း ပူးပေါင်းဆောင်ရွက်ဖို့ နှစ်နိုင်ငံအကြားဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံက ကျန်းမာရေးနဲ့ပညာရေးကဏ္ဍမှာတော့ အိန္ဒိယနိုင်ငံမှာရှိတဲ့ ကမ္ဘာ့အဆင့်ကုမ္ပဏီကြီးတွေကနေ အတွေ့အကြုံမျှဝေပြီး အောင်မြင်မှုတွေ ဖော်ဆောင်နိုင်မယ့် နယ်ပယ်တွေပဲဖြစ်ပါတယ်။ သတင်းနည်းပညာနဲ့ အင်္ဂလိပ်စာသင်ကြားရေးကဲ့သို့သော စွမ်းရည်တည်ဆောက်ရေးနဲ့ အသက်မွေးဝမ်းကျောင်း ပညာရပ်သင်တန်းတွေနဲ့အတူ မြန်မာနိုင်ငံမှာ အင်စတီကျူးရှင်းတွေ စတင်တည်ဆောက်ပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ အခြေခံအဆောက်အအုံ များစွာလိုအပ်နေတဲ့အတွက် လာမယ့် အခြေခံအဆောက်အအုံတည်ဆောက်ရေးမှာ မြန်မာအစိုးရနဲ့ ကျွန်တော်တို့ပူးပေါင်းဆောင်ရွက်လိုပါတယ်။

**မေး။ ။ နှစ်နိုင်ငံအကြားဆက်ဆံရေးမှာ အကြီးမားဆုံးစိန်ခေါ်မှုက ဘာဖြစ်မယ်လို့ ပြောမလဲ။ ဥပမာ နယ်စပ်လုံခြုံရေး၊ ရာဇဝတ်မှုတွေ၊ တရားမဝင် ရွှေ့ပြောင်းသွားလာသူတွေ ဒါမှမဟုတ် တစ်စုံတစ်ခုဟာမျိုးပေါ့။**

### နယ်နိမိတ်ချင်းထိစပ်နေ

ဖြေ။ ။ နယ်စပ်တစ်လျှောက်က စိန်ခေါ်မှုတွေကို လေ့လာကြည့်မယ်ဆိုရင် ကျွန်တော်တို့နှစ်နိုင်ငံက ကီလိုမီတာ ၁၆၀၀ ရှိတဲ့ အလွန်ရှည်လျားတဲ့ နယ်နိမိတ်ချင်း ထိစပ်နေပြီး မူးယစ်ဆေးဝါး၊ လူမှောင်ခိုကူးမှုနဲ့ တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှုပြဿနာတွေက နယ်စပ်မှာ သေချာပေါက်ရှိနေပါတယ်။ ကောင်းတဲ့အချက်ကတော့ ဒီပြဿနာတွေကို ကိုင်တွယ်ဖြေရှင်းဖို့ လုပ်ထုံးလုပ်နည်းတွေ ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ နယ်စပ်နှစ်ဖက်စလုံးမှာရှိတဲ့ နယ်ခြားစောင့်တပ်ဖွဲ့တွေကြား ကောင်းမွန်တဲ့ ပူးပေါင်းဆောင်ရွက်မှုတွေရှိနေပါတယ်။ ဒီပြဿနာတွေကိုကိုင်တွယ်ဖြေရှင်းဖို့ လုပ်ထုံးလုပ်နည်းတွေ ချမှတ်ဆောင်ရွက်ဖို့ နယ်ပယ်အချို့မှာ ကျွန်တော်တို့ သဘောတူညီထားတာတွေလည်း ရှိပါတယ်။ ဒါတွေဟာ အလွန်ရှည်လျားတဲ့ နယ်စပ်တစ်လျှောက် တစ်နိုင်ငံတည်းက ကိုင်တွယ်ဖြေရှင်းလို့မရပေမယ့် ကျွန်တော်တို့အတွက် သဘောတရားနဲ့ဆိုင်တဲ့ အကျပ်အတည်းတစ်ခုအဖြစ် သတ်မှတ်ရမှာဖြစ်ပါတယ်။ အိန္ဒိယ-မြန်မာနယ်စပ်ဟာ မြန်မာနိုင်ငံရဲ့ တည်ငြိမ်အေးချမ်းမှု အရှိဆုံးနယ်စပ်ဖြစ်ပြီး နှစ်နိုင်ငံစလုံးအနေနဲ့ ဒီပြဿနာတွေကိုထိန်းချုပ်ဖို့နဲ့ ကြိုတင်တားဆီးဖို့ အားထုတ်ကြိုးပမ်းသင့်ပါတယ်။

စာမျက်နှာ ၉ သို့ »»

ဘာသာပြန် - သာစိန်၊ ကျော်ထိုက်စိုး

# မုန်တိုင်းနှင့်ပတ်သက်ပြီး ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်နိုင်ရန် မောင်တောမြို့တွင် သတိပေးနှိုးဆော်



**မောင်တော မေ ၂၈**

ဘင်္ဂလားပင်လယ်အော်အတွင်း ဖြစ်ပေါ်လျက်ရှိသော မုန်တိုင်းငယ်နှင့် ပတ်သက်ပြီး မုန်တိုင်းအန္တရာယ်ကျရောက်လာပါက ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်နိုင်ရန် ယနေ့မွန်းလွဲပိုင်းက မောင်တောမြို့နယ် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်ဖြင့် မောင်တောမြို့တွင်း လူစည်ကားရာ နေရာများနှင့် ရပ်ကွက်များအတွင်း လိုက်လံသတိပေးနှိုးဆော်လျက်ရှိကြောင်း သိရသည်။

မောင်တောမြို့ မြို့နယ်မီးသတ်ဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးရဲလင်းအောင်က "မုန်တိုင်းကျရောက်လာရင် ကယ်ဆယ်ရေးလုပ်ငန်းတွေ အချိန်မီဆောင်ရွက်နိုင်ဖို့ ရှာဖွေကယ်ဆယ်ရေးအဖွဲ့တွေ ဖွဲ့စည်းထားပါတယ်။ ဒီမှာရှိတဲ့ ကယ်ဆယ်ရေးပစ္စည်းတွေနဲ့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့ စီစဉ်ထားပါတယ်"ဟု ပြောသည်။

ထို့အတူ မောင်တောခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကလည်း မြို့တွင်းလူစည်ကားရာနေရာများတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနက ထုတ်ဝေသည့် မုန်တိုင်းဘေးပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဘင်္ဂလားပင်လယ်အော်အတွင်း ဖြစ်ပေါ်လျက်ရှိသော မုန်တိုင်းငယ်သည် ရခိုင်ပြည်နယ် မြောက်ပိုင်း ကမ်းရိုးတန်း/ကမ်းလွန်ဒေသများသို့ မေ ၂၈ ရက်မှ ၃၁ ရက်အတွင်း ဝင်ရောက်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက မေ ၂၈ ရက် နံနက် ၁၀နာရီအချိန် တိုင်းတာချက်များအရ သိရသည်။

မောင်တောမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှလည်း ဖြစ်ပေါ်နေသည့် မုန်တိုင်းသတင်းနှင့်ပတ်သက်ပြီး ပြည်သူများအား ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်နှင့် ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်နိုင်ရန် မြို့နယ်အတွင်း ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ မိုဘိုင်းဖုန်းViberမှတစ်ဆင့် အသိပေးအကြောင်းကြားထားကြောင်း သိရသည်။

ယနေ့ နံနက်ပိုင်းကလည်း မောင်တောမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မြို့ပေါ်ရှိ ဌာနဆိုင်ရာများပါဝင်သည့် မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကြီးကြပ်မှုကော်မတီကလည်း မုန်တိုင်းအန္တရာယ်နှင့် ပတ်သက်ပြီး ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်နိုင်ရန် အစည်းအဝေး ကျင်းပခဲ့သည်။

**သတင်း-မင်းသစ်(MNA)**
**ဓာတ်ပုံ-ရဲထွန်း**

»»» **စာမျက်နှာ ၈ မှ**

စိန်ခေါ်မှုတွေအကြောင်း ဆွေးနွေးတာထက် အိန္ဒိယနဲ့ မြန်မာကြား နောက်ထပ်စိန်ခေါ်မှုအကြောင်း ကျွန်တော် ပြောချင်ပါတယ်။ အဲဒါကတော့ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ အမှန်တကယ် မေ့လျော့နေတဲ့အရာကို ပြန်ရှာဖွေရမယ့် ကိစ္စဖြစ်ပါတယ်။ ကျွန်တော်တို့နှစ်နိုင်ငံဟာ သမိုင်းကြောင်း၊ ပထဝီအနေအထား၊ စာပေ၊ ဘာသာရေး၊ ထုံးတမ်းအစဉ်အလာ၊ ယဉ်ကျေးမှု၊ အစားအသောက်မှာသာမက မျက်မှောက်ကာလမှာလည်း ကိုလိုနီစနစ်ကြုံတွေ့ခဲ့ရတဲ့အတွေ့အကြုံနဲ့ လွတ်လပ်ရေးရရှိဖို့ တိုက်ပွဲဝင်ခဲ့ရမှုနဲ့ ရုန်းကန်ခဲ့ရမှုတွေမှာ အလွန်ကို နီးကပ်မှုရှိခဲ့ပါတယ်။ နှစ်နိုင်ငံစလုံးမှာဖြစ်ပွားခဲ့တဲ့ ဖြစ်ရပ်တွေအတွက် အကြောင်းပြချက်အချို့ပေးရမယ်ဆိုရင် အထူးသဖြင့် တံခါးပိတ်ပြီး ထီးတည်းဖြစ်ခဲ့တဲ့ မြန်မာနိုင်ငံကြောင့် ကျွန်တော်တို့အချင်းချင်းကြား ဆက်သွယ်မှုအချို့ မရှိခဲ့ဘူးလို့ထင်ပါတယ်။ ကျွန်တော်တို့ ပြန်လည်ဆက်သွယ်မှုတွေပြုလုပ်ပြီး ကျွန်တော်တို့နှစ်နိုင်ငံဟာ ဘယ်လောက်ထိ အမှန်တကယ် နီးကပ်မှုရှိတယ်ဆိုတာ နောက်တစ်ကြိမ် ရှာဖွေဖို့လိုအပ်ပါတယ်။ ဒါကို ပြည်သူအချင်းချင်းဆက်သွယ်မှု အရှိန်မြှင့်တင်ပြီး နှစ်နိုင်ငံစလုံးမှာရှိတဲ့ လူ့အဖွဲ့အစည်းတွေက ပါဝင်ပတ်သက်သူတွေကြား ဆက်သွယ်မှုနယ်ပယ်တွေ တိုးမြှင့်ဖို့ ကြိုးပမ်းခြင်းအားဖြင့် လုပ်ဆောင်နိုင်ပါတယ်။ ဒီလိုလုပ်ဆောင်နိုင်မယ်ဆိုရင် အခြားစိန်ခေါ်မှုတွေအားလုံးကို ကိုင်တွယ်ဖြေရှင်းဖို့ လွယ်ကူလာမယ်လို့ ကျွန်တော်ထင်ပါတယ်။

မေး။ ။နှစ်နိုင်ငံဆက်ဆံရေးအတွက် အိန္ဒိယအစိုးရမှာ သီးသန့်အစီအစဉ်တစ်ရပ်ရှိပါသလား။ မြန်မာနိုင်ငံရဲ့ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်မှာ အိန္ဒိယအစိုးရက ဘယ်လိုပံ့ပိုးကူညီနိုင်ပါသလဲ။

ဖြေ။ ။နှစ်နိုင်ငံကြားဆက်ဆံရေးအရဆိုရင် မြန်မာနိုင်ငံနဲ့အိန္ဒိယနိုင်ငံရဲ့ ဆက်ဆံရေးဟာ အလွန်ကို ကောင်းမွန်တဲ့ မိတ်ဖက်ဆက်ဆံမှုဖြစ်ခဲ့ပါတယ်။ အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံကို ပံ့ပိုးကူညီခဲ့တဲ့ ဖွံ့ဖြိုးရေးအကူအညီက အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၅ ဘီလီယံနီးပါးရှိပါတယ်။ ဒီဖွံ့ဖြိုးရေးအကူအညီတွေမှာ မြေပြင်အကူအညီကနေတစ်ဆင့် ငွေကြေးပံ့ပိုးခဲ့တဲ့စီမံကိန်းတွေနဲ့ အတိုးနှုန်းအလွန်ကိုသက်သာတဲ့ ချေးငွေတွေကတစ်ဆင့် ငွေကြေးပံ့ပိုးခဲ့တဲ့ စီမံကိန်းတွေပဲဖြစ်ပါတယ်။ တည်ဆောက်မှုပြီးစီးသွားပြီဖြစ်တဲ့ စစ်တွေနဲ့ ပလက်ဝက ဆိပ်ကမ်းတွေပါဝင်တဲ့ ကုလားတန်ဘက်စုံသယ်ယူပို့ဆောင်ရေးစီမံကိန်း (Kaladan Multi-Modal Transit Transport Project) ကဲ့သို့သော မြန်မာနိုင်ငံမှာလုပ်ဆောင်လျက်ရှိတဲ့ သိသာထင်ရှားတဲ့ ဖွံ့ဖြိုးရေးစီမံကိန်းတွေ များစွာရှိပါတယ်။ မြန်မာနိုင်ငံ ပလက်ဝကနေ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ် နယ်စပ်က Zorinpui လို့ခေါ်တဲ့ နေရာတစ်ခုကို ဆက်သွယ်မယ့် လမ်းမကြီးတစ်ခုတည်ဆောက်ဖို့ ပထမအဆင့် ကန်ထရိုက်စာချုပ်ကို ကျွန်တော်တို့ ခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။ တစ်ချိန်မှာ လုပ်ငန်းအပြည့်အဝလည်ပတ်လာပြီဆိုရင် ဒီသယ်ယူပို့ဆောင်ရေးစင်္ကြံမှာ စီမံကိန်းဖြတ်သန်းသွားရာ ရခိုင်နဲ့ချင်းပြည်နယ်တွေရဲ့ စီးပွားရေးအခြေအနေကို ပြောင်းလဲပေးမယ့်စွမ်းပကားရှိမယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒီပြည်နယ်နှစ်ခုဟာ မြန်မာနိုင်ငံမှာ ဖွံ့ဖြိုးမှုအနည်းဆုံးပြည်နယ်တွေဖြစ်တဲ့အတွက် ဒီသယ်ယူပို့ဆောင်ရေးစင်္ကြံကြောင့် ဖြစ်ပေါ်ရရှိလာမယ့် ဖွံ့ဖြိုးတိုးတက်ရေးအလားအလာကတော့ အလွန့်အလွန်ကြီးမားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီစီမံကိန်းက တိုက်ရိုက်ရော၊ တိုက်ရိုက်မဟုတ်တဲ့နည်းနဲ့ရော အလုပ်အကိုင်တွေ ဖန်တီးပေးမှာဖြစ်လို့ပါ။ ဒါပေမယ့် ပိုပြီးအရေးကြီးတာက စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းနဲ့ရခိုင်ပြည်နယ်တွေကဲ့သို့သော ပြည်နယ်တွေအတွက် သူတို့ရဲ့ပို့ကုန်တွေကို စစ်တွေကနေ တင်ပို့နိုင်တော့မှာဖြစ်ပါတယ်။ ကာလကတ္တားဆိပ်ကမ်းက စစ်တွေကနေ ၅၄၀ ကီလိုမီတာပဲ ဝေးပါတယ်။ ကုလားတန်ဘက်စုံသယ်ယူပို့ဆောင်ရေးစီမံကိန်းဟာ မြန်မာနိုင်ငံမှာ ကျွန်တော်တို့အကောင်အထည်ဖော်ဆောင်နေတဲ့ စီမံကိန်းတွေထဲက သိသာထင်ရှားဆုံးစီမံကိန်းတစ်ခုဖြစ်မယ်လို့ ကျွန်တော်ထင်ပါတယ်။

အာရှအဝေးပြေးလမ်းမကြီးကို အထောက်အကူဖြစ်စေဖို့ အိန္ဒိယ၊ မြန်မာနဲ့ ထိုင်းနိုင်ငံကြား သုံးနိုင်ငံအဝေးပြေးလမ်းမကြီးကိုလည်း ကျွန်တော်တို့ ဆောင်ရွက်နေပြီး လုပ်ဆောင်ဆဲစီမံကိန်းတွေရှိပါတယ်။ ကျွန်တော်တို့ တမူး-ကလေးလမ်းမကြီးပေါ်က တံတား ၆၉ စင်းကို ပြုပြင်နေပြီး အဲဒီလမ်းမကြီးရဲ့ ကလေးဝ-ယာကြီးလမ်းပိုင်းကိုလည်း တည်ဆောက်နေပါတယ်။ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်နဲ့ နယ်နိမိတ်ချင်းထိစပ်နေတဲ့ ချင်းပြည်နယ်မှာ နယ်စပ်က Rhi ဒေသကို တီးတိန်မြို့နဲ့ ဆက်သွယ်ပေးမယ့် လမ်းမကြီးတစ်ခု ကျွန်တော်တို့ ဖောက်လုပ်နေပါတယ်။ ကချင်ပြည်နယ်နဲ့ ရခိုင်ပြည်နယ်မှာ အကောင်အထည်ဖော်ဆောင်နေတဲ့ လမ်းမကြီးတွေဖောက်လုပ်မှုမှာလည်း ကျွန်တော်တို့ အကူအညီပေးနေပါတယ်။ လယ်ယာစိုက်ပျိုးရေး၊ ဆက်သွယ်ရေး၊ မီးရထားနဲ့ အခြားစီမံကိန်းတွေမှာလည်း ကျွန်တော်တို့ အကူအညီပေးနေပါတယ်။ နှစ်နိုင်ငံဆက်ဆံရေးကြည့်မယ်ဆိုရင် မြန်မာနိုင်ငံက ကျွမ်းကျင်မှုတိုးတက်ရေးကို ကူညီပေးဖို့ ကျွန်တော်တို့ကြိုးပမ်းနေပါတယ်။ ကျွန်တော်တို့ မန္တလေးမှာ သတင်းအချက်အလက်နည်းပညာအင်စတီကျုတည်ထောင်ခဲ့ပြီး လက်ရှိမှာ ဒီပလိုမာအစီအစဉ်အပြင် ငါးနှစ်ကြာတက်ရောက်ရတဲ့ အိုင်တီအင်ဂျင်နီယာဘွဲ့ကိုလည်း သင်ကြားပေးနေပါတယ်။

ကျွမ်းကျင်စွာ စီမံခန့်ခွဲနိုင်မယ်ဆိုရင် အဲဒီအင်စတီကျုဟာ မြန်မာနိုင်ငံက ဂုဏ်ယူရမယ့် အမျိုးသားအင်စတီကျုတစ်ခုအဖြစ်သာမက ဒေသတစ်ခုလုံးမှာ အကောင်းဆုံးအင်စတီကျုတစ်ခု ဖြစ်လာနိုင်တယ်လို့ ကျွန်တော်ပြောနိုင်ပါတယ်။ အင်္ဂလိပ်စာသင်ကြားမှုနယ်ပယ်မှာလည်း အင်စတီကျုတွေရှိပြီး အိုင်တီစွန့်ဦးဆောင်ရွက်မှုကို ကျွန်တော်တို့ တိုးမြှင့်ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့ဆောင်ရွက်နေတဲ့ စီမံကိန်းတွေအများအပြားရှိတဲ့အတွက် အဲဒီစီမံကိန်းတွေက မြန်မာနိုင်ငံအတွက် အလွန်ကိုကျယ်ပြန့်တဲ့ ဖွံ့ဖြိုးရေးအစီအစဉ်တစ်ခုဖြစ်ပြီး နှစ်နိုင်ငံဆက်ဆံရေးရဲ့ တစ်စိတ်တစ်ဒေသဖြစ်ပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးနဲ့ စွမ်းအင်ကဲ့သို့သော အရေးပါသောနယ်ပယ်များတွင် ပံ့ပိုးကူညီမှုများပေးနိုင်မယ်လို့ ကျွန်တော်တို့မျှော်လင့်ပါတယ်။ မြန်မာနိုင်ငံရဲ့ လိုအပ်ချက်အချို့ကို ကျွန်တော်တို့ ကူညီပံ့ပိုးပေးနေပါတယ်။ မြန်မာနိုင်ငံမှာလုပ်ဆောင်နေတဲ့ စီးပွားရေးအသွင်ကူးပြောင်းမှုကို ကျွန်တော်တို့ ကူညီပေးနိုင်ပါတယ်။


မေး။ ။မြန်မာနိုင်ငံရဲ့အနာဂတ်နဲ့ပတ်သက်ပြီး လူကြီးမင်းအနေနဲ့ အခုချိန်မှာ ဘယ်လိုမြင်ပါသလဲ။

ဖြေ။ ။ကျွန်တော် အလွန်ပဲအကောင်းမြင်ပါတယ်။ သဘာဝအရင်းအမြစ်သာမက လူသားအရင်းအမြစ်ပါ အလွန်ချမ်းသာကြွယ်ဝတဲ့မြန်မာနိုင်ငံက အခွင့်အလမ်းတစ်ခုကို အစကပြန်ကောက်ဖို့၊ အမျိုးမျိုးသော အရင်းအမြစ်များရဲ့ အကျိုးကျေးဇူးရရှိဖို့နဲ့ လက်ရှိကြုံတွေ့နေတဲ့ အခက်အခဲတွေကို ဖြေရှင်းဖို့ အခွင့်အလမ်းရှိနေတယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒီစိန်ခေါ်မှုတွေကို ကျွန်တော်ထည့်မတွက်ပေမယ့် တိုင်းပြည်ရဲ့ခေါင်းဆောင်ပိုင်းကတော့ ဒီစိန်ခေါ်မှုတွေကို သတိမူမိမယ်လို့ ကျွန်တော်ထင်ပါတယ်။ သင့်တော်တဲ့အချိန်ပေးမယ်ဆိုရင် တိုင်းပြည်ရဲ့ခေါင်းဆောင်ပိုင်းက ဒီစိန်ခေါ်မှုတွေကို ကျော်လွှားနိုင်စွမ်းရှိမှာဖြစ်ပြီး တိုင်းပြည်ကို ကမ္ဘာ့အလယ်မှာ ထိုက်တန်တဲ့နေရာမှန်ကို ပြန်လည်ပို့ဆောင်ပေးနိုင်မှာ ဖြစ်ပါတယ်။

# အင်းစိန် ဖော့ကန်အတွင်း ကျောင်းသား ကျောင်းသူ ၁၅၅ ဦးတို့အား ဗလာစာအုပ် ၁၅၅ ဒါဇင်နှင့် ကျောင်းသုံးအထောက်အကူပစ္စည်း ၁၅၅ စုံ ပေးအပ်လှူဒါန်း

**ရန်ကုန် မေ ၂၈**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် အုပ်ချုပ်ရေးမှူးပါ ဆယ်အိမ်စုမှူး (ရာအိမ်မှူး) ၃၅ ဦးတို့က မတည်ပြီး ရပ်ကွက်အတွင်းရှိ မူလတန်း၊ အလယ်တန်း၊ ကျောင်းသား ကျောင်းသူ ၁၅၅ ဦးတို့အား ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ကျောင်းဖွင့်အမီ ဗလာစာအုပ် ၁၅၅ ဒါဇင်နှင့် ကျောင်းသုံးအထောက်အကူပစ္စည်းများဖြစ်သည့် ခဲဆံဘောပင်၊ ဘောပင်၊ ပေတံ၊ ခဲဖျက်၊ ကွန်ပါဘူး ၁၅၅ စုံတို့အား ပေးအပ်လှူဒါန်းပွဲကို မေ ၂၈ ရက် နံနက် ၁၀ နာရီက အဆိုပါ ဖော့ကန်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။



ရှေးဦးစွာ လှူဒါန်းပွဲတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်က ကျွန်တော်တို့ အုပ်ချုပ်ရေးအဖွဲ့မှ ကျွန်တော်အပါအဝင် ဆယ်အိမ်စုမှူး (ရာအိမ်မှူး) ၃၄ ဦးနှင့် စုပေါင်း၍ လှူဒါန်းသည့် ပထမအကြိမ်ဖြစ်သည့်အတွက် ကျောင်းသား ကျောင်းသူ ၁၅၅ ဦးကို တစ်ဦးလျှင် ဗလာစာအုပ် တစ်ဒါဇင်နှုန်းဖြင့် စာရေးကိရိယာ အထောက်အကူပြုပစ္စည်း ငါးမျိုးစီ တန်ဖိုးကျပ် ၃၄၅၀ သာ လှူဒါန်းနိုင်ပြီး လာမည့်ပညာသင်နှစ်တွင် ယခုလို ကျောင်းသား ကျောင်းသူ ၁၅၅ ဦးထက်မက လှူဒါန်းနိုင်အောင် ကြိုးစားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဗလာစာအုပ် ၁၅၅ ဒါဇင်နှင့် ကျောင်းအသုံးအဆောင် အထောက်အကူပစ္စည်း ငါးမျိုး စုစုပေါင်း ကျပ် ၅၃၄၇၅၀ ဖြစ်ပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ဆယ်အိမ်စုများက ကျောင်းသား ကျောင်းသူ တစ်ဦးချင်းစီကို ဗလာစာအုပ် တစ်ဒါဇင်နှင့် ကျောင်းသုံး အထောက်အကူပစ္စည်း ငါးမျိုးတို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ညဏ်ဟိန်း(အင်းစိန်)**

# တောင်သူလယ်သမားများ ပညာပေးသင်တန်း ကျောက်မဲခရိုင် ခေးနင်းကျေးရွာ၌ ကျင်းပ

**သီပေါ မေ ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ တောင်သူလယ်သမားများ အထွက်နှုန်းတိုးမြှင့်ခြင်းဆိုင်ရာ ပညာပေးလုပ်ငန်း သင်တန်းဖွင့်ပွဲကို မေ ၂၅ ရက်က ခေးနင်းကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျောက်မဲခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမောင်မောင်အေးက ကိုယ့်မျိုးကိုယ်ထား ခေါင်နှံမျိုးပွားစနစ်၊ တောင်စောင်းစိုက်ပျိုးရေးစနစ်၊ အီးအမ်ဘိုကာရှီမြေဆွေးပြုလုပ်နည်း၊ GAP စနစ်နှင့် မျိုးစေ့များ စနစ်တကျ သိုလှောင်ခြင်းများဆိုင်ရာသင်တန်းကို တောင်သူများ၏ အကျိုးအတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ စိုက်ပျိုးရေးပညာပေးသင်တန်းသို့ တောင်သူလယ်သမား ၁၄၅ ဦးတက်ရောက်ကြပြီး တောင်သူများလိုအပ်သည့် မျိုးစေ့သိုလှောင်အိတ်များကို အခမဲ့ဖြန့်ဝေပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

❑

# သန်လျင်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ဆောင်ဖွင့်ပွဲကျင်းပမည်

**ရန်ကုန် မေ ၂၈**

ရန်ကုန်တောင်ပိုင်းခရိုင်ရှိ ခုတင် (၂၀၀) ဆံ့ သန်လျင်အထွေထွေရောဂါကုဆေးရုံကြီးတွင် လူနာများ ကျန်းမာရေးစောင့်ရှောက်မှု အဆင်ပြေစွာခံယူနိုင်ရန် လိုအပ်သည့် တိုးချဲ့ဆောင်များဆောက်လုပ်ခြင်းကို နိုင်ငံတော်ဘတ်ဂျက်ဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်တည်ဆောက်ခဲ့ရာ ယခုအခါ ရာခိုင်နှုန်းပြည့်ပြီးစီးသဖြင့် မေ ၃၀ ရက်တွင် ဖွင့်ပွဲကျင်းပသွားမည်ဖြစ်ကြောင်း သန်လျင်ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာချိုချိုလွင်က ပြောသည်။

တိုးချဲ့ဆောင်များတည်ဆောက်ရာတွင် ပြင်ပလူနာဌာန နှစ်ထပ်ဆောင်နှစ်ဆောင်၊ ဓာတ်မှန်၊ CT Scan စသည်များ ထားရှိရန်အဆောင်၊ OT ပါသည့်နှစ်ထပ်ဆောင်တစ်ဆောင်၊ အရေးပေါ်ကုသဆောင်တစ်ဆောင်၊ ဆေးရုံအုပ်ကြီး နေအိမ်၊ ဝန်ထမ်းအိမ်ရာ လေးခန်းတွဲလေးထပ်နှင့် ခြောက်ခန်းတွဲလေးထပ်တို့ပါဝင်ကြောင်း သိရသည်။

"ဒါတွေဆောက်ပြီးသွားပြီဆိုတော့ လူနာတွေကို အရင်ကထက် ပြည့်ပြည့်ဝဝဆေးရုံတင်ပြီး ကြည့်သင့်ကြည့်ထိုက်တာတွေကို ကြည့်ပေးနိုင်တော့မှာပါ။ အားလုံးပေါင်း လူနာ ၃၀၀ နီးပါးဆံ့တယ်။ ခုတင် (၃၀၀) အားလောက်ကို ဆရာဝန်တွေ ပေးထားမှာပါ" ဟု ဆေးရုံအုပ်ကြီးက ပြောသည်။

ထို့အပြင် ဆေးရုံ၌ သန့်ရှင်းရေးဝန်ထမ်းလုံလောက်မှု မရှိ၍ နေ့စားဝန်ထမ်းများခန့်အပ်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသို့ တင်ပြထားကြောင်း သိရသည်။

"သန့်ရှင်းရေးဝန်ထမ်းက အနည်းဆုံး ၁၀၀ ရှိရမှာ။ အခု ၃၈ ဦးပဲရှိတယ်။ ပြီးတော့ လူနာအစောင့်တွေ နားနေဆောင်မရှိသေးဘူး။ သူတို့အတွက် အိမ်သာနဲ့ ရေချိုးခန်း အရေးတကြီးလိုအပ်တယ်" ဟု ၎င်းက ပြောသည်။

သန်လျင်ပြည်သူ့ဆေးရုံကြီးကို ၂၀၁၅ ခုနှစ်မှစ၍ အစိုးရပိုင်ဆေးရုံအဖြစ်ပြောင်းလဲခဲ့ပြီး ခုတင် (၅၀) ဆံ့မှ ခုတင် (၁၅၀) ဆံ့ ဆေးရုံအဖြစ် ပြောင်းလဲတိုးချဲ့ခဲ့ကြောင်း ၂၀၁၄ ခုနှစ် ဇွန်လမှစ၍ ခုတင် (၂၀၀) ဆံ့ ဆေးရုံကြီးအဖြစ် အဆင့်ဆင့်တိုးချဲ့ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**(ဇာနည်မောင်)**








# ရေကြည်မြို့နယ်၌ မူလတန်းအဆင့်ပထမတန်းသင်ရိုးသစ် ကျောင်းအုပ်စုအဆင့်ဆွေးနွေးပွဲ သင်တန်းဆင်း

**ရေကြည် မေ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် မူလတန်းအဆင့် ပထမတန်းသင်ရိုးသစ်ကျောင်းအုပ်စုအဆင့် ဆွေးနွေးပွဲသင်တန်းဆင်းပွဲကို မေ ၂၆ ရက်က မြို့နယ်ပညာရေးမှူးရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဦးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများတက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဦး၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်ခင်အေးတို့က အမှာစကားအသီးသီးပြောကြားသည်။ ဆက်လက်၍ သင်တန်းနည်းပြတစ်ဦးက သင်တန်းနှင့်ပတ်သက်သည်များကို ခြုံငုံသုံးသပ်ပြီး သင်တန်းသားတစ်ဦးက သင်တန်းနှင့်ပတ်သက်၍ အားသာချက်များကို တင်ပြသည်။

ထို့နောက် သင်တန်းသားများက တေးဆိုငှက်ကဗျာ၊ အခြေခံအကတို့ဖြင့် သရုပ်ဖော်ဖျော်ဖြေခဲ့ကြသည်။

အဆိုပါမူလတန်းအဆင့် ပထမတန်းသင်ရိုးသစ် ကျောင်းအုပ်စုအဆင့် ဆွေးနွေးပွဲသင်တန်းကို မေ ၁၃ ရက်မှ ၂၆ ရက်အထိ ၁၄ ရက်ကြာ သင်တန်းပို့ချခဲ့ပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၂၁ ဦးနှင့် သင်တန်းနည်းပြ ၅၂ ဦး တက်ရောက်ကြကြောင်းသိရသည်။

**မြင့်သိန်း(ပြန်/ဆက်)**



# ပုဗ္ဗသီရိမြို့နယ်တွင် အသိပညာပေးဆိုင်းဘုတ်ဖွင့်

**နေပြည်တော် မေ ၂၈**

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ကြီးမှူး၍ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ပြုလုပ်သော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဆိုင်းဘုတ်ဖွင့်ပွဲကို မေ ၂၇ ရက်က ပုဗ္ဗသီရိမြို့နယ် သီရိမင်္ဂလာလမ်းနှင့် ဧရာဝတီလမ်း ထောင့်တွင် ပြုလုပ်သည်။

အဆိုပါဆိုင်းဘုတ်ကို နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ နေပြည်တော်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးမှူး ဒေါ်တင်တင်ဌေး၊ နေပြည်တော် မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (မြို့တွင်း/အဝေးပြေး)ဥက္ကဋ္ဌ ဦးဝင်းဆွေ တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**(ရွှေရဲရင့်)**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော မေ ၁၇ ရက်မှ မေ ၂၃ ရက်အထိ ထွက်ရှိသော စာအုပ်များစာရင်း

| စဉ် | စာရေးသူ | စာအုပ် | ထုတ်ဝေသည့်တိုက် | ဈေးနှုန်း |
|---|---|---|---|---|
| ၁ | ကမ္ဘာတစ်လွှား အထင်ကရများ | ထိန်လင်း | ပင်ဝါးရုံ | ၂၀၀၀ |
| ၂ | သက္ကရာဇ်တွေပြိုတဲ့အခါ | ယွန်းမြတ်မွန်းသျှန် | - | ၂၅၀၀ |
| ၃ | ကျားကုတ်ကျားခဲ | မောင်မိုးသူ | ဘဝတက္ကသိုလ် | ၄၀၀၀ |
| ၄ | လက်ရွေးစင်ဝတ္ထုတိုပေါင်းချုပ် | မောင်စိန်ဝင်း(ပုတီးကုန်း) | ကံ့ကော်ဝတ်ရည် | ၄၈၀၀ |
| ၅ | ကျေးဇူးသိတတ်သောကြိုးကြာငှက် | မော်ခေတ်ထွန်း | စိတ်ကူးချိုချို | ၁၅၀၀ |
| ၆ | အင်ဒီရာဂန္ဒီနိုင်ငံရေးအတ္ထုပ္ပတ္တိ | သန်းအောင်နိုင် | စိတ်ကူးချိုချို | ၂၇၀၀ |
| ၇ | အလှစစ်အလှမှန်ယဉ်ကျေးလိမ္မာပုံပြင်များ | မြသွေးနီ | ပင်ဝါးရုံ | ၁၅၀၀ |
| ၈ | လက်ရွေးစင်အင်္ဂလိပ်စာအသုံးအနှုန်းများ A to M | ဦးစိန်ဝင်း(ဘဏ်) | စိုးစံ | ၂၅၀၀ |
| ၉ | ကြိုးစင်ပေါ်ကဒေါက်ဖြုတ်သမားနှင့် ထောင်ကိုယ်တွေ့ဇာတ်လမ်းများ | ဇေယျမင်းသျှင် | the book house | ၃၂၀၀ |
| ၁၀ | ကျေးဇူးပြု၍ မတွေးခေါ်ပါနှင့် | စစ်နိုင် | - | ၂၀၀၀ |
| ၁၁ | ကမ်းလက်များဆုရဝတ္ထုတိုပေါင်းချုပ်-၇ | ကလောင်စုံ | - | ၂၀၀၀ |
| ၁၂ | စိတ်ကြောလျှော့စင်တာနှင့်ဖရီးကစ်ဝတ္ထုတိုများ | သက်ဦးမောင် | Global Piece Group | ၂၀၀၀ |
| ၁၃ | ဖော်မစုံသူညလေးများ | နန်းကြာဖြူ(ဘားအံ့) | Global Piece Group | ၂၀၀၀ |
| ၁၄ | ဇီးရိုးမှဟီးရိုးဖြစ်ခဲ့ကြသည့် ဘီလီယံနာ၊ စွန့်ဦးတီထွင်သူများနှင့် NLP မိတ်ဆက် | လင်းလင်းထွန်း | မဖြိုမ | ၂၅၀၀ |
| ၁၅ | Travel by Naw Ktike (မိုင်တိုင် - ၁၁) | - | ယဉ်မျိုး | ၄၅၀၀ |
| ၁၆ | ရင်ငွေ့လှိုင်းကဗျာ၊ ဝတ္ထုပေါင်းစည်းမှု | ကလောင်စုံ | Global Piece Group | ၃၀၀၀ |
| ၁၇ | ဟောလီးဝုဒ်မှ ကတော်များ | အထောက်တော်လှအောင် | စိတ်ကူးချိုချို | ၅၀၀၀ |
| ၁၈ | ပါတီပွဲမှာ ခင်းကျင်းမယ့် ဟင်းလျာများ | ဝင်းဝင်းလှိုင် | စိတ်ကူးချိုချို | ၄၀၀၀ |
| ၁၉ | စာအုပ်နှင့်စာ | မောင်ထင် | စိတ်ကူးချိုချို | ၂၀၀၀ |
| ၂၀ | ယဉ်ကျေးလိမ္မာကလေးကဗျာများ | အရှင်တေဇောဘာသ | ခမ်းတီလုံ | ၃၀၀၀ |
| ၂၁ | တခြားကမ္ဘာမှာ ပျော်ဝင်နေထိုင်သူရဲ့ သိမှုတည်ဆောက်ခြင်းများ | လင်းသစ်ဏီ | - | ၁၅၀၀ |
| ၂၂ | ဇာတ်လမ်းရဲ့ဗဟိုချက် | ဒီနိုဗို | - | ၂၅၀၀ |
| ၂၃ | သဗ္ဗကောဘဒြစက်နှင့်နက္ခတ်ပေဒင်စာစုများ | ဆရာစိုးမိုးဝင်း | - | ၄၅၀၀ |
| ၂၄ | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဦးစီးဌာနဆိုင်ရာအက်ဥပဒေ၊ ဥပဒေနှင့် နည်းဥပဒေများစုစည်းမှု | - | ရှုတိုင်းယဉ် | ၄၀၀၀ |
| ၂၅ | ကျွန်တော်၏ သံတမန်ခရီး | စောလှမင်း | အမေ့ဥယျာဉ် | ၅၀၀၀ |
| ၂၆ | စုံထောက်ဦးစံရှားရုပ်ပြဇာတ်လမ်းများ-၁ | ရွှေဥဒေါင်း | စိတ်ကူးချိုချို | ၃၀၀၀ |
| ၂၇ | မြကျွန်းသာပေါ်မှာ မျောက်သုံးကောင် | မင်းသိခ် | မျက်ပွင့် | ၈၀၀၀ |
| ၂၈ | အတွေးအခေါ်ဟင်းလေးအိုးကြီး | ရွှေဥဒေါင်း | ပန်းရွှေပြည် | ၁၅၀၀ |
| ၂၉ | ပြည်ချစ်ဝါဒနှင့်ပြည်ထောင်စုအရေး | ကလောင်စုံ | ယဉ်မျိုး | ၂၅၀၀ |
| ၃၀ | အာနပါနအဖွင့် | အရှင်ကေလာသ | - | - |
| ၃၁ | လမ်းတွေသာမရှိခဲ့ရင် အိမ်ကနေငါတို့ ဘယ်သွားကြမလဲ | လူသာမန် | စံပယ် | ၁၅၀၀ |
| ၃၂ | မြန်မာနိုင်ငံသမိုင်းစဉ်ထဲက အတ္ထုပ္ပတ္တိ အဘိဓာန် (၁၉၂၀-၁၉၈၈) | သန်းထွန်း(မော်လမြိုင်) | စိတ်ကူးချိုချို | ၆၀၀၀ |
| ၃၃ | ခရီးဖြတ်သန်းကဗျာလမ်း | မကြွယ်ကြွယ် | - | ၂၀၀၀ |
| ၃၄ | မစိမ်းပင်ကဗျာများ | မစိမ်းပင် | - | ၁၅၀၀ |
| ၃၅ | ဆမ်မြူရယ်မော့စ်-ဆက်သွယ်ရေးကို ပြောင်းလဲစေခဲ့သောပန်းချီဆရာ၊ တီထွင်ရေးသမား | ဇင်မျိုး | စိတ်ကူးချိုချို | ၈၀၀ |
| ၃၆ | အမေဇုန်တောကြီးဘယ်မှာလဲ | တော်မြင့်(ငှက်ဖျား) | ဇေယျာမြေ | ၁၅၀၀ |
| ၃၇ | ရောင်းရေးဝယ်တာ (၇)ရက် သင်ခန်းစာ | သင်းမြမြကို | စိတ်ကူးချိုချို | ၁၂၀၀ |
| ၃၈ | မြန်မာ့ထိုးကွင်းမင်ကြောင်ခလေ့ | ဆင်ဖြူကျွန်းအောင်သိန်း | စိတ်ကူးချိုချို | ၁၅၀၀ |
| ၃၉ | အင်ဒီဆင် | မာန်သစ်နိုး | ပန်းဆက်လမ်း | ၂၀၀၀ |
| ၄၀ | ရွှေချိုးဖြူမင်းသားလေးနှင့်အခြားပုံပြင်များ | ရွှေပဒေသာ | ဟန်နီဦး | ၃၀၀ |
| ၄၁ | အသားမစားဘီလူးကြီးနှင့်အခြားပုံပြင်များ | ရွှေပဒေသာ | ကိုကိုလှ | ၃၀၀ |
| ၄၂ | ကျွန်မချစ်မိအပြစ်ရှိ၏ | ရွှေပဒေသာ | လှိုင်ကြာဖြူ | ၁၆၀၀ |
| ၄၃ | အမုန်းမိုးလေး-ညို့ညို့ညို | ရွှေပဒေသာ | ကြယ်စင်မှူးဝေ | ၁၆၀၀ |
| ၄၄ | အသည်းခွဲနက္ခတ် | ရွှေပဒေသာ | မိုးစက်ပွင့် | ၁၆၀၀ |
| ၄၅ | အငြိုးကြီး၍ရွာသည့်မိုး | ရွှေပဒေသာ | မမသဒ္ဒါမောင် | ၁၇၀၀ |

# ရတနာပုံတက္ကသိုလ် နှံ့သာဆောင်(အမျိုးသမီးဆောင်)တွင် ဒုတိယပညာသင်ကာလမှစတင်ပြီး ကျောင်းသူများအား နေထိုင်ခွင့်ပြုတော့မည်



**မန္တလေး မေ ၂၈**

၂၀၁၆-၂၀၁၇ ပညာသင်နှစ် ဒုတိယပညာသင်ကာလမှ စတင်ကာ နေ့သင်တန်းများတွင် တက်ရောက်ပညာသင်ကြားနေသည့် ကျောင်းသူ ၁၅၀ ကို ရတနာပုံ တက္ကသိုလ် နှံ့သာဆောင်(အမျိုးသမီးဆောင်)တွင် ကျောင်းဆောင်နေထိုင်ခွင့် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျောင်းဆောင် နေထိုင်ခွင့်လျှောက်ထားရာတွင် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်၊ ပဉ္စမနှစ် ဥပဒေသင်တန်း၊ မဟာအရည်အချင်းစစ်သင်တန်း၊ ပထမနှစ် ဂုဏ်ထူးတန်း၊ ဒုတိယနှစ် ဂုဏ်ထူးတန်း၊ တတိယနှစ် ဂုဏ်ထူးတန်း၊ ပထမနှစ် မဟာတန်း၊ ဒုတိယနှစ် မဟာတန်းများတွင် တက်ရောက်ပညာသင်ကြားနေသည့် ကျောင်းသူများအနေဖြင့် ကျောင်းဆောင်နေထိုင်ခွင့် လျှောက်လွှာများကို ကျောင်းသားရေးရာဌာန (နေ့သင်တန်း)တွင် မေ ၂၂ ရက်မှ ဇွန် ၈ ရက်အထိ လိုင်စင်ဓာတ်ပုံ သုံးပုံနှင့်အတူ လျှောက်ထားနိုင်ပြီး ကျောင်းဆောင်နေထိုင်ခွင့်ကို ကျောင်းဆောင်နေရာချထားရေးကော်မတီက စိစစ်လက်ခံသွားမည်ဖြစ်သည်။

အဆိုပါ နှံ့သာဆောင်(အမျိုးသမီးဆောင်) သည် အိပ်ဆောင်နှင့် ထမင်းစားဆောင်ပါဝင်သည့် ၁၆၀ ဆံ့ သုံးထပ်ဆောင်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် အနန္တဂုဏ်ရည် မန္တလေး ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က တာဝန်ယူ ဆောက်လုပ်ခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

## ဒူးနာနှင့်တိုင်းရင်းဆေးပညာအကြောင်း ဆွေးနွေးဟောပြောမည်

**ရန်ကုန် မေ ၂၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတိုင်းရင်းဆေးပညာဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး) နှင့် တိုင်းရင်းဆေးရုံကြီး၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ရန်ကုန်တိုင်းဒေသကြီး)တို့ ပူးပေါင်း၍ စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာ စုပေါင်းဆွေးနွေးပွဲကို လစဉ်ကျင်းပလျက်ရှိရာ မေ ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ရန်ကုန်တိုင်းရင်းဆေးရုံကြီးရှိ အစည်းအဝေးခန်းမ၌ ဒုတိယတိုင်းရင်းဆေးမှူး ဒေါ်နုနုစိန်က ဒူးနာနှင့် တိုင်းရင်းဆေးပညာအကြောင်းကို စာတမ်းဖတ်ကြားဆွေးနွေးမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ တိုင်းရင်းဆေးဆရာ၊ ဆရာမများ တက်ရောက်၍ ဝိုင်းဝန်းဆွေးနွေးနိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

**သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့**



## ရေနံစိမ်းဈေးနှုန်း ပြန်လည်မြင့်တက်လာသည့်အတွက် ရေနံလက်ယက်တွင်းတိမ်တူးဖော်သူများ အဆင်ပြေ

**မကွေး မေ ၂၈**

မကွေးတိုင်းဒေသကြီးအတွင်း ရေနံလက်ယက်တွင်းတိမ်လုပ်ငန်းမှ ရေနံစိမ်းဈေးကွက် ငွေကျပ် ၄၀၀၀၀ အထိ ကျဆင်းခဲ့ရာမှ ငွေကျပ် ၁၀၀၀၀၀ ဝန်းကျင်အထိ ပြန်လည်မြင့်တက်လာကြောင်း သိရသည်။

၂၀၁၅ နိုဝင်ဘာလမှ ၂၀၁၆ ဇန်ဝါရီလအထိ ဒေါ်လာ ၃၀ အောက်အထိ လျော့ကျပြီး လက်ယက်တွင်းတိမ်ရေနံဈေးနှုန်း ငွေကျပ် ၄၀၀၀၀ ဝန်းကျင်အထိ ကျဆင်းခဲ့သည်။ ဈေးကွက်ကျဆင်းရသည့်အဓိကအကြောင်းအရင်းမှာ အမေရိကန်နိုင်ငံ နုန်းကျောက်(Shale)မှ ရေနံစိမ်းထုတ်လုပ်မှု များပြားလာပြီး ကမ္ဘာ့ဈေးကွက်ရေနံပိုလျှံမှုဖြစ်ကာ ဒေါ်လာ ၃၀ အောက်အထိ ကျဆင်းခဲ့သည်။

ဒေါ်လာ ၃၀ ဝန်းကျင်အထိ ကျဆင်းလာသည့်အတွက် အမေရိကန် နုန်းကျောက်(Shale)မှ ရေနံစိမ်းထုတ်လုပ်မှု ရင်းနှီးမြှုပ်နှံမှု လျော့ကျလာသည့်အတွက် ရေနံစိမ်းဈေးကွက် ဒေါ်လာ ၄၀ ဝန်းကျင်အထိ ပြန်လည်ဦးမော့လာခဲ့သည်။

၂၀၁၇ ခုနှစ်နိုဝင်ဘာလတွင် OPEC အဖွဲ့ဝင်နိုင်ငံများမှ ရေနံထုတ်လုပ်မှုလျှော့ချရန် သဘောတူညီမှုရရှိသည့်အတွက် ဈေးနှုန်းပြန်မာလာပြီး ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှာ ရေနံစိမ်းထုတ်လုပ်မှုလျှော့ချခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့်အတွက် ဈေးကွက်ပြန်လည်မြင့်တက်လာခဲ့သည်။

"ယခုတစ်ပတ်မှာ ကမ္ဘာ့ရေနံစိမ်းဈေး ဒေါ်လာ ၅၀ ဝန်းကျင်အထိ မြင့်တက်လာပြီး မှော်တွင်း ရေနံစိမ်းဈေးနှုန်းက ငွေကျပ် ၁၀၀၀၀၀ အထိ မြင့်တက်လာတယ်လို့ ရေနံလက်ယက်တွင်းလုပ်ကိုင်နေသူတွေအတွက် မနှစ်ကထက် ပိုပြီးအဆင်ပြေလာတယ်" ဟု ရေနံလက်ယက်တွင်းတိမ်လုပ်ငန်း လုပ်ကိုင်သူ ဦးဝင်းကိုက ပြောသည်။

**မင်းထီး(မကွေး)**

## လယ်မြေများတွင် အာဟာရဓာတ်လိုအပ်မှုကို စမ်းသပ်နည်း ကွင်းပြပွဲပြုလုပ်

**နေပြည်တော် မေ ၂၈**

လယ်မြေများတွင် အာဟာရဓာတ်လိုအပ်မှုကို တောင်သူကိုယ်တိုင် စမ်းသပ်ဆောင်ရွက်နည်းကွင်းပြပွဲ (Field Day) ကို မေ ၂၄ ရက် နံနက် ၈ နာရီက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် KOICA စိုက်ကွင်းအတွင်းရှိ တောင်သူ ဦးသိန်းဆွေ၏ စံကွက်၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် တိုင်းစိုက်ပျိုးရေးဦးစီးဌာနမှ မြေအသုံးချရေးတာဝန်ခံ ဦးထွန်းထွန်းလင်းက လယ်မြေများတွင် အာဟာရဓာတ်လိုအပ်မှုကို တောင်သူကိုယ်တိုင် စမ်းသပ်ဆောင်ရွက်နည်းများနှင့်ပတ်သက်၍ ဓာတ်မြေဩဇာ၊ သဘာဝဓာတ်မြေဩဇာ အသုံးပြုပုံများကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။

တောင်သူများအနေဖြင့် သီးနှံအောင်မြင်ဖြစ်ထွန်းမှုကို လိုလားပါက သီးနှံဖွံ့ဖြိုးကြီးထွားမှုကို ထောက်ကန်ပေးနေသည့် မြေဆီလွှာနှင့် အာဟာရတို့ အဆက်အစပ်ကို အခြေခံအားဖြင့် သိရှိထားရန် လိုအပ်ကြောင်း၊ ထို့အတူ မြေဆီလွှာအာဟာရနှင့်သီးနှံပင်ဆက်စပ်မှုများကို မသိရှိဘဲနှင့် သီးနှံပင်အထွက်တိုးအောင် ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်းနှင့် မြေဆီလွှာအတွင်းမှ အာဟာရဓာတ်များ နုတ်ယူမှုသည် ပြန်လည်ဖြည့်တင်းမှုထက်များပြားပါက ကာလရှည်ကြာသည်နှင့်အမျှ မြေဆီလွှာအတွင်း အာဟာရဓာတ် လျော့နည်းလာမည်ဖြစ်ရာ လျော့နည်းလာသော အာဟာရဓာတ်များကို ပြန်လည်ဖြည့်တင်းပေးရန် ဒေသရေမြေမတူသော တောင်သူတစ်ဦးချင်းလယ်ကွက်မှ မူလအာဟာရဓာတ်ကို သိခြင်းဖြင့် ဓာတ်မြေဩဇာ မည်မျှထပ်မံ၍ ထည့်ပေးရန် လိုအပ်မည်ကို သိရှိနိုင်မည်ဖြစ်သည်။

မိမိသိလိုသော အာဟာရဓာတ်ကို ချန်လှပ်ထည့်သွင်းသော စမ်းသပ်ကွက်များ ဆောင်ရွက်ခြင်းဖြင့် အာဟာရဓာတ်ကို မြေနမူနာများရယူ၍ ဓာတ်ခွဲခန်းပေးပို့ရန် မလိုတော့သည့်အပြင် လယ်မြေတွင် အာဟာရလိုအပ်မှုကို ကိုယ်တိုင်စမ်းသပ်ဆောင်ရွက်ခြင်းဖြင့် သီးနှံပင်အတွက်လိုအပ်သော အာဟာရဓာတ်နှင့်ပမာဏကို သိရှိနိုင်သော တောင်သူလယ်သမားများအနေဖြင့် လုပ်အား၊ ငွေကြေးကုန်ကျမှုကို သက်သာစေမည်ဖြစ်သည်။

နေပြည်တော် ဧရိယာအတွင်းရှိ စိုက်ပျိုး တောင်သူများအတွက် ပြည်ထောင်စုနယ်မြေ နေပြည်တော် မြေအသုံးချရေးဌာနခွဲမှ (Call Centre) ဖွင့်လှစ်ထားရှိသည့်အတွက် တောင်သူများအနေဖြင့် မြေဆီလွှာ၊ မြေဩဇာဆိုင်ရာများကို ဆက်သွယ်မေးမြန်းနိုင်ကြောင်း၊ တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**(ဇော်မင်းအောင်)**

## မယ်ဆိုင်ချောင်းအတွင်းရှိ ငှက်ပျောရေဆိပ်ရေတားအား ထိုင်းဘက်က ပြန်လည်ဖယ်ရှား

**တာချီလိတ် မေ ၂၈**

မြန်မာ-ထိုင်းနှစ်နိုင်ငံ နယ်စပ်ရှိ တာချီလိတ်မြို့နှင့် မယ်ဆိုင်မြို့အကြား ဖြတ်သန်းစီးဆင်းသော မယ်ဆိုင်ရေချောင်းအတွင်းမှ ငှက်ပျောရေဆိပ်ကို ထိုင်းဘက်က ပြန်လည်ဖယ်ရှားခြင်းကို မေ ၂၇ ရက် နံနက်ပိုင်းက ဆောင်ရွက်ကြောင်း သိရသည်။



ယင်းသို့ ဖယ်ရှားရာတွင် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့မှ လယ်သမားများနှင့် တာဝန်ရှိသူများက ပြန်လည်ဖယ်ရှားခြင်းဖြစ်ပြီး ရေတားဖယ်ရှားရာသို့ တာချီလိတ်ခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက သွားရောက်၍ ရေစီးရေလာကောင်းမွန်ရေး ကြီးကြပ်ဆောင်ရွက်ပေးသည်။

အဆိုပါ ငှက်ပျောရေတားကို ထိုင်းနိုင်ငံ မယ်ဆိုင်မြို့မှ လယ်သမားများက စိုက်ပျိုးရေရရှိရေးအတွက် ယင်းရေတားများကို ဆောင်ရွက်ခဲ့သဖြင့် တာချီလိတ်မြို့တွင် မိုးရာသီကာလအတွင်း မြေနိမ့်ပိုင်းနေရာများတွင်း ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်ခဲ့ရာ နှစ်ဖက်ညှိနှိုင်း သဘောတူညီချက်အရ ယခုကဲ့သို့ ပြန်လည်ဖယ်ရှားပေးခြင်းဖြစ်ကြောင်း သိရသည်။ **ဝေယံလင်း (ပြန်/ဆက်)**

## ဒိုက်ဦး လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးရာသီစိုက်ပျိုးစရိတ်ထုတ်ချေး

**ဒိုက်ဦး မေ ၂၈**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများ မိုးစပါးအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ၂၀၁၇ ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှုဘဏ်ချေးငွေများကို ဒိုက်ဦးမြို့နယ်ဘဏ်ခွဲမှ မေ ၂၃ ရက်က တောင်သလဲမြောင်ကျေးရွာအုပ်စု တောင်သူ ၂၁၀ ၏ စိုက်ဧက ၁၃၃၇ အတွက် ငွေကျပ် ၂၀၀၅၅၀၀၀၀ ကို တောင်သူတို့၏ လက်ဝယ်အရောက် ထုတ်ချေးပေးခဲ့သည်။

ဒိုက်ဦးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် ၂၀၁၇ ခုနှစ်အတွက် မိုးစပါးအားကျေးရွာအုပ်စု ၄၉ အုပ်စုနှင့် တောင်သူ ၁၆၀၀၀ ကျော်၏ စိုက်ဧက ၁၁၃၀၀၀ အတွက် ငွေကျပ် ၁၆၉၀၀၀၀၀၀၀ ကို ထုတ်ချေးပေးရန် စီစဉ်ထားကြောင်း ဒိုက်ဦးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ခွဲမန်နေဂျာ ဒေါ်ရီရီငွေ၏ ပြောကြားချက်အရ သိရသည်။

**ကျော်ကျော်(IPRD)**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ



**နေပြည်တော် မေ ၂၈**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဖွင့်လှစ်၍ စစ်ဆေးဆောင်ရွက်လျက်ရှိရာ မေ ၂၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၃၁ စီး၊ သွင်းကုန် ၆၂၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၃၆ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သောကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၇ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခြောက်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈ ဒသမ ၉ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၉၄၂၅ သန်းခန့်) စုစုပေါင်းတားဆီးမှုရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂ ဒသမ ၈၄၂၅ သန်းခန့်) သိမ်းဆည်းရမိကြောင်း သတင်းရရှိသည်။

အလားတူ ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၂၇ ရက်တွင် မန္တလေးမှ မူဆယ်သို့သွားရောက်မည့် Hino အမျိုးအစား ၂၂ ဘီးတပ်ယာဉ်အား (၁၆) မိုင် ကျောက်ချောစစ်ဆေးရေးစခန်းပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် စပါးခွံအိတ်များနှင့် ကြက်သွန်နီအိတ်များအောက်၌ သိုဝှက်သယ်ဆောင်လာသော ပိတောက်ခွဲသား ဓါးရွေ ၁၂၄ ချောင်း(၁၁ ဒသမ ၉၃၈၆ တန်)နှင့် သယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁ ဒသမ ၉၃၈၆ သန်းခန့်)ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မော်လူးရဲစခန်းအပိုင်နယ်မြေတွင် ခြောက်ဘီးဆီသယ်ယာဉ်နှင့် ဆိုင်ကယ်တိုက်မိ၍ တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

**မော်လူး မေ ၂၈**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးရဲစခန်းအပိုင်နယ်မြေ ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ခြောက်ဘီးဆီသယ်ယာဉ်နှင့် ဆိုင်ကယ်တိုက်မိခဲ့ရာ တစ်ဦးသေ၍ တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၇ရက် ညနေ ၄ နာရီ မိနစ် ၂၀ အချိန် ဒုရဲအုပ်မျိုးသူရ နန့်စီးအောင်ရဲကင်း စခန်းမှူးတာဝန်ထမ်းဆောင်နေစဉ် ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စု ကားလမ်းမကြီးတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ ရွှေဘို-မြစ်ကြီးနားကား လမ်းမိုင်တိုင်အမှတ် (၁၆၆/၃-၄)ကြားတွင် တောင်မှမြောက်သို့ ယာဉ်မောင်း ထွန်းနိုင်(၃၀)နှစ် ကမ်းသာယာကျေးရွာ မောင်းကုန်းအုပ်စု ထီးချိုင့်မြို့နယ်နေသူမောင်းနှင်ပြီး ယာဉ်နောက်လိုက် ပြည့်ဖြိုး(၂၆)နှစ် အောက်ဝဲကြီးကျေးရွာ ကသာမြို့နယ်နေသူတို့ လိုက်ပါလာသော ခြောက်ဘီး ဆီသယ်ယာဉ်နှင့် ပြည်ထောင်စုလမ်းမကြီးအတိုင်း တောင်မှမြောက်သို့ ဇော်ဝင်း(၃၅)နှစ် မာန်ဟဲကျေးရွာ အင်းတော်မြို့နယ်နေသူ မောင်းနှင်ပြီး ကျော်ဆွေ(၅၂)နှစ် မာန်ဟဲကျေးရွာ အင်းတော်မြို့နယ်နေသူ လိုက်ပါလာသော Kenbo 125 ဆိုင်ကယ်တို့တိုက်မိရာ ဇော်ဝင်းနှင့် ကျော်ဆွေတို့တွင် ဒဏ်ရာအသီးသီးရရှိခဲ့သည်။

ကျော်ဆွေမှာ ဒဏ်ရာပြင်းထန်သဖြင့် မန္တလေးဆေးရုံသို့ လွှဲပြောင်းကုသရန် ပို့ဆောင်စဉ် ကသာမြို့အနီးတွင် ရရှိသောဒဏ်ရာဖြင့် သေဆုံးခဲ့သဖြင့် ဒုရဲအုပ်မျိုးသူရက တရားလိုပြုလုပ်တိုင်တန်းခဲ့သည်။ ယာဉ်မဆင်မခြင်မောင်းနှင်သူ ထွန်းနိုင်နှင့် ဇော်ဝင်းတို့နှစ်ဦးအား မော်လူးရဲစခန်းနယ်မြေက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၀၅၈)**

**မူးယစ်ကိုပစ် ပန်းတိုင်သစ်**
**စိတ်သစ်လူသစ် ဘဝသစ်**

# အမြန်လမ်းတွင် မီနီဘတ်စ်ယာဉ်တိမ်းမှောက်

**ပျော်ဘွယ် မေ ၂၈**
ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် မေ ၂၇ ရက် ညနေ ၄ နာရီခန့်က ယာဉ်တစ်စီးတိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သတင်းအရနယ်မြေရဲစခန်းမှတာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်ဘက်က မန္တလေးဘက်သို့ ယာဉ်မောင်း နိုင်အေး(၂၉)နှစ် အမှတ်(၅)ရပ်ကွက် မရမ်းကုန်းမြို့နယ်နေသူ မောင်းနှင်လာသော ယာဉ်အမှတ် ယာယီ 7C/---- HYUNDAI မီနီဘတ်စ်အဝါရောင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းမပေါ်သို့ လဲကျတိမ်းမှောက်ခဲ့ရာ ယာဉ်မှာ ရှေ့၊ နောက် လေကာမှန်ကွဲ ကိုယ်ထည် ပိန်ချိုင့်နှင့် အခြားပျက်စီးမှုပျက်စီးခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းအား ပေပင်လေးအမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ပိုင်း)**



# နမီးသစ်တောကြိုးဝိုင်း အကွက်(၃၈)တွင် ကျွန်းသစ် ၁၀ လုံးကို ယာဉ်မောင်းနှင့်တကွ ဖမ်းဆီးရမိ

**မော်လူး မေ ၂၈**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးရဲစခန်းအပိုင်နယ်မြေ နမီးသစ်တောကြိုးဝိုင်းအကွက်(၃၈)တွင် ခြောက်ဘီးမော်တော်ယာဉ်ပေါ်၌ ကျွန်းသစ် ၁၀ လုံးကို ယာဉ်မောင်းနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မေ ၂၇ ရက် မွန်းလွဲ ၁ နာရီခွဲက အင်းတော်မြို့နယ်သစ်တောဦးစီးဌာန မော်လူးဘိနယ်တာဝန်ခံ တောအုပ်ဝင်းလှိုင်မိုး၊ တောခေါင်းသန်းစိန် မော်လူးနယ်မြေရဲစခန်းမှ နယ်ထိန်းဒုတပ်ကြပ်နိုင်ဝင်းစိန်တို့ပါဝင်သောအဖွဲ့တို့သည် သတင်းအရ နမီးကြိုးဝိုင်းအကွက်(၃၈) လေဘိုကျေးရွာအနီးတွင် ယာဉ်မောင်း ကျော်ကျော်နိုင်(၃၁)နှစ် နန့်ပုတ်ကျေးရွာ မိုးညှင်းမြို့နယ် မောင်းနှင်သည့် 5K/---- FORLAND ခြောက်ဘီးယာဉ်ပေါ်တွင် တရားမဝင်ကျွန်းသစ် ၁၀ လုံး(၂ ဒသမ ၉၄၈ တန်) တွေ့ရှိရသဖြင့် ဖမ်းဆီးအရေးယူနိုင်ရန်အတွက် တောအုပ်ဝင်းလှိုင်မိုးက တရားလိုပြုလုပ်တိုင်တန်းခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တရားမဝင်ကျွန်းသစ်လုံးများ တင်ဆောင်လာသူ ကျော်ကျော်နိုင်အား မော်လူးရဲစခန်းပိုင်နယ်မြေက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၀၅၈)**

# နိုင်ငံသားစိစစ်ရေးကတ်အတု ကိုင်ဆောင်သူ အမျိုးသမီး သုံးဦးအား စစ်တွေလေဆိပ်၌ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၈**
ရခိုင်ပြည်နယ် စစ်တွေလေဆိပ်၌ ယမန်နေ့မွန်းလွဲပိုင်းက နိုင်ငံသား စိစစ်ရေးကတ်အတုကိုင်ဆောင်သည့် အမျိုးသမီး သုံးဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

စစ်တွေမှ ရန်ကုန်သို့ FMI လေကြောင်းလိုင်းဖြင့် လိုက်ပါမည့် စစ်တွေမြို့နယ် သက္ကယ်ပြင်ကျေးရွာနေ မရီဟာနာဘေဂွန်၊ မခင်မေ(ခ) ရေဇူဝမ်နှင့် ဒါးပိုင်ကျေးရွာနေ မကျော့ယဉ်(ခ) နူနာဟာရ်တို့အား ယမန်နေ့မွန်းလွဲ ၂ နာရီခန့်က လူဝင်မှုကြီးကြပ်ရေးစိစစ်ရေးကောင်တာ၌ နိုင်ငံသားစိစစ်ရေးကတ်အတုကိုင်ဆောင်လာသည်ကို စစ်ဆေးတွေ့ရှိခဲ့သဖြင့် ဖမ်းဆီးစစ်ဆေးရာ မရီဟာနာဘေဂွန်အား သက္ကယ်ပြင်ကျေးရွာနေ အာယု (စိစစ်ဆဲ)က ကျပ် ၂၅ သိန်းဖြင့် လည်းကောင်း၊ မခင်မေအား ကျောက်ဖြူမြို့နယ်နေသူ တစ်ဦးက လည်းကောင်း၊ မကျော့ယဉ်အား သက္ကယ်ပြင်ကျေးရွာနေ ကိုရ်ဘာအာလီ(စိစစ်ဆဲ)က ကျပ် ၂၇ သိန်းဖြင့် လည်းကောင်း မှတ်ပုံတင်ကတ်အတုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အမျိုးသမီး သုံးဦးမှာ အာယုနှင့် ကိုရ်ဘာအာလီတို့ ငှားရမ်းပေးသည့် ဆိုင်ကယ်ကယ်ရီသုံးစီးဖြင့် စစ်တွေလေဆိပ်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဘင်္ဂလားပင်လယ်အော်မှ မုန်တိုင်းငယ် ဆိုင်ကလုန်းမုန်တိုင်းအဖြစ် ရောက်ရှိနိုင်

**နေပြည်တော် မေ ၂၈**
ယနေ့ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင်ဖြစ်ပေါ်နေသော မုန်တိုင်းငယ် (Depression)သည် ပိုမိုအားကောင်းလာကာ အားကောင်းသောမုန်တိုင်းငယ် (Deep Depression)အဖြစ် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းသို့ ရောက်ရှိခဲ့ပြီး မြန်မာနိုင်ငံ ပုသိမ်မြို့၏ အနောက်တောင်ဘက် မိုင် ၂၆၀ ခန့်၊ ကျောက်ဖြူမြို့၏အနောက်တောင်ဘက် မိုင် ၃၁၀ ခန့်၊ စစ်တွေမြို့၏ အနောက်တောင်ဘက် ၃၂၅ မိုင်ခန့်၊ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့၏ တောင်-အနောက်တောင်ဘက် မိုင် ၄၄၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပြီး အရှေ့မြောက်ဘက်သို့ ရွေ့လျားမည်ဟု ခန့်မှန်းရသည်။ အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် နောက် ၂၄ နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်သည်။

အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းအနီးမှ ရွေ့လျားမည့် အခြေအနေရှိပါသဖြင့် လိမ္မော်ရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် ဗဟိုချက်လေဖိအား ၉၉၈ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၄၀မှ ၄၅ မိုင်နှုန်း ဖြစ်သည်။

အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် နောက် ၇၂ နာရီအတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။

အဆိုပါ မုန်တိုင်းငယ်၏အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှု အန္တရာယ်ကိုလည်းကောင်း၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး ရေလျှံမှုများဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်း လေကြောင်းပျံသန်းရေးနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊သင်္ဘောများအနေဖြင့်လည်းကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

# ချယ်လ်ဆီးအသင်းကို အနိုင်ယူပြီး အက်ဖ်အေဖလားသမိုင်းမှာ အအောင်မြင်ဆုံးအသင်းအဖြစ် မှတ်တမ်းရေးထိုးသွားခဲ့တဲ့ အာဆင်နယ်





အာဆင်နယ်နှင့် ချယ်လ်ဆီးအသင်းတို့ယှဉ်ပြိုင်ခဲ့တဲ့ အက်ဖ်အေဖလား ဗိုလ်လုပွဲစဉ်တွင် အာဆင်နယ်အသင်းက ချယ်လ်ဆီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ယူပြီး အက်ဖ်အေဖလားသမိုင်းတွင် ၁၃ ကြိမ်အထိ ချန်ပီယံဖြစ်ခဲ့သည့် သမိုင်းသစ်တစ်ရပ်ကိုပါ ရေးထိုးသွားခဲ့သည်။ အာဆင်နယ်အသင်းအတွက် သွင်းဂိုးများကို တိုက်စစ်မှူး ဆန်းချက်ဇ်နှင့် အာရွန်ရမ်ဆေးတို့က သွင်းယူပေးခဲ့ခြင်းဖြစ်ပြီး ချယ်လ်ဆီးအတွက် ချေပဂိုးကိုတိုက်စစ်မှူး ကော်စတာက သွင်းယူပေးခဲ့သည်။ ချယ်လ်ဆီးအသင်းသားများက ဆန်းချက်ဇ်၏ သွင်းဂိုးကို လူကျွံဘောအဖြစ် စောဒကတက်ခဲ့ကြသော်လည်း တကယ်တမ်းတွင် ဆန်းချက်ဇ်မှာ လူကျွံအနေအထားရောက်ရှိခြင်းမရှိဘဲ ရမ်ဆေးကသာ လူကျွံနေခြင်းဖြစ်သည်။

အာဆင်နယ်မှာ ယခုနှစ်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ဝင်ခွင့်လွဲချော်မှုကြောင့် ဝေဖန်ခံနေရသော်လည်း ယခုကဲ့သို့ ပရီမီယာလိဂ်ချန်ပီယံချယ်လ်ဆီးကို ပွဲချိန်တစ်လျှောက် အဘက်ဘက်မှ အသာစီးရယူကစားနိုင်ခြင်းကြောင့် ဝေဖန်မှုများကို အတိုင်းအတာတစ်ခုအထိ လျှော့ချပေးနိုင်မည်ဖြစ်သည်။ အဆိုပါပွဲစဉ်တွင် ဒိုင်ဖြစ်သူ တေလာမှာ ဆန်းချက်ဇ်၏ သွင်းဂိုးကို ခွင့်ပြုခဲ့ခြင်းနှင့် ပင်နယ်တီရရှိရန် ဒိုင်ဗင်ပစ်ခဲ့သည့် ချယ်လ်ဆီးကစားသမား မောဆက်စ်ကို နှစ်ဝါတစ်နီဖြင့်ထုတ်ပယ်ခဲ့ခြင်း စသည့်အရေးကြီး ဆုံးဖြတ်ချက်နှစ်ရပ်ကို ချမှတ်ကာ သူ၏ ရဲရင့်မှုကို ပြသခဲ့သည်။ ဆန်းချက်ဇ်ဂိုးသွင်းယူစဉ်စည်းကြပ်ဒိုင်က လူကျွံဘောအဖြစ် အလံထောင်ပြခဲ့သော်လည်း တေလာက စည်းကြပ်ဒိုင်နှင့် ဆွေးနွေးပြီးနောက် ဂိုးအဖြစ် ခွင့်ပြုပေးခဲ့သည်။

အာဆင်နယ်အနေဖြင့် နောက်တန်းခံစစ်တွင် ပွဲပယ်ခံထားရသည့် ကိုစီယယ်နီ၊ မူစတာဖီနှင့် ဂါဘရီယယ်တို့ ဒဏ်ရာရရှိနေခြင်းကြောင့် အခက်တွေ့မည်ဟု ယူဆခဲ့သော်လည်း ဝါရင့်နောက်ခံလူ မာတီဆက်ကာ၊ ရော့ဒ်ဟိုးဒင်းနှင့် မွန်ရီယယ်တို့က အကောင်းဆုံးကစားနိုင်ခဲ့ကြသည်ကို တွေ့ရသည်။ နှစ်သင်းစလုံး နောက်တန်းသုံးယောက်တွဲခံစစ်ကို အသုံးပြုကြသော်လည်း အာဆင်နယ်အသင်း ကွင်းလယ်ပိုင်းက ပိုမိုထိရောက်သောဂိုးဖန်တီးမှုနှင့် ရှေ့နောက်အလယ် ချိတ်ဆက်မှုအပိုင်းတွင် ချယ်လ်ဆီးအသင်းထက် သာလွန်ခဲ့သည်။


ဘောလုံးရေးရာကျွမ်းကျင်သူအများစုက အာဆင်နယ်အနေဖြင့် သူတို့အသင်းအတွက် အံအဝင်ဆုံးကစားကွက်ကို ရှာဖွေတွေ့ရှိသွားပြီဖြစ်သဖြင့် ဒဏ်ရာပြဿနာကင်းစင်ပြီး ယခုလူစာရင်းကို ဆက်ထိန်းနိုင်မည်ဆိုလျှင် လာမည့်ရာသီတွင် ပရီမီယာလိဂ်ချန်ပီယံဆုကို စိန်ခေါ်နိုင်မည်ဖြစ်ကြောင်း အကောင်းဘက်မှ ရှုမြင်သုံးသပ်ခဲ့ကြသည်။ သို့သော် အာဆင်နယ်အသင်းသည် လွန်ခဲ့သည့် လေးရာသီအတွင်း သုံးကြိမ်ချန်ပီယံဖြစ်ထားသည့် အသင်းဖြစ်ပြီး ဝင်းဂါးမှာလည်း အက်ဖ်အေဖလားဗိုလ်လုပွဲခုနစ်ကြိမ်တွင် အကြိမ်တိုင်းချန်ပီယံဖြစ်အောင် စွမ်းဆောင်နိုင်ခဲ့သည့် မှတ်တမ်းတစ်ရပ်ကိုပါ ပိုင်ဆိုင်ခဲ့သည်။ ထို့ပြင် အနိုင်ဂိုးသွင်းရှင် ရမ်ဆေးသည်လည်း ၂၀၁၄ ခုနှစ် ဟားလ်စီးတီးကို အနိုင်ရရှိသည့် အက်ဖ်အေဖလားဗိုလ်လုပွဲတွင် အနိုင်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ယခုတစ်ကြိမ်တွင်လည်း ချန်ပီယံဖြစ်စေမည့် အနိုင်ဂိုးကို သွင်းယူနိုင်ခဲ့သူဖြစ်လာခဲ့သည်။

အာဆင်နယ်နည်းပြ ဝင်းဂါးက အကောင်းဆုံးကစားကွက်ဖြင့် ပွဲအစအဆုံး ကစားနိုင်ခဲ့သလို အဆိုးများကြုံခဲ့ပြီးနောက် စုစည်းညီညွတ်မှုဖြင့် အနိုင်ယူပြနိုင်ခဲ့ခြင်းဖြစ်သည်ဟုပွဲအပြီးတွင် ပြောကြားခဲ့သည်။ ချယ်လ်ဆီးနည်းပြ ကွန်တီက "အာဆင်နယ်အသင်းရဲ့ ပထမသွင်းဂိုးက အတော်လေးထူးခြားပါတယ်။ ပထမပိုင်းမှာ ကျွန်တော်တို့ပွဲကို အကောင်းဆုံးချဉ်းကပ်နိုင်မှုမပြုသလို ၂၅ မိနစ်အတွင်း ကစားပုံကြောင့် ရလဒ်ပိုင်း ဆိုးရွားသွားခဲ့တာပါ" ဟု ဆိုခဲ့သည်။

ရှုံးပွဲကြုံခဲ့ရသည့် ချယ်လ်ဆီးအသင်းမှာမူ ပရီမီယာလိဂ်နှင့် အက်ဖ်အေဖလားတို့ကို တစ်ပြိုင်နက်တည်း ဆွတ်ခူးနိုင်မည့် အခွင့်အရေးတစ်ရပ်ကို လက်လွှတ်ခဲ့ရသည်။ အာဆင်နယ်အသင်းမှာမူ ဝင်းဂါးလက်ထက် အက်ဖ်အေဖလားဗိုလ်လုပွဲတက်ရောက်တိုင်း ချန်ပီယံလိဂ်ဆွတ်ခူးနိုင်သည့် အသင်းအဖြစ်သာမက အက်ဖ်အေဖလားကို ၁၃ကြိမ်အထိ ဆွတ်ခူးနိုင်သည့် အအောင်မြင်ဆုံးအသင်းအဖြစ် မှတ်တမ်းရေးထိုးနိုင်ခဲ့သည်။

❑

## ဆန်းချက်ဇ်ရဲ့ သွင်းဂိုးကို တွစ်တာစာမျက်နှာပေါ်မှတစ်ဆင့် ချယ်လ်ဆီးအသင်း ဝေဖန်မှုပြုခဲ့



တိုက်စစ်မှူး ဆန်းချက်ဇ်ရဲ့ ပွဲချိန် ၄ မိနစ်မှာပင် ချယ်လ်ဆီးအသင်းဘက်ကို သွင်းယူခဲ့သော သွင်းဂိုးနဲ့ပတ်သက်၍ ပွဲချိန်အတွင်း ဝေဖန်မှုအချို့ဖြစ်စေခဲ့သလို ပွဲအပြီးတွင်လည်း ချယ်လ်ဆီးအသင်းက သူတို့အသင်းတရားဝင် တွစ်တာစာမျက်နှာပေါ်မှတစ်ဆင့် ရမ်ဆေး ရှင်းရှင်းလင်းလင်းကြီးကို လူကျွံခဲ့ခြင်းဖြစ်ကြောင်း ရေးသားခဲ့သည်။ သို့သော် ဆန်းချက်ဇ်ရဲ့ သွင်းဂိုးရရှိမှုကိုပြန်ကြည့်ပါက ဆန်းချက်ဇ်မှာ လူကျွံနေခြင်းမရှိဘဲ ရမ်ဆေးကသာ လူကျွံနေသည်ကို တွေ့ရမည်ဖြစ်သည်။

ဂိုးစည်းအတွင်း ဆန်းချက်ဇ်ပေးပို့လိုက်သည့် ဘောလုံးကို ချယ်လ်ဆီးနောက်ခံလူ ဒေးဗစ်လုဇ်ကရှင်းထုတ်ရာ ပြန်လျှံထွက်လာသည်ကိုပင် ဆန်းချက်ဇ်က ချယ်လ်ဆီးကွင်းလယ်လူ ကန်တီကိုကျော်ရန် အမြောက်ကန်ပြီး သူကိုယ်တိုင်ပင် အဆုံးသတ်သွင်းယူသွားခဲ့ခြင်းဖြစ်သည်။ တကယ်တမ်းပြောမည်ဆိုပါက ဆန်းချက်ဇ်မှာ ကန်တီကိုကျော်ဖြတ်ပြီး ဘောလုံးကို ရယူရာတွင်သာ သူရဲ့လက်အနေအထားမှာ သာမန်ထက် အနည်းငယ်မြောက်နေသည်ကိုသာ ဝေဖန်စရာရှိပြီး ရမ်ဆေးမှာ ဘောလုံးနှင့် ထိတွေ့မှုပင်မရှိခဲ့သဖြင့် ယင်းဂိုးမှာ လူကျွံသွင်းဂိုးဟု သတ်မှတ်နိုင်မည်မဟုတ်ပေ။ သို့သော် ချယ်လ်ဆီးကစားသမားများက လူကျွံနေပြီဟုထင်မှတ်ကာ လိုက်လံတားဆီးမှု မရှိခဲ့ခြင်းကြောင့် ဆန်းချက်ဇ်က ဂိုးသမားကော်တွိုက်စ်ကို ကျော်ပြီး သွင်းယူသွားခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် ပွဲအစတွင် ကစားကွက်တည်မရခဲ့ဘဲ အဆင်ပြေသလို ဖျက်ထုတ်နေတဲ့ပုံစံကြောင့် ယင်းဂိုးကို အလွယ်တကူခွင့်ပြုခဲ့ရခြင်းဖြစ်သည်။ ဘီဘီစီဘောလုံးရေးရာသုံးသပ်သူ မာဖီကဆိုလျှင် "ချယ်လ်ဆီးကစားသမားတွေက ဒါကို လူကျွံနေတယ်လို့ အငြင်းပွားနေတယ်။ တကယ်ဆို ဒါက သတ်မှတ်မယ်ဆို လက်ထိဘောလို့သာ သတ်မှတ်နိုင်မှာဖြစ်ပြီး ဘယ်လိုမှ လူကျွံဘောမဟုတ်ဘူး" ဟု ပြောကြားခဲ့သည်။

ထို့ပြင် ဂျီးနပ်စ်ကလည်း "ဒိုင်လူကြီးတေလာအနေနဲ့ လက်ထောက်ဒိုင်ရဲ့ ဆုံးဖြတ်ချက်ကို ပြောင်းလဲခဲ့တာမှန်ပါတယ်။ ရမ်ဆေး လူကျွံနေပေမယ့် သူက ဘောလုံးကို ထိတောင်မထိလိုက်ရဘူး။ သူကတစ်ဆင့် ပေးလိုက်မယ်၊ ထိလိုက်မယ်ဆိုရင် ဒါက လူကျွံဘောဖြစ်မှာပေါ့"ဟု ပြောကြားခဲ့သည်။ ဆန်းချက်ဇ်မှာ ကန်တီကိုကျော်၍ ဘောလုံးရယူစဉ်အတွင်း လက်မောင်းဖြင့် အနည်းငယ်ထိန်းသွားခဲ့သဖြင့် လက်ထိဘောအဖြစ်သာ သတ်မှတ်ပြီး ယင်းဂိုးကို ပယ်ဖျက်ရမည်ဖြစ်သည်။

## စီရိုနယ်လ်ဒိုရဲ့ ကစားသမားဘဝကို တောက်ပြောင်အောင် ဖန်တီးပေးခဲ့သည့်အသင်းမှာ ရီးယဲလ်မက်ဒရစ်မဟုတ်ဘဲ မန်ယူသာဖြစ်တယ်လို့ မိုက်ကယ်အိုဝင်ယူဆ

မိုက်ကယ်အိုဝင်က စီရိုနယ်လ်ဒိုရဲ့ကစားသမားဘဝကို အဓိကပံ့ပိုးပေးတဲ့အသင်းမှာ လက်ရှိကစားနေတဲ့ ရီးယဲလ်မက်ဒရစ်မဟုတ်ဘဲ မန်ယူသာဖြစ်တယ်လို့ဆိုလိုက်ပါတယ်။ အိုဝင်ဟာ စီရိုနယ်လ်ဒိုရီးယဲလ်ကို ၂၀၀၉ ခုနှစ်မှာ ပြောင်းရွှေ့သွားစဉ်က မန်ယူရဲ့ နာမည်ကျော် ကျောနံပါတ်(၇) နေရာကို စီရိုနယ်လ်ဒိုဆီက ဆက်ခံခွင့်ရရှိသူဖြစ်ပါတယ်။



အိုဝင်ကတော့ စီရိုနယ်လ်ဒိုဟာ မန်ယူနည်းပြကြီး ဆာအဲလက်စ်ဖာဂူဆန်ရဲ့သွန်သင်မှုနဲ့နေရာပေးမှုတွေကြောင့် တောက်ပတဲ့ ကစားသမားဘဝကိုရရှိခဲ့ပြီး အဲဒီက ရရှိတဲ့ ရေခံမြေခံကောင်းတွေနဲ့ ရီးယဲလ်မက်ဒရစ်အသင်းမှာ ဆက်လက်တိုးတက်မှုတွေကို ရှာဖွေနိုင်ခဲ့တာလို့ သူ့အမြင်ကို ပြောပါတယ်။

စီရိုနယ်လ်ဒိုဟာ လာမယ့် ဇွန် ၃ ရက်မှာ သူ့ရဲ့ကစားသမားဘဝ ငါးကြိမ်မြောက် ချန်ပီယံလိဂ်ဗိုလ်လုပွဲကို ယှဉ်ပြိုင်ရမှာ ဖြစ်ပါတယ်။ အိုဝင်ကတော့ စီရိုနယ်လ်ဒိုဟာ မက်ဆီထက်ပိုကောင်းတဲ့အပြင် ကမ္ဘာပေါ်မှာ စီရိုနယ်လ်ဒိုလို ပြီးပြည့်စုံတဲ့ကစားသမား မရှိသေးဘူးလို့ဆိုပါတယ်။ အိုဝင်က စီရိုနယ်လ်ဒိုဟာ ဘယ်ခြေညာခြေနှစ်ဖက်စလုံးက အကောင်းဆုံးအဆုံးသတ်ဂိုးတွေကို သွင်းယူနိုင်သလို ပြိုင်ဘက်ကိုကျော်ဖြတ်ပြီး နေရာယူတတ်မှု၊ လေပေါ်မှာ အကောင်းဆုံး လှုပ်ရှားနိုင်မှု၊ အလွတ်တည်ကန်ဘောနဲ့ ခေါင်းတိုက်ဂိုးတွေကို အနေအထားအမျိုးမျိုးကနေ သွင်းယူနိုင်တဲ့သူရယ်လို့ ချီးကျူးခဲ့ပါတယ်။

ဒါပေမယ့် စီရိုနယ်လ်ဒိုရဲ့ ခုလိုအနေအထားရောက်ရှိလာမှုမှာ ရီးယဲလ်ကိုချည်းသက်သက် အမှတ်ပြည့်ပေးလို့မရနိုင်ဘဲ စီရိုနယ်လ်ဒိုရဲ့ ဖြစ်တည်မှုဟာ မန်ယူမှာ အစပြုခဲ့တာလို့ ထောက်ပြပါတယ်။ စီရိုနယ်လ်ဒိုဟာ မန်ယူအသင်းမှာကတည်းက ကမ္ဘာ့အကောင်းဆုံးကစားသမားဆု တစ်ကြိမ်ရယူနိုင်ခဲ့ပြီးနောက် ရီးယဲလ်တွင် သုံးကြိမ်ထပ်မံရယူနိုင်ခဲ့ပါတယ်။

မေလွှဲသင်း-စုစည်းသည်

## အားကစား လောက သတင်းတိုများ

❖ မန်ယူတိုက်စစ်မှူး ရွန်းနီအပေါ် အဲဗာတန်အသင်း၏ စိတ်ဝင်စားမှုများအေးနေပြီဖြစ်သောကြောင့် ရွန်းနီမှာ တရုတ် စူပါလိဂ်(သို့မဟုတ်) အမေရိကန်မေဂျာလိဂ်ကိုသာ ရွေးချယ်ရဖွယ်ရှိနေသည်။ ရွန်းနီမှာ အစောပိုင်းက သူ၏ဇာတိမြို့ လီဗာပူးအခြေစိုက် အဲဗာတန်အသင်းကို ပြောင်းရွှေ့နိုင်တယ်လို့ သတင်းထွက်နေခဲ့သော်လည်း နွေဈေးကွက်ဖွင့်လှစ်ချိန်တွင် ရွန်းနီအပေါ် အဲဗာတန်အသင်း၏ စိတ်ဝင်စားမှုလျော့ကျလာခြင်းဖြစ်သည်။

❖ တိုရီနိုတိုက်စစ်မှူး ဘာလော့တီကိုခေါ်ယူရန်ချိတ်ဆက်ရာတွင် အာဆင်နယ်နှင့် ချယ်လ်ဆီးအသင်းတို့ အပြိုင်ဖြစ်နေပြီး ပြောင်းရွှေ့ကြေး ပေါင် ၈၅ သန်း သုံးနိုင်မည့်အသင်းကသာ အဆိုပါကစားသမားကို ရရှိနိုင်ဖွယ်ရှိသည်။ အာဆင်နယ်အသင်းက တိုက်စစ်မှူး ဆန်းချက်ဇ်ကိုဆက်ထိန်းရေး ကြိုးပမ်းမည်ဖြစ်သလို ထိပ်တန်းတိုက်စစ်မှူးတစ်ဦးကိုပါ ခေါ်ယူရန်ဆန္ဒရှိနေသဖြင့် ဘာလော့တီမှာ ဝင်းဂါး၏ အဓိကပစ်မှတ်ဖြစ်နေခြင်းဖြစ်သည်။

# အစာအိမ်အူလမ်းကြောင်းရောဂါရှာဖွေခြင်း နည်းလမ်းများ

ပါမောက္ခဒေါက်တာသိန်းမြင့် (YGH – GI)

ယနေ့ မေ ၂၉ ရက်နေ့တွင် ကျရောက်တဲ့ (၅၉) ကြိမ်မြောက် ကမ္ဘာ့အစာအိမ်နှင့်အူလမ်းကြောင်းနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အစာအိမ်အူလမ်းကြောင်းရောဂါများအကြောင်းဆိုတဲ့ ဆောင်းပါးကို ရေးသားရခြင်းဖြစ်ပါတယ်။ အစာအိမ်နှင့်အူလမ်းကြောင်းရောဂါများဟာ လူနေမှုစနစ်များ တိုးတက်ပြောင်းလဲလာတာနဲ့အတူ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းမှာပါ ဖြစ်ပွားနှုန်းပိုမိုများပြားလာလျက်ရှိပါတယ်။ အစာအိမ်နှင့်အူလမ်းကြောင်းရောဂါများ အဖြစ်များလာတာနဲ့အမျှ ရောဂါများကို စမ်းသပ်စစ်ဆေးကုသနိုင်တဲ့ နည်းလမ်းများလည်း ခေတ်မီတိုးတက်များပြားလာပါတယ်။

အစာအိမ်နှင့် အူလမ်းကြောင်းရောဂါရှာဖွေနိုင်တဲ့ စမ်းသပ်မှုများကို အကြမ်းဖျင်းအနေနဲ့ ရှင်းပြရရင် ရိုးရိုးဓာတ်မှန်၊ ဆေးဓာတ်မှန်၊ တယ်လီဗေးရှင်းဓာတ်မှန် (Ultrasound)၊ ကွန်ပျူတာဓာတ်မှန်(Computed Tomography (CT scan)၊ သံလိုက်ဓာတ်မှန် (magnetic resonance Imaging)၊ PET (positron emission tomography)၊ သွေးစစ်ခြင်းနှင့် ဝမ်းစစ်ခြင်း၊ အစာအိမ်နှင့်အူလမ်းကြောင်းမှန်ပြောင်းကြည့်ခြင်းနှင့် အခြားနည်းလမ်းများဖြင့် စစ်ဆေးနိုင်ပါတယ်။

အထက်ပါစမ်းသပ်စစ်ဆေးမှုများထဲမှ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အစာအိမ်နှင့်အူလမ်းကြောင်းရောဂါဆေးပညာဌာန National Endoscopy Centre မှာ ပြုလုပ်နိုင်သော နည်းလမ်းများကတော့ အစာအိမ်မှန်ပြောင်းကြည့်ခြင်း (Oesophago gastroduodenoscopy)၊ အူမကြီးမှန်ပြောင်းကြည့်ခြင်း (Colonoscopy)၊ သည်းခြေလမ်းကြောင်း မှန်ပြောင်းဖြင့်ကြည့်ရှုကုသခြင်း (Endoscopic Retrograde Cholangio Pancreaticogram, ERCP)၊ ဆေးတောင့်မှန်ပြောင်းကြည့်ခြင်း (Capsule Endoscopy)၊ အသံလှိုင်းပုံရိပ် မှန်ပြောင်းကြည့်ခြင်း (Endoscopic Ultrasound, EUS)၊ ပူဖောင်းနှစ်ခုပါ အူသိမ်အထူးကြည့်မှန်ပြောင်း (Double Balloon Enteroscope, DBE)၊ အစာမျိုပြွန်လှုပ်ရှားမှုတိုင်းတာခြင်း (Manometry)၊ အက်စစ်တိုင်းတာခြင်း (Oesophageal pH Metry)၊ လေမှုတ်၍ အစာအိမ်ပိုးရှိ- မရှိ စစ်ဆေးခြင်း (Urea Breath Test UBT)၊ နှာခေါင်းမှကြည့်သော အစာအိမ်မှန်ပြောင်း (Transnasal Endoscopy) တို့ဖြစ်ပါတယ်။

အစာအိမ်လမ်းကြောင်းမှန်ပြောင်း ကြည့်သင့်သူများကတော့ သွေးအားနည်းသောသူများ၊ ဝမ်းဗိုက်အတွင်းအလုံးစမ်းမိသူများ၊ အစာမျိုရခက်သူများ၊ အသက် (၅၅) နှစ်အထက်ရောက်မှ အစာမကြေဖြစ်သူများ၊ နာတာရှည်အစာမကြေဖြစ်သူများ၊ သွေးကျဲဆေးအမြဲတစေသောက်နေရသူများ၊ အက်စစ်ထိန်းဆေးတာရှည်သောက်နေရသူများ၊ ကွန်ပျူတာဓာတ်မှန်နှင့် အစာအိမ်ဆေးဓာတ်မှန်တို့တွင် ရောဂါတွေ့သူများ၊ အဆက်မပြတ်အန်ခြင်း၊ ကိုယ်အလေးချိန်သိသိသာသာကျသူများ၊ သွေးအန်ခြင်း၊ ဝမ်းအမည်းသွားခြင်း၊ အသည်းခြောက်ရောဂါရှိသူများ၊ အစာအိမ်ကင်ဆာခွဲစိတ်ကုသပြီး တစ်နှစ်ကြာလူနာများဖြစ်ပါတယ်။

အူမကြီးမှန်ပြောင်း ကြည့်သင့်သူများကတော့ အူမကြီးလမ်းကြောင်းရောင်ရမ်းသည့် ဝေဒနာရှင်များ၊ နာတာရှည်ဝမ်းလျှောနေသူများ၊ဝမ်းသွားသွေးပါခြင်း၊ မကြာခဏ ချွဲဝမ်းသွားခြင်း၊ သွေးအားနည်းရောဂါ ရှိသူများ၊ အူမကြီးကင်ဆာရောဂါရှိသည်ဟု သံသယရှိသူများ၊ ဝမ်းချုပ်လိုက်ပျက်လိုက်ဖြစ်သူများ၊ မျိုးရိုးတွင် အူမကြီးကင်ဆာရှိသူများ၊ ဝမ်းသွားအားမရသူများ၊ အသက် (၅၀) ကျော်သူများ အူမကြီးကင်ဆာရှိ မရှိ ကြိုတင်စစ်ဆေးခြင်း ( Colon cancer screening)၊ အူမကြီးကင်ဆာခွဲစိတ်ပြီး တစ်နှစ်ပြည့်သူများ၊ ကွန်ပျူတာဓာတ်မှန်နှင့် အူလမ်းကြောင်းဆေးဓာတ်မှန်တို့တွင် ရောဂါတွေ့သူများဖြစ်ပါတယ်။

သည်းခြေလမ်းကြောင်းမှန်ပြောင်း ကြည့်ရှုကုသသင့်သူများကတော့ သည်းခြေလမ်းကြောင်း ရောဂါရှိသည်ဟု သံသယရှိသူများ၊ မုန့်ချိုအိတ် ရောဂါရှိသည်ဟု သံသယရှိသူများ၊ သည်းခြေလမ်းကြောင်း ကျောက်တည်သူများ၊ သည်းခြေပြွန်လမ်းကြောင်းကျဉ်းသူများ၊ မုန့်ချိုအိတ်တွင် ကျောက်တည်သူများ၊ မုန့်ချိုအိတ်လမ်းကြောင်းကျဉ်းသူများ၊ ဝမ်းဗိုက်ခွဲစိတ်ကုသရာတွင် သည်းခြေပြွန်လမ်းကြောင်း မတော်တဆ ထိခိုက်ဒဏ်ရာရသူများ၊ သည်းခြေပြွန်လမ်းကြောင်းပိတ်ခြင်းကြောင့် အသားဝါဖြစ်သူများသည် ERCP လုပ်သင့်ပါတယ်။

ယခုခေတ်တွင် သည်းခြေပြွန်နှင့် သရက်ရွက် လမ်းကြောင်းရှိ ကျောက်များကို ခွဲစိတ်စရာမလိုဘဲ မှန်ပြောင်းဖြင့် ၉၀ ရာခိုင်နှုန်းကျော်ကုသနိုင်ပါတယ်။ ယခုလက်ရှိအချိန်တွင် ERCP ပြုလုပ်ခြင်းကို ရောဂါရှာဖွေခြင်းထက် ကုသခြင်းကိုသာ လုပ်ဆောင်လာကြပါသည်။ ERCP ပြုလုပ်ရန်အတွက် အူသိမ်လမ်းကြောင်း အထူးမှန်ပြောင်း (Duodenoscope) နှင့် ဓာတ်မှန်စက် (Fluroscope) လိုအပ်ပါတယ်။

**အသံလှိုင်းပုံရိပ်မှန်ပြောင်းကြည့်ခြင်း**

(Endoscopic Ultrasound, EUS)

နောက်ဆုံးပေါ် ခေတ်မီ ရောဂါရှာဖွေနည်းတစ်ခုဖြစ်ပါတယ်။ မှန်ပြောင်းထိပ်တွင် Ultrasound တပ်ဆင်ထားသည့် အသံလှိုင်းဖြင့် ရောဂါရှာဖွေကုသပေးနိုင်သော အထူးမှန်ပြောင်းတစ်မျိုးဖြစ်ပါတယ်။ စက်နှင့်မှန်ပြောင်း၏တန်ဖိုးမှာ ကျပ်သိန်းငါးထောင်ခန့်ရှိပါမယ်။ ရှာဖွေကုသနိုင်သောရောဂါများကတော့ သည်းခြေပြွန်လမ်းကြောင်းရောဂါများ၊ သရက်ရွက်ရောဂါများ၊ သည်းခြေအိတ်ရောဂါများ၊ အသည်းရောဂါများ၊ ရေဖျဉ်း၊ ဝမ်းဗိုက်နှင့်ရင်ခေါင်းအတွင်းရှိ အကျိတ်အမျိုးမျိုးကို အသားစယူခြင်း၊ ကင်ဆာအဆင့်ခွဲခြားခြင်း၊ အစာအိမ်အူလမ်းကြောင်းကြွက်သားအောက်အဖုများ (Submucosal lesion)၊ သရက်ရွက်အရည်အိတ် (Pancreatic Pseudocyst) ကုသခြင်း၊ ဝမ်းဗိုက်အတွင်းနှင့် ရင်ခေါင်းအတွင်းရောဂါများ အသားစယူခြင်းတို့ကို ပြုလုပ်ပေးနိုင်ပါတယ်။

**ဆေးတောင့်မှန်ပြောင်းကြည့်ခြင်း** (Capsule Endoscopy)




လူနာမှ ဆေးတောင့်အရွယ် မှန်ပြောင်းပါသော Capsule ကို ရေဖြင့်မျိုချရပါမယ်။ Capsule မကြည့်မီ လေးနာရီအတွင်း အရည်သာ သောက်ရပါမယ်။ ၁၂ နာရီအတွင်း အစာအပျော့သာ စားရပါမယ်။ ဆေးတောင့်မှန်ပြောင်းတွင်ပါရှိသော ကင်မရာမှ ဓာတ်ပုံများကို အဆက်မပြတ်ရိုက်ကူးပေးပြီး ဝမ်းဗိုက်နံရံတွင် တပ်ဆင်ထားသော ပုံရိပ်ဖမ်းစက်သို့ တစ်စက္ကန့်တွင် သုံးပုံ ပို့ဆောင်ပေးပါတယ်။ စုစုပေါင်းပုံရိပ် တစ်သိန်းနှစ်သောင်းလေးထောင်ခန့် ပို့ပေးမည်ဖြစ်ပါတယ်။ ၎င်းပုံရိပ်များကို ဆရာဝန်မှ ကွန်ပျူတာတွင်ကြည့်၍ ရောဂါရှာဖွေပေးမှာပါ။ Capsule သည် နောက်တစ်နေ့ ဝမ်းသွားလျှင် ဝမ်းနှင့်အတူထွက်သွားပါမယ်။ နောက်တစ်ကြိမ် ပြန်သုံး၍ မရပါဘူး။ တစ်ခါသာအသုံးပြုလို့ရနိုင်ပါမယ်။ ဆေးတောင့်မှန်ပြောင်းသည် သာမန်မှန်ပြောင်းဖြင့်ကြည့်၍မရနိုင်သော အူသိမ်လမ်းကြောင်းအတွင်း ဖြစ်ပေါ်သောရောဂါများ (အနာ၊ ကင်ဆာ၊ အသားပို၊ သွေးယိုစိမ့်ခြင်း) ကို ရှာဖွေရာ၌ အသုံးပြုပါတယ်။ ဒါပေမယ့် Capsule endoscopy ဖြင့် အသားစယူခြင်း၊ ရောဂါကုသမှုများကိုတော့ ပြုလုပ်လို့မရနိုင်ပါဘူး။ ဆေးတောင့်မှန်ပြောင်းကို အစာမျိုပြွန်၊ အစာအိမ်နှင့် အူမကြီးရောဂါများကို ရှာဖွေရာတွင် အသုံးမပြုသင့်ပါဘူး။ အစာမျိုပြွန်၊ အစာအိမ်နှင့် အူမကြီးရောဂါများကို မှန်ပြောင်းဖြင့်သာ ရောဂါရှာသင့်ပါတယ်။

**ပူဖောင်းနှစ်ခုပါ အူသိမ်အထူးကြည့်မှန်ပြောင်းရှည်ကြည့်ခြင်း**

(Double Balloon Enteroscopy)

အစာအိမ်မှန်ပြောင်း၊ အူမကြီးဖြင့်မရောက်နိုင်သော အူသိမ်(Small intestine) တွင်ဖြစ်ပေါ်သော ရောဂါများ (အနာ၊ ကင်ဆာ၊ အသားပို၊ သွေးယိုစိမ့်ခြင်းများ)ကို ရှာဖွေနိုင်ပါတယ်။ ရောဂါတွေ့ရှိပါက ကုသမှုနှင့်အတူ အသားစယူခြင်းကိုပါ တစ်ပြိုင်တည်း ပြုလုပ်ပေးနိုင်ပါတယ်။ ဆရာဝန်နှစ်ဦးနှင့် သူနာပြုနှစ်ဦး လိုအပ်ပါမယ်။ ပြုလုပ်ချိန်မှာ နှစ်နာရီမှ လေးနာရီအထိ ကြာမြင့်နိုင်ပါတယ်။ အိပ်ဆေး၊ မေ့ဆေးလိုအပ်ပါမယ်။



**အစာမျိုပြွန်လှုပ်ရှားမှုနှင့် အက်စစ်တိုင်းတာခြင်း**

(Manometry and pH metry)

အစာမျိုပြွန်လှုပ်ရှားမှုနှင့် အက်စစ်တိုင်းကိရိယာကို စားချဉ့်ပြန်ရောဂါ (Gastro Esophageal Reflux Disease) လို့ခေါ်တဲ့ အစာအိမ်ထဲမှပစ္စည်းများ အစာမျိုပြွန်ပေါ်ကို ကန်တက်သောရောဂါလက္ခဏာရှိသူများ၊ အစာမျိုရခက်သူများ၊ အစာမျိုလမ်းကြောင်း ကြွက်သားရောဂါရှာဖွေခြင်းတွင် အသုံးပြုပါတယ်။

**နှာခေါင်းမှကြည့်သော အစာအိမ်မှန်ပြောင်း**

(Transnasal Endoscopy)

ပုံမှန် မှန်ပြောင်းထက် အရွယ်အစားသေးငယ်ပြီး နှာခေါင်းမှတစ်ဆင့်ထည့်၍ အစာမျိုပြွန်၊ အစာအိမ်နှင့် အူသိမ်ဒုတိယပိုင်းအထိ ကြည့်ရှုနိုင်ပါတယ်။ သေးသွယ်သောမှန်ပြောင်းဟာ ရိုးရိုးမှန်ပြောင်းကြည့်ရှုစဉ်တွင် ခံစားရသော ကသိကအောက်ဖြစ်မှုကို လျော့နည်းစေပါတယ်။ လူနာက ကြည့်နေစဉ်မှာ စကားပြောနိုင်ပါတယ်။ မေ့ဆေး ၊ ထုံဆေးမလိုပါဘူး။ အသက်အရွယ်ကြီးသူများနှင့် အသည်းအသန်ခန်းအတွင်းမှ လူနာများအတွက် ပိုပြီး အသုံးတည့်ပါတယ်။

**လေမှုတ်၍ အစာအိမ်ပိုး ရှိ–မရှိ စစ်ဆေးခြင်း**

(Urea Breath Test)

အစာအိမ် ပိုး ရှိ-မရှိကို မှန်ပြောင်းမကြည့်ဘဲ လေမှုတ်ထုတ်ခြင်းဖြင့် စစ်ဆေးနိုင်ပါတယ်။ မစစ်ဆေးမီ လေးနာရီ အစာမစားရန်လိုအပ်ပြီး ချက်ချင်းအဖြေရရှိနိုင်ပါတယ်။ အစာအိမ်ပိုးသတ်ဆေးစားပြီး ပိုးကုန်- မကုန်စစ်ဆေးရန်အတွက် အလွန်အသုံးတည့်ပါတယ်။ အစာအိမ်ပိုးသတ်ဆေးစားပြီး လေးပတ်မှ ခြောက်ပတ်အတွင်း အစာအိမ်ပိုးကုန်-မကုန် မဖြစ်မနေစစ်ဆေးသင့်ပါတယ်။

အထက်ဖော်ပြပါ စမ်းသပ်မှုများတွင် သည်းခြေလမ်းကြောင်း မှန်ပြောင်းဖြင့်ကြည့်ရှုကုသခြင်း၊ ဆေးတောင့်မှန်ပြောင်းကြည့်ခြင်း၊ အသံလှိုင်းပုံရိပ်မှန်ပြောင်းကြည့်ခြင်း၊ ပူဖောင်းနှစ်ခုပါ အူသိမ်အထူးကြည့် မှန်ပြောင်း၊ အစာမျိုပြွန်လှုပ်ရှားမှု တိုင်းတာခြင်း၊ အစာမျိုပြွန်ကြွက်သားနှင့် အက်စစ်တိုင်းတာခြင်း၊ သေးသွယ်သောမှန်ပြောင်းဖြင့် နှာခေါင်းမှ ကြည့်ရှုခြင်းတို့ကို ပြင်ပဆေးရုံနှင့် ဆေးခန်းများတွင် ယခုအချိန်အထိ လုပ်ဆောင်နိုင်ခြင်းမရှိသေးပါဘူး။ နိုင်ငံတော်ပိုင် သင်ကြားရေးဆေးရုံကြီးများတွင်ရှိသော အစာအိမ်အူလမ်းကြောင်းအထူးကုဌာနများတွင်သာ လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ စမ်းသပ်စစ်ဆေးမှု ကုန်ကျစရိတ်မှာ ပြင်ပဆေးရုံနှင့်ဆေးခန်းများ၏ကုန်ကျစရိတ်မှာ ပြည်သူ့ဆေးရုံများထက် အနည်းဆုံး ၁၀ ဆခန့် ပိုမိုများပြားပါမယ်။

အထက်ဖော်ပြပါ စစ်ဆေးစမ်းသပ်ကုသမှုများကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အစာအိမ်အူလမ်းကြောင်းဌာန၊ National Endoscopy Center တွင် ရုံးဖွင့်ရက်ရုံးချိန်အတွင်း နေ့စဉ်ပြုလုပ်ပေးနေပါတယ်။ မြန်မာပြည်သူ၊ ပြည်သားအားလုံး နောက်ဆုံးပေါ် နိုင်ငံတကာအဆင့်မီ အစာအိမ်အူလမ်းကြောင်းရောဂါရှာဖွေကုသခြင်းကို နိုင်ငံတော်ပိုင်သင်ကြားရေးဆေးရုံကြီးများတွင်ရှိသော အစာအိမ်အူလမ်းကြောင်းအထူးကုဌာနများတွင် စရိတ်သက်သာ၍ ဘေးကင်းလုံခြုံစွာ ပြုလုပ်နိုင်ပြီဖြစ်ကြောင်းကို ဝမ်းသာစရာသတင်းကောင်းအဖြစ် တင်ပြလိုက်ရပါတယ်။ ။

# တင်ဒါလုပ်ငန်းများ ပွင့်လင်းမြင်သာမှုရှိစေရေး အလုပ်ရုံဆွေးနွေး စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်တက်ရောက်

**မုံရွာ မေ ၂၈**
စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများ လုပ်ငန်းများလုပ်ကိုင်ရန်အတွက် တင်ဒါစနစ်ဖြင့်လုပ်ဆောင်ရာတွင် ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှကြီးမှူးပြီး တင်ဒါလုပ်ငန်းများ ပွင့်လင်းမြင်သာမှုရှိစေရေး အလုပ်ရုံဆွေးနွေးပွဲကို မေ ၂၇ ရက် နံနက် ၉ နာရီက မုံရွာမြို့ ခရိုင်စီမံခန့်ခွဲမှုကော်မတီရုံး မြသလ္လာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်းက တင်ဒါဆိုင်ရာ ညွှန်ကြားချက်များနှင့် ကြီးကြပ်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ Inclusive Myanmar Development Initiative (IMDI) မှ တာဝန်ရှိသူတစ်ဦးက တင်ဒါလုပ်ငန်းစဉ်များအကြောင်းကို လည်းကောင်းအသီးသီး ရှင်းလင်း ပြောကြားခဲ့သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တည်ဆောက်ရေးလုပ်ငန်းများ လုပ်ဆောင်နေသော ကုမ္ပဏီများမှ ကိုယ်စားလှယ်များက သိရှိလိုသည်များကိုမေးမြန်းကြရာ တာဝန်ရှိသူများက



ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဥပဒေချုပ်၊ စာရင်းချုပ်နှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကုမ္ပဏီများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## လက်ခုပ်ပင်ဂိတ်တွင် တန်ပိုကုန်တင်ယာဉ်များအားစစ်ဆေး

**ကနီ မေ ၂၈**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် မုံရွာ-ယာကြီး-ကလေးဝလမ်းပေါ်ရှိ လက်ခုပ်ပင်ဂိတ်တွင် ခရီးသွားယာဉ်များနှင့် ကုန်တင်ယာဉ်များ တန်ပိုတင်ဆောင်မောင်းနှင်ခြင်း ရှိ-မရှိကို ကနီမြို့နယ်လမ်းဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့မှ မေ ၂၇ ရက်က ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"မိုးတွင်းကာလတွင် သတ်မှတ်တန်ချိန်ထက် ပိုမို၍တင်ဆောင်မောင်းနှင်သော ကုန်တင်မော်တော်ယာဉ်များ ဖြတ်သန်းသွားလာမှုကြောင့် လမ်းပျက်စီးမှုများဖြစ်ပေါ်ကာ လမ်းချော်ဗွက်နစ်ပြီး လမ်းများပိုမိုပျက်စီးရခြင်း၊ ကုန်တင်ယာဉ်များ လမ်းပိတ်ဆို့နေမှုကြောင့် တန်ပိုမှုများ မရှိအောင် အခုလို တန်ပိုမော်တော်ယာဉ်တွေကို စစ်ဆေးရခြင်းဖြစ်ပါတယ်" ဟု မြို့နယ်လမ်းဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

အဆိုပါ တန်ပိုယာဉ်စစ်ဆေးခြင်းများကို မုံရွာ-ယာကြီး-ကလေးဝလမ်းတွင် ၂၀၁၇ ခုနှစ် မေ ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ မိုးတွင်းကာလမှာ တန်ပိုယာဉ်များကို စစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်လမ်းဦးစီးဌာနမှ သိရသည်။

**သန်းငွေအောင်(ကနီ)**

## ပထမတန်းသင်ရိုးသစ် ဆင့်ပွားသင်တန်းဆင်း

**ဗန်းမော် မေ ၂၈**
ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်ပညာရေးဌာနမှ ကြီးမှူးဖွင့်လှစ်သော မူလတန်းအဆင့် ပထမတန်းသင်ရိုးသစ် ကျောင်းအုပ်စုအဆင့် ဆင့်ပွားသင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၂၆ ရက် နံနက် ၉ နာရီက မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဦးယုက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးထွန်းချစ်က အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်မော်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ဆက်လက်၍ သင်တန်းသားသင်တန်းသူများက မြတ်ဆရာ၊ ဉာဏစစ်သည်၊ မင်္ဂလာပါ၊ နှုတ်ဆက်ခဲ့ပြီ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေပြီး သင်တန်းသားသင်တန်းသူများကိုယ်စား ဦးထွန်းမြင့်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါသင်တန်းမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်ပြီး သင်တန်းသား သင်တန်းသူ ၂၂၅ ဦးနှင့် လေ့လာသူငါးဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်**




**မန္တလေး မေ ၂၈**
ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံကို ထောက်ခံသောအားဖြင့် စာပေဟောပြောပွဲ၊ ငြိမ်းချမ်းရေးတေးသီချင်းများ၊ ငြိမ်းချမ်းရေးသံချပ်များဖြင့် ဖျော်ဖြေပွဲဖွင့်ပွဲကို မေ ၂၇ ရက် ညနေ ၆ နာရီခွဲက မန္တလေးမြို့ မဟာအောင်မြေမြို့နယ်(၆၂) လမ်း၊ (၃၉) လမ်းနှင့် လမ်း(၄၀)ကြားရှိမနောရမ္မံပြည်သူ့ရင်ပြင်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီး ဒေါက်တာ ယုယုမေနှင့် တာဝန်ရှိသူများတက်ရောက်အားပေးပြီး ငြိမ်းချမ်းရေး မိုးပျံပူဖောင်းများ၊ ချိုးငှက်များလွှတ်၍ ဖွင့်လှစ်ပေးသည်။

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ထောက်ခံကြိုဆိုပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မန္တလေးခရိုင်နှင့် မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အမှုဆောင်များ၊ လူငယ်အဖွဲ့များ၊ ငြိမ်းချမ်းရေးမြတ်နိုးသူပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဗဟိုနာယက ဦးသိန်းတန်က အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်က ကျေးဇူးတင်စကားပြောကြားသည်။

ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ (၂၁) ရာစုပင်လုံ ကြိုဆိုထောက်ခံ စာပေဟောပြောပွဲတွင် စာရေးဆရာညီစေမင်း၊ စာရေးဆရာညီပုလေး၊ စာရေးဆရာထင်လင်းဦး၊ စာရေးဆရာဇော်ခိုင်ဦး၊ ကဗျာဆရာထွဏ်းသွေးအိမ်တို့က ငြိမ်းချမ်းရေးဖြစ်ထွန်းရေး၊ တိုင်းရင်းသားအားလုံးပူးပေါင်းပါဝင်ရေးနှင့် ပတ်သက်၍ ဟောပြောကြပြီး သုခရိပ်မြုံလူငယ်ဖွံ့ဖြိုးရေးဂေဟာမှ ကျောင်းသားကျောင်းသူများက တိုင်းရင်းသားအကများဖြင့်လည်းကောင်း၊ ကံတက်ကုန်းပရဟိတကျောင်းမှ ကျောင်းသူများက ပအိုဝ်းအကနှင့် ငြိမ်းချမ်းရေးသီချင်းများဖြင့်လည်းကောင်း၊ ၂၀၁၇ ခုနှစ် မန္တလေးမြို့တော် သင်္ကြန်မဏ္ဍပ်သံချပ်ပထမဆုရ အောင်စံမောင် သံချပ်အဖွဲ့က ငြိမ်းချမ်းရေးသံချပ်များဖြင့် ဖျော်ဖြေကြကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## တန်ဖိုးမျှတအိမ်ရာများ တိုးချဲ့တည်ဆောက်နေ၍ အိမ်ခြံမြေဈေးနှုန်းများ တည်ငြိမ်၊ အရောင်းအဝယ်အေး

**မန္တလေး မေ ၂၈**
ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနက အငြိမ်းစား ဝန်ထမ်းများ၊ ဝင်ငွေနည်းပြည်သူများအတွက် ချမ်းမြသာစည်မြို့နယ်အတွင်း တန်ဖိုးမျှတအိမ်ရာများ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

တည်ဆောက်ပြီးစီးနေသည့် တန်ဖိုးမျှတအိမ်ရာများတွင် သွားလာမှုအဆင်ပြေစေရေး ကွန်ကရစ်လမ်းများခင်းပေးခြင်း၊ မော်တော်ယာဉ်များထားနိုင်ရန် ကွန်ကရစ်ယာဉ်ရပ်နားနေရာများ စီစဉ်ထားရှိခြင်းနှင့် ကလေးများကစားနိုင်ရန် ပန်းခြံငယ်များ တည်ဆောက်ပေးထားခြင်းများကြောင့် မြရည်နန္ဒာရပ်ကွက် တန်ဖိုးမျှတအိမ်ရာများတွင် နေထိုင်သူများပြားလာလျက်ရှိသည်။

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ် ငွေစုဆောင်းသူများ တိုက်ခန်းတန်ဖိုး၏ ၃၀ ရာခိုင်နှုန်း စုဆောင်းငွေရှိပါက တန်ဖိုးမျှတအိမ်ရာတိုက်ခန်းများအား ဦးစားပေးအစီအစဉ်ဖြင့် ရောင်းချပေးသည်။ အငြိမ်းစားဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများနှင့် ဝင်ငွေနည်းပြည်သူများအား ပွင့်လင်းမြင်သာစွာ မဲစနစ်ဖြင့် ရောင်းချပေးခဲ့သည်။ ဆက်လက်၍ လျှောက်လွှာတင်ထားပြီးသူများအား တန်ဖိုးမျှတအိမ်ရာများ နေရာချထားပေးနိုင်ရန် ဘဏ္ဍာရေးနှစ်အလိုက် တိုက်ခန်းများဆောက်လုပ်လျက်ရှိသည်။

ပြည်သူအများ ဝယ်ယူနိုင်စေရန် ဈေးနှုန်းများသတ်မှတ်ထားရာ ၄၀၀ စတုရန်းပေတစ်ခန်းကျပ်သိန်း ၉၀၊ ၅၀၀ စတုရန်းပေတစ်ခန်း ၁၁၅ သိန်း၊ ၆၀၀ စတုရန်းပေ တစ်ခန်း ကျပ်သိန်း ၁၄၀၊ ၇၅၀ စတုရန်းပေတစ်ခန်း ကျပ်သိန်း ၁၇၀ နှင့် ၉၀၀ စတုရန်းပေတစ်ခန်း သိန်း ၂၀၀ သတ်မှတ်ထားပြီး ငွေပေးချေမှုအား ငါးနှစ်၊ ရှစ်နှစ်၊ ၁၀ နှစ်၊ ၁၂ နှစ်၊ ၁၅ နှစ် အရစ်ချစနစ်များဖြင့် မြို့ပြအိမ်ရာဖွံ့ဖြိုးရေးဘဏ်ဖြင့် ချိတ်ဆက်ရောင်းချပေးရန်ရှိသည်။

ချမ်းမြသာစည်မြို့နယ်အတွင်း တန်ဖိုးနည်းအိမ်ရာများ တည်ဆောက်မှုကြောင့် ချမ်းမြသာစည်မြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်ရှိ အိမ်ခြံမြေဈေးနှုန်းများ ကျဆင်းသွားပြီး အရောင်းအဝယ်များလည်းအေးနေကြောင်း အိမ်ခြံမြေအကျိုးဆောင်များထံမှ သိရသည်။

**မောင်ပြည်သူ(မန္တလေး)**



## ငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံကိုဂုဏ်ပြုသောအားဖြင့် သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ဝက်လက် မေ ၂၈**
ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစုပင်လုံ (ဒုတိယအစည်းအဝေး) ကို ဂုဏ်ပြုသောအားဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်ကို စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် သခွတ္တောကျေးရွာအဝင်လမ်းတွင် မေ ၂၇ ရက် နံနက် ၆ နာရီခွဲက ပြုလုပ်ခဲ့ကြောင်း သိရသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်းနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ကျေးရွာပြည်သူများက စုပေါင်း၍ ကျွန်းပင် ၅၀၊ ငုရွှေဝါပင် ၅၀၊ စိန်ပန်းကြီးပင် ၅၀၊ ကုလားကုက္ကိုပင် ၅၀၊ မဲဇလီပင် ၅၀၊ တမာပင် ၅၀ စုစုပေါင်းအပင် ၃၀၀ တို့ကို လမ်းဘေးဝဲယာတစ်လျှောက် စိုက်ပျိုးပေးခဲ့ကြကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**

# နိုင်ငံတော်နှင့်ဒေသခံပြည်သူများ၏အကျိုးအတွက် အရည်အသွေးပြည့်မီစွာ ကြိုးစားဆောင်ရွက်

**ပဲခူး မေ ၂၈**

ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်သည် မေ ၂၈ ရက်နံနက် ၈ နာရီက တာဝန်ရှိသူများနှင့်အတူ မိုးညို မြို့နယ်နှင့် လက်ပံတန်းမြို့နယ်အကြားရှိ ဧရာဝတီအရှေ့ဘက်ကမ်း တာပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းမင်းဇော်က ဧရာဝတီအရှေ့ဘက်ကမ်း တာပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ လွှတ်တော်ဥက္ကဋ္ဌက သဘာဝဘေးဒဏ်ခံနိုင်အောင်၊ မကြာခဏပြုပြင်ခြင်းမရှိရအောင်၊ နိုင်တော်နှင့် ဒေသခံပြည်သူများ၏ အကျိုးအတွက် စေတနာပါပါ အရည်အသွေးပြည့်မီစွာ ကြိုးစားဆောင်ရွက်ပေးကြရန် မှာကြားခဲ့သည်။

ဧရာဝတီ အရှေ့ဘက်ကမ်းတာသည် မိုးညိုမြို့နယ်နှင့် လက်ပံတန်းမြို့နယ်တွင် တည်ရှိပြီး ၁၉၅၉ ခုနှစ်တွင် တည်ဆောက်ခဲ့သော ဧရာဝတီမြစ် ရေဘေးကာကွယ်ရေးတာဖြစ်သည်။ အဆိုပါတာသည် မိုးညိုမြို့နယ်အတွင်း ၄ ဒသမ ၅ မိုင်၊ လက်ပံတန်းမြို့နယ်တွင် ၂၃ ဒသမ ၂၅ မိုင် ပေါင်း ၂၇ ဒသမ ၇၅ မိုင် ရှည်လျားပြီး ရေဘေးကာကွယ်ဧကအနေဖြင့် မိုးညိုမြို့နယ်တွင် ၉၄၅၅ ဧက၊ လက်ပံတန်းမြို့နယ်တွင် ၄၆၂၉၇ ဧက စုစုပေါင်း ၅၅၇၅၂ ဧက ရှိသည်။

ဧရာဝတီ အရှေ့ဘက်ကမ်းတာသည် ၂၀၁၅-၂၀၁၆ခုနှစ်တို့တွင် ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် တာပေါ်ရေကျော်ခြင်း၊ ထူးပေါက်များပေါက်ခြင်း၊ တာအိလျှော့ခြင်းများဖြစ်ပေါ်ခဲ့သဖြင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေကျပ် ၂၈၆ ဒသမ ၅၈၀ သန်းဖြင့် တာမိုင် (၀/၀) မှ (၃/၀) အထိ ငါးပေအမြင့် အခိုင်အမာပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်ခြင်းဖြစ်သည့်အပြင် မိုးရာသီမတိုင်မီ ကြံ့ခိုင်မှုရှိစေရန်အတွက် ကျန်ရှိသည့်အပိုင်းအား ယာယီပြင်ဆင်ခြင်းအနေဖြင့် ထူးခွဲခြင်း၊ မြေပြန်ဖို့ခြင်း၊ တာအိလျှော့မှုပြင်ဆင်ခြင်း၊ တာနိမ့်သောနေရာများအား နှစ်ပေမြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိခြင်း၊ ကျန်တာမိုင်များကိုလည်း ပြည်ထောင်စုနှင့် တိုင်းဒေသကြီးတို့၏ ခွင့်ပြုရန်ပုံငွေများဖြင့် ဆက်လက် လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်သည်။

အရေးကြီးအပိုင်းများဖြစ်သည့် မိုင်တိုင် (၈/၄) မှ (၁၀/၀) အတွင်း၊ (၁၁/၀)မှ (၁၃/၂)အတွင်း၊(၁၄/၅)မှ(၁၅/၅) အတွင်း၊ (၁၇/၀)မှ (၁၈/၃) အတွင်း၊ (၁၈/၇) မှ (၁၉/၄) အတွင်း မိုင်များအား ပထမဦးစားပေးအနေဖြင့် မိုးမတိုင်မီ အပြီးဆောင်ရွက်သွားရန်အား သွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိသည်။

ရာသီဥတု အခြေအနေအပေါ်မူတည်၍ အရေးကြီးအပိုင်းများအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် မိုင်တိုင် ၈/၄ မှ ၁၉/၄ အတွင်း ကျန်ရှိသည့်အပိုင်းများကို မိုးကုန်ပွင့်လင်းရာသီရောက်ရှိက လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

**တင်စိုး(ပဲခူး)**



# ကော့သောင်းမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနှင့် ကျောင်းထွက်သူပပျောက်ရေး အခမ်းအနားကျင်းပ



**ကော့သောင်း မေ ၂၈**

ကော့သောင်းမြို့နယ် ၂၀၁၇-၁၈ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနှင့် ကျောင်းထွက်သူပပျောက်ရေး သီတင်းပတ် အခမ်းအနားကို မေ ၂၈ ရက် နံနက် ၉ နာရီက အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း မြတ်ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားအား ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖွင့်လှစ်ကြပြီး ကော့သောင်းခရိုင် အုပ်ချုပ်ရေးမှူးဦးကျော်သက်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပညာရေးမှူးဦးမျိုးလွင်က ကျောင်းအပ်နှံရေးနှင့် ကျောင်းထွက်သူ ပပျောက်ရေးပညာရေးဌာန၏ ဆောင်ရွက်မှုလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အလှူရှင်များ၊ ပြင်ပသင်တန်းများ၊ ကိုယ်ပိုင်ပညာရေးကျောင်းများမှ အလှူငွေနှင့် ကျောင်းသုံးစာရေးကိရိယာများပေးအပ်လှူဒါန်းကြပြီး တာဝန်ရှိသူများက ပညာရေးဝန်ကြီးဌာနမှ ပေးအပ်သော ကျောင်းသုံးပစ္စည်းများကို ချို့တဲ့ ကျောင်းသား ကျောင်းသူများအား အသီးသီးပေးအပ်ကြကာ အခမ်းအနားအား ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် သီဆိုရုပ်သိမ်းသည်။

အဆိုပါ မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့နှင့် ကျောင်းထွက်သူပပျောက်ရေး အခမ်းအနားကို ကျောင်းနေအရွယ်ကလေးတိုင်းကျောင်းနေကြရပြီး အခြေခံပညာ အဆင့်အလိုက် သင်ယူပြီးမြောက်နိုင်ကြရေးနှင့် သင်ယူတတ်မြောက်မှုအရည်အသွေးမြင့်မားလာကြစေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# လှိုင်မြို့နယ်ရှိထက်၊လယ်၊မူ အခြေခံပညာကျောင်းများ၌ သွေးလွန်တုပ်ကွေး ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် မေ ၂၈**

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်အတွင်း ထက်၊ လယ်၊ မူအခြေခံပညာကျောင်းပေါင်း ၄၁ ကျောင်းရှိရာ ကျောင်းဖွင့်ရာသီအမီ မိုးရာသီတွင်ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာ ကျန်းမာရေးဌာနတို့က စာသင်ကျောင်းများတွင် ဆေးဖျန်း၊ ဆေးမှုတ်ခြင်း၊ အဘိတ်ဆေးခတ်ပေးခြင်း လုပ်ငန်းများ ဆောင်ရွက်နေသည်ဟု မြို့နယ်စည်ပင်သာယာ ကျန်းမာရေးဌာနမှ သိရသည်။

"လှိုင်မြို့နယ်မှာ အခြေခံပညာစာသင်ကျောင်းပေါင်း ၄၁ ကျောင်းရှိပါတယ်။ မြို့နယ်စည်ပင်သာယာကျန်းမာရေးဌာနက တာဝန်ယူပြီးဆောင်ရွက်ရတဲ့ ကျောင်းပေါင်း ၂၀ ရှိပါတယ်" ဟု မြို့နယ်စည်ပင်သာယာ ကျန်းမာရေးဌာန တာဝန်ခံ ဒေါ်စန်းစန်းသွင်က ပြောသည်။

အဆိုပါလုပ်ငန်းကို မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်းက ကြီးကြပ်၍ မေ ၂၇ ရက်က အမှတ် (၃၀) အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းအုပ်ကြီးနှင့် ကျောင်းအကျိုးတော်ဆောင်များ ပူးပေါင်းပြီး စည်ပင်သာယာ ကျန်းမာရေးဌာနဝန်ထမ်းများက ဆေးဖျန်းဆေးမှုတ်ခြင်း၊ အဘိတ်ဆေးခတ်ပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထို့အပြင် သန့်ရှင်းရေးဌာနဝန်ထမ်းများက ကျောင်းဝန်းကျင်မှ ချုံနွယ် မြက်ပင်များအား ခုတ်ထွင်ရှင်းလင်းပေးခြင်း၊ ပိတ်ဆို့ရေနုတ်မြောင်းများအား ရေစီးရေလာ ကောင်းရန် ဆောင်ရွက်ပေးခဲ့သည်ဟု သိရသည်။

**မောင်သုည**

# အဘိတ်ဆေးခတ်ခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေး စုပေါင်းသန့်ရှင်း

**အိမ်မဲ မေ ၂၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်၌ ရပ်ကွက်နေပြည်သူများ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် အဘိတ်ဆေးခတ်ခြင်းနှင့် ရပ်ကွက်အတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ ဦးဆောင်မှုနှင့် ကျန်းမာရေးဌာနနှင့် ပူးပေါင်းလျက် အပတ်စဉ် စနေနေ့တိုင်း ဆောင်ရွက်လျက်ရှိရာ မေ ၂၇ ရက် နံနက် ၇ နာရီက အိမ်မဲမြို့ချောင်းဝရပ်ကွက်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရပ်ကွက်အတွင်းရှိ ပိတ်ဆို့နေသောရေမြောင်းများ တူးဖော်ခြင်းနှင့် လမ်းဘေးတစ်လျှောက်ချုံနွယ်များ ရှင်းလင်းခြင်းများဆောင်ရွက်ခဲ့ပြီး ရပ်ကွက်အတွင်းရှိ နေအိမ်များ ရေသိုလှောင်သည့် ရေကန်များအတွင်း ခြင်မပေါက်ပွားစေရန် အဘိတ်ဆေးခတ်ခြင်းနှင့် သွေးလွန်တုပ်ကွေးရောဂါ အသိပညာပေးပြောကြားခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်ပြန် /ဆက်**






&efukefwkdkaoukD*kBpfqyfurf) rdk, fnfyifbm , mtyfcsKyfa&;rS;Dmumbef \0Daqmifzift ajccHynmaumif;wifrkvifumv ao;vefwkdkau;ukdwif umu , f&;jcift EÅm , fuif a0;apa&; twufcifaq;rkwfcif olu&uef;wif ykbwfaq;zefcifvkfefwkm;ar26&ufuaqmifukp0f

owif;ESifhwyfkuuhpk(qyfurf)

# ရထားလမ်းများတွင် အသိပညာပေးစာစောင်များ ဖြန့်ဝေ

**ဒဂုံမြို့သစ်(တောင်ပိုင်း) မေ ၂၈**

ရန်ကုန်အရှေ့ပိုင်းခရိုင် ရထားရဲတပ်ဖွဲ့ အမှတ်(၁၂)တပ်ခွဲ တပ်စု(၂) တိုးကြောင်ကလေး တပ်စုမှူး ဒုရဲအုပ်သန်းအေးဦးစီးသော တပ်ဖွဲ့ဝင်များသည် မေ ၂၃ ရက် မွန်းလွဲ ၁ နာရီခွဲက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် သွားလာပို့ဆောင်ရေးဂိတ်အမှတ်(၂) ရထားသံလမ်းကူးနေရာ၌ ပြည်သူများအား ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး**

# ဆေးလိပ်၊ ဆေးရွက်ကြီးအန္တရာယ် ကာကွယ်ရေး သွေးအေးမသွားကြဖို့လို

**ရာမည-သွေးမွန်**

“ဆေးလိပ်လည်းတို၊ နေလည်းညိုပြီ ငါ့ကို . . ဟူသော အန္ဒိုင်းပြ ရုပကအလင်္ကာဖြင့် လူလားမြောက်လာရသော မိမိတို့သည် ဆရာကြီးတင်မိုး၏ ဆိုလိုချက်အနက်ထက် အန္ဒိုင်းပြပစ္စည်း “ဆေးလိပ်” ကိုသတိပြုမိပါသည်။ ဆရာ၊ မိဘ၊ လူကြီးသူမကွယ်ရာတွင် ချောင်းတဟွတ်ဟွတ်အဆိုးခံကာ ဆေးလိပ်ခိုးသောက်ခဲ့ကြသည်ကို မမေ့နိုင်တတ်သေးပါ။ အဆင်ခြင် အသိတရားက လက်ဦးမှုရယူခဲ့၍သာ စွဲလမ်းသည့်အဆင့်မတိုင်မီ ဆေးလိပ်နှင့် ဇာတ်လမ်းပြတ်ခဲ့သည်။

တစ်ကမ္ဘာလုံးတွင် ကပ်ရောဂါပမာ တိုးတက်များပြားလာနေသော ဆေးလိပ်သောက်သုံးသူအရေတွက်က အထူးသဖြင့် ဖွံ့ဖြိုးဆဲတိုင်းနိုင်ငံများတွင် ကျရောက်လျက်ရှိသည်။ ဆေးလိပ်သောက်သုံးမှုကြောင့် ဖြစ်ပွားလာနေသော ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုပြဿနာများက စိုးရိမ်ကြောင့်ကြဖွယ်အခြေအနေသို့ ဆိုက်ရောက်လာနေသည်။

ဤအခြေအနေတွင် မိမိတို့လူသားများသည် နှစ်စဉ်မေ ၃၁ ရက်တိုင်း “ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့” ကျင်းပကြသည်။ မမေ့မလျော့သင့်ပါ၊ သွေးအေးမသွားသင့်ပါ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ဦးဆောင်မှုဖြင့် “ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း” တစ်ရပ်ကို အဖွဲ့ဝင်နိုင်ငံများက လေးနှစ်ကြာ ညှိနှိုင်းရေးဆွဲပြီး ၂၀၀၃ ခုနှစ် မေလတွင် ကျင်းပခဲ့သော (၅၆)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ညီလာခံတွင် အဖွဲ့ဝင်နိုင်ငံအားလုံးက တညီတညွတ်တည်း အတည်ပြုခဲ့ကြသည်။ ဤသည်ကို မိမိတို့မြန်မာနိုင်ငံက ကိုယ်စားလှယ်များ အစဉ်တစိုက် တက်ရောက်ဆွေးနွေးခဲ့သည်။

ထို့မျှမက စတုတ္ထအကြိမ်မြောက် အရှေ့တောင်အာရှဒေသတွင် ညှိနှိုင်းအစည်းအဝေးကို မိမိတို့မြန်မာနိုင်ငံမှာပင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပနိုင်ခဲ့သည်။ ကွန်ဗင်းရှင်းကို မိမိတို့မြန်မာနိုင်ငံက ၂၀၀၃ ခုနှစ် အောက်တိုဘာ ၂၃ ရက်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၄ ခုနှစ် ဧပြီ ၂၀ ရက်တွင် အတည်ပြုခဲ့သည်။ သို့ဖြင့် အဆိုပါကွန်ဗင်းရှင်းက ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်အာဏာသက်ဝင်ခဲ့သည်။

**ဆေးလိပ်အစ ဘယ်ဆီက**

ဆေးရွက်ကြီးသည် တစ်ရာသီခံ အရွက်ကြီးမျိုးဖြစ်သည်။ လူတို့စီးပွားဖြစ် စတင်စိုက်ပျိုးလာသော မူလဆေးရွက်ကြီးမျိုးမှာ အဓိကအားဖြင့် နှစ်မျိုးနှစ်စားခွဲခြားနိုင်သည်။ Nicotiana rustica မှာ ဆေးရွက်ကြီး အရိုင်းမျိုးဖြစ်၍ တောင်အာဖရိကတိုက်နှင့် ရုရှားနိုင်ငံတို့တွင် စိုက်ပျိုးသည်။ နီကိုတင်းပမာဏပါဝင်မှု များပြား၍ ဆေးပြင်းသည်။ Nicotiana Tabacum မှာ ကမ္ဘာအနှံ့တွင်စိုက်ပျိုးသော ဆေးရွက်ကြီးပင်အယဉ်မျိုး (domestic plant) ဖြစ်၍ ဆေးအပျော့မျိုး ဖြစ်သည်။ အပင်အရှည်ပိုမြင့်၍ tall tobacco ဟုလည်းခေါ်ကြသည်။

အမေရိကတိုက်တွင် ဆေးရွက်ကြီးများကို ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၆၀၀၀ ခန့် 6000 BC ခန့်ကတည်းကပင် စတင်ပေါ်ပေါက်နေနိုင်ကြောင်း ပညာရှင်များက ခန့်မှန်းထားကြသည်။ ဒေသခံလူရိုင်းများကမူ ဆေးရွက်ကြီးကို စတင်သုံးစွဲနေမှုအထောက်အထားကို စတင်တွေ့ရှိသည်မှာ ခရစ်တော်မပေါ်မီ တစ်နှစ်အလို 1 BC ခန့်တွင် စတင်တွေ့ရှိနေပြီဟုဆိုသည်။ ထိုစဉ်က သုံးစွဲကြသည်မှာ ယခုကဲ့သို့ သောက်/ရှူကြခြင်းတော့မဟုတ်။ ဘာသာရေး၊ လူမှုရေးအခမ်းအနားများတွင် ကိုးကွယ်ရာ နတ်ဘုရားများကို ပူဇော်ပသမှုအနေဖြင့်လည်းကောင်း၊ ဆေးဝါးများအနေဖြင့်လည်းကောင်း၊ သုံးစွဲကြခြင်းဖြစ်သည်။ ဆေးရွက်ကြီးကို ဝါးခြင်း၊ ငုံခြင်း၊ ရေစိမ်သောက်ခြင်း၊ အမှုန့်ပြု၍ နှာရှူဆေးအသွင်ဖြင့် ရှူခြင်း၊ မီးရှို့ကာ အငွေ့ကိုရှူရှိုက်ကြခြင်း စသည်ဖြင့် နည်းမျိုးစုံသုံးကြခြင်းဖြစ်သည်။ ဤသည်မှာ ဆေးရွက်ကြီး၏ သမိုင်းဦးအနေအထားဖြစ်သည်။

ယခုခေတ်အခါမှာမူ ဆေးရွက်ကြီးကို စီးကရက်၊ ဆေးလိပ်များအဖြစ် ခေတ်အစားဆုံး အသုံးအဆောင်ပစ္စည်းဖြစ်နေပေပြီ။ နယ်မြေသစ်ရှာသူ ခရစ်စတိုဖာကိုလံဘတ် (Christopher Columbus) က ခရစ်နှစ် ၁၄၉၂ ခုနှစ်တွင် အမေရိကတိုက် ဗဟားမားကျွန်းသို့ရောက်ရှိစဉ် ဒေသနေများက အလုပ်ခွင်မှအပြန် ညနေစောင်း သစ်ရွက်တစ်မျိုးကို မီးရှို့ရှူရှိုက်နေကြသည်ကို တွေ့ရသည်။ ကိုယ်တိုင် ရှူရှိုက်ကြည့်၏။ နှစ်သက်သည်နှင့် မျိုးစေ့များ ဥရောပသို့ ယူဆောင်လာခဲ့သည်။ ဥရောပသားတို့ကမူ ဘာသာယုံကြည်ကိုးကွယ်မှုနှင့်မဆိုင်၊ မပတ်သက်တော့ဘဲ အငွေ့ရှူရှိုက်ရမှုအရသာကို သာယာလိုခြင်းဖြစ်သည်။

ပေါ်တူဂီနိုင်ငံတွင် သံအမတ်အဖြစ် တာဝန်ထမ်းဆောင်သော ပြင်သစ်လူမျိုး “ဇန်းနီကော” (Jean Nicot de Villeman) သည် ဆေးရွက်ကြီး၏ ဆေးဘက်ဆိုင်ရာအာနိသင်များကို သုတေသနပြု မှတ်တမ်းတင်သည်။ ထိုစဉ်က ပြင်သစ်ဘုရင်မ (ကက်သရင်း) တွင် စွဲကပ်နေသော ခေါင်းတစ်ခြမ်းကိုက်ဝေဒနာအား သက်သာပျောက်ကင်းအောင် ဆက်သနိုင်လိုက်သဖြင့် ဆေးရွက်ကြီးမှာ တစ်ဟုန်ထိုး လူသိများလာသည်။ ခေတ်စားလာသည်။ ဆေးရွက်ကြီးတွင်ပါဝင်သော လူကိုစွဲတတ်သည့် အာနိသင် “နီကိုတင်းဓာတ်” သည်လည်း အဆိုပါသံအမတ်ကြီး၏အမည် “ဇန်းနီကော” ကိုအစွဲပြု မှည့်ခေါ်ခြင်းဖြစ်သည်။

ဥရောပတိုက်မှ ကမ္ဘာ့အရှေ့ခြမ်းသို့လည်းကောင်း၊ တောင်အာဖရိကသို့လည်းကောင်း၊ မိမိတို့ အရှေ့တောင်အာရှဒေသ ဖိလစ်ပိုင်၊ အိန္ဒိယ၊ တရုတ်၊ ဂျပန်သို့တိုင် မြန်ဆန်စွာ ကူးစက်ရောက်ရှိသည်။ သက္ကရာဇ် ၁၉၁၃ ခုနှစ်တွင်၊ (R.J Reynolds) ကုမ္ပဏီမှ (Camels) အမှတ်တံဆိပ် စီးကရက်သည် ခေတ်မီနည်းပညာဖြင့် ပေါင်းစပ်ထုတ်လုပ်ထားသဖြင့် ပထမဦးဆုံးသော စီးကရက်ဖြစ်လာသည်။ ၁၉၆၄ တွင် (Mar- lboro Man) ကြော်ငြာစီမံကိန်းကြောင့် တစ်နှစ် စီးကရက်ရောင်းအား ၁၀ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။

**မြန်မာနှင့် ဆေးလိပ် ပေါင်းဖက်တွေ့**

“ဆေးတံတို တစ်ညိုလောက် ရော့ သောက်တော့ပေး. . ” ဟူသော မြန်မာသက္ကရာဇ် ၉၉၁ ခုနှစ်က သာလွန်မင်းတရားလက်ထက် စာဆိုစိန္တကျော်သူ၏ သြဝါဒပျို့လာ စာချိုးအရလည်းကောင်း၊ “ဆေးတစ်အိုးကျွမ်း၊ ကွမ်းတစ်ယာညက်” ဟူသော စကားလုံးအသုံးအနှုန်းများသည်လည်းကောင်း၊ မိမိတို့မြန်မာများ၏ ဆေးလိပ်၊ ဆေးရွက်ကြီး အသုံး၊ အရေးပါ အလေးထားကြပုံကို ခန့်မှန်းနိုင်ကြမည်ဖြစ်သည်။

ထို့မျှမက “မဝယ်ဘူး၊ မယ်ခူးတဲ့ ဖက်စို။ မီးမကူ၊ နေပူမှာ မကင်အားလို့” ဟူသည်လည်း မြန်မာမင်းနေပြည် အင်းဝခေတ် ရွှေမြို့တော်သွားချစ်သူကို ပေးလိုက်သည့် ဆေးလိပ်လက်ဆောင် စာချိုးလေးကလည်း မြန်မာတို့၏ ဆေးလိပ်အပေါ် အလေးထားမှုပုံရိပ်များပင်ဖြစ်သည်။ အိမ်ဦးဧည့်ခန်းတွင် ဧည့်ခံအသုံးအဖြစ် ဆေးလိပ်ဘူးတွင် ကွမ်းအစ်နှင့်အတူ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ဖက်ဖြူ ဖက်စိမ်း၊ သနပ်ဖက် စသည်ဖြင့် နေရာယူလာသည်။ ဤသည်က မိမိတို့ ရှေးဦးမြန်မာများ ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် ဒွေးရောယှက်တင် ပေါင်းသင်းခဲ့ကြမှု အခြေအနေဖြစ်သည်။

နောက်ပိုင်း မိမိတို့မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရအပြီး စီးကရက်စက်ရုံများ အပြိုင်အဆိုင် ထူထောင်လာကြသည်။ ဗာဂျီးနီးယားဆေးစီမံကိန်း ၁၉၅၅ ခုနှစ်တွင် စတင်အကောင်အထည်ဖော်သည်။ မြန်မာနိုင်ငံတွင် ဆေးလိပ်၊ ဆေးရွက်ကြီး အခြေခံကျကျ စိုက်နိုင်ကြပြီဖြစ်သည်။ မှတ်တမ်းများအရ ပထမကမ္ဘာစစ်ကြီးပြီးလောက်တွင် မြန်မာနိုင်ငံသို့ စတင်ရောက်ရှိကာ ဒုတိယကမ္ဘာစစ်အပြီးတွင် အင်္ဂလိပ်စစ်တပ်နှင့်အတူ ပေါပေါများများ ဝင်ရောက်လာသည်။ တပ်ရိက္ခာမှာပင် အမယ်တစ်မျိုးအဖြစ် ပါဝင်သတ်မှတ်လိုက်သေးသည်။

**ဆေးလိပ်ကပေးသည့် အန္တရာယ်ဆိုးများ**

ဆေးလိပ်တစ်ဖွာရှိုက်ကာ ဖြူဖွေးသန့်စင်သော ပိတ်စတစ်စတွင် နှုတ်ခမ်းအပ်၍ မှုတ်ထုတ်လိုက်ပါ။ ယင်းပိတ်ဖြူတွင် အမည်းညစ်မှုန်များ ကပ်ငြိသွားသည်ကို တွေ့ရပါမည်။ ဤသည်ကား နီကိုတင်းအဆိပ်မှုန်လေးများ ဖြစ်ပါ၏။ ထိုအမှုန်များ၏ တစ်စက်မျှသော ပမာဏကို ယုန်တစ်ကောင်၏ အရေပြားပေါ်တင်လိုက်လျှင်ပင် အသက်ဆုံးရှုံးသွားနိုင်ပါသည်။

ဆေးလိပ်မီးခိုးတွင် ဓာတ်ငွေ့၊ ရေငွေ့နှင့် သေးငယ်သောအမှုန်အခဲလေးများပါဝင်သည်။ ဆေးလိပ် မီးညှိ၍ သောက်ရှူလိုက်သောအခါ မီးလောင်နေသော ဆေးလိပ်မှ ဓာတုပစ္စည်းများစွာပါဝင်သော မီးခိုးများ ဖြစ်ပေါ်လာသည်။ အချို့က ဆေးလိပ်မီးခိုးများ လေထဲပျံ့လွင့်သွားသကဲ့သို့ အချို့က ဆေးလိပ်ဖင်ပိုင်းသို့ တိုး၍တိုး၍ ဝင်သွားသည်။ ဆေးလိပ်တစ်ကြိမ်ဖွာပြီးတိုင်း ဆေးလိပ်အလျားသည် တို၍သွားရသည်။ ဆေးလိပ်အခိုးများသည်လည်း သိပ်သည်းမှုဧရိယာနည်းလာသည်။ ဆေးလိပ်မီးခိုး၏ ရူပ၊ ဓာတု သဘာဝသည် ဆေးရွက်ကြီး ပြုပြင်ထုတ်လုပ်မှု၊ ဆေးလိပ်ကိုပတ်ထားသည့် စက္ကူ၏ စိမ့်ဝင်နိုင်မှုအားနှင့် အစီခံ၏ အမျိုးအစားတို့အပေါ်တွင် မူတည်နေသည်။

> ဆေးလိပ်တစ်ဖွာရှိုက်ကာ ဖြူဖွေးသန့်စင်သော ပိတ်စတစ်စတွင် နှုတ်ခမ်းအပ်၍ မှုတ်ထုတ်လိုက်ပါ။ ယင်းပိတ်ဖြူတွင် အမည်းညစ်မှုန်များ ကပ်ငြိသွားသည်ကို တွေ့ရပါမည်။ ဤသည်ကား နီကိုတင်း . . .



Raynaud,s disease **ကြောင့် လက်မောင်းအထိဖြတ်ရပြီးသည့်တိုင်အောင် ဆေးလိပ်မဖြတ်နိုင်ခြင်းမှာ နီကိုတင်းစွဲလမ်းမှုကြောင့်ဖြစ်သည်။**

ဆေးလိပ်တစ်လိပ်ကို မီးရှို့လိုက်လျှင် အပူချိန် (၈၅ ဒသမ ၉၅) ဒီဂရီစင်ဒီဂရိတ်ဖြင့် လောင်ကျွမ်းကာ မီးခိုးများထွက်လာမည်။ ရှေးဦးစွာ မီးခိုးတွင်ပါသော အမှုန်ကလေးများ MMAD အချင်း (၀ ဒသမ ၂) မှ (၀ ဒသမ ၃) မိုက်ခရိုမီတာရှိသည်။ ယင်းတို့သည် ၁၀၀ ရာခိုင်နှုန်း စိုထိုင်းဆရှိသော အသက်ရှူလမ်းကြောင်းထဲသို့ ရောက်သောအခါ “တစ်မိုက်ခရိုမီတာ” ခန့်ရှိသော အမှုန်ကလေးများအဖြစ်သို့ ပေါင်းစပ်ဖြစ်ပေါ်လာကြသည်။ ရှူရှိုက်သွင်းလိုက်သော ဆေးလိပ်မီးခိုးတွင်ပါဝင်သည့် (၅၀ ရာခိုင်နှုန်း) မှ (၉၀ ရာခိုင်နှုန်း) သော အမှုန်ခဲလေးများသည် အသက်ရှူလမ်းကြောင်းအတွင်း ကပ်ငြိကျန်နေရစ်သည်။ ဆေးလိပ်မီးခိုးတွင်ပါဝင်သော အခြားရေငွေ့၊ ဓာတုပစ္စည်းများနှင့် ဓာတ်ငွေ့များသည် အဆုတ်အတွင်းရှိ လေအိတ်ကလေးများအထိ ရောက်ရှိနိုင်ကြသည်။

ယင်းသို့သော ဆေးလိပ်မီးခိုးတွင် လက်ရှိသုတေသနပြု၍ သတ်မှတ်နိုင်ခဲ့သော ဓာတုပစ္စည်းအမျိုးအစားပေါင်း ၄၀၀၀ ခန့်အပြင် မသတ်မှတ်နိုင်သေးသော အမျိုးအစားများလည်း ပါဝင်သေးကြောင်း သိရသည်။ စီးကရက်တစ်လိပ်မီးလောင်ခြင်းမှ (၃) မှ (၄) မီလီဂရမ်ရှိ ညိုဝါရောင်ကတ္တရာနှင့် (၁) မီလီဂရမ်ရှိ နီကိုတင်းတို့ကို ထုတ်လုပ်သည်။

ဆေးလိပ်ကိုစသောက်သည်နှင့် သုံးစက္ကန့်အတွင်း လူ၏ကိုယ်ခန္ဓာကို စတင်ဒုက္ခပေးတော့မည်ဖြစ်သည်။ အဆိပ်ဓာတ်ငွေ့ပါသော ဆေးလိပ်မီးခိုးသည် အဆုတ်၊ နှလုံး၊ ဦးနှောက်နှင့် လူ၏ကိုယ်ခန္ဓာအစိတ်အပိုင်းအားလုံးသို့ ရောက်ရှိကာ လှုလှုပပဒုက္ခပေးပါတော့သည်။ နှလုံးကို တစ်မိနစ်လျှင် ၁၅ ကြိမ်မှ ၂၅ ကြိမ်အထိ ပိုခုန်စေ၍ သွေးပေါင်ချိန်ကိုလည်း ၁၀ မှ ၂၀ အထိ မြင့်တက်စေလိမ့်မည်။

ဆေးလိပ်ငွေ့က နူနယ်သော နှုတ်ခမ်း၊ ခံတွင်း အမြှေးပါးများကို ပျက်စီးစေသည်။ အဆုတ်တွင်း အသက်ရှူလမ်းကြောင်းကို ပိတ်ဆို့စေကာ ကင်ဆာဖြစ်စေသော ဓာတုပစ္စည်းများ ချန်ထားရစ်ခဲ့သည်။

**ဆက်လက်ဖော်ပြပါမည်**

# ကောလာဟလတွေအကြားက လီယိုနာဒိုနဲ့ ဘယ်လာဟစ်ဒီ




ဟောလိဝုဒ်ရဲ့ အော်စကာဆုရှင် မင်းသားကြီးတစ်ဦးဖြစ်တဲ့ လီယိုနာဒိုဒီကာပရီယိုဟာ လတ်တလောမှာတော့ နာမည်ကျော်မော်ဒယ်လ်တစ်ဦးဖြစ်တဲ့ ဘယ်လာဟစ်ဒီနဲ့ ဇာတ်လမ်းတွေများ စနေပြီလားရယ်လို့ ဟောလိဝုဒ်မီဒီယာတွေပေါ်မှာ နှစ်ဦးအကြားက ရင်းနှီးတဲ့ဆက်ဆံရေးနဲ့ပတ်သက်ပြီး ကောလာဟလတွေပေါ်ထွက်နေကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလာမှာ အသက် (၄၂) နှစ်အရွယ်ရှိပြီဖြစ်တဲ့ လီယိုနာဒိုဟာ ဗစ်တိုးရီးယားစီးကရက်ထ်မော်ဒယ်လ် ဘယ်လာနဲ့ ပြီးခဲ့တဲ့ မေ ၂၅ ရက်မှာ ပြုလုပ်ခဲ့တဲ့ တွေ့ဆုံပွဲတစ်ခုအတွင်း စကားတွေဖောင်ဖွဲ့ပြောကြားနေတာကို တွေ့ခဲ့ရပြီး ဘယ်လာက လီယိုနာဒိုရှိရာ စားပွဲဆီသို့ လာရောက်ကာ စကားလက်ဆုံကျနေခဲ့ကြတာလည်း ဖြစ်ပါတယ်။ ဒီလိုရင်းနှီးနေတဲ့ ဆက်ဆံရေးအပေါ် ဟောလိဝုဒ်မီဒီယာတွေက သို့လောသို့လောဝေဖန်ခဲ့ကြတာလည်း ဖြစ်ပါတယ်။

ဒါ့အပြင် လီယိုနာဒိုဟာ အဆိုပါအခမ်းအနားမှာ ဘယ်လာဟစ်ဒီနဲ့သာ အချိန်အတော်ကြာ စကားပြောခဲ့တာဖြစ်ပြီး ဗြိတိန်အဆိုတော်တစ်ဦးဖြစ်တဲ့ ရီတာအော်ရာနဲ့တော့ စကားစမြည်ပြောဆိုခဲ့တာတွေ့ခဲ့ရကာ အခြားသောအမျိုးသမီးတွေနဲ့တော့ ရင်းရင်းနှီးနှီးပြောကြားတာမတွေ့ခဲ့ရပါဘူး။ တစ်ယောက်တည်းသမားဘဝကိုနှစ်သက်သူတစ်ဦးဖြစ်တဲ့ လီယိုနာဒိုအတွက် ယခုလို ငယ်ငယ်ရွယ်ရွယ်မော်ဒယ်လ်မလေးနဲ့ ရင်းနှီးနေတဲ့အပေါ် ထူးခြားတဲ့ဆက်ဆံရေးအဖြစ် ဝေဖန်ခဲ့ကြတာဖြစ်ပါတယ်။

လီယိုနာဒိုဟာ မကြာသေးမီက မော်ဒယ်လ်တစ်ဦးဖြစ်သူ နီနာအက်ဂ်ဒယ်နဲ့ လမ်းခွဲထားခဲ့ပြီး သူတို့နှစ်ဦးဟာ ချစ်သူတွေအဖြစ် လက်တွဲနေစဉ်ကာလတွေအတွင်းမှာလည်း ကော်ဇောနီပေါ် အတူလျှောက်လှမ်းတာကို မတွေ့ရပါဘူး။ ဘယ်လာဟစ်ဒီကတော့ အာရန်ဘီအဆိုတော်တစ်ဦးဖြစ်တဲ့ သယ်ဝိခ်ကန်းဒ်နဲ့ ချစ်သူတွေအဖြစ် တစ်နှစ်ကျော်လက်တွဲခဲ့ပြီးတဲ့နောက် လမ်းခွဲခဲ့ကာ သယ်ဝိခ်ကန်းဒ်ကတော့ လက်ရှိမှာ ပေ့ါပ်ကြယ်ပွင့် ဆယ်လီနာဂိုမက်ဇ်နဲ့ လက်တွဲနေပေမယ့် ဘယ်လာကတော့ ချစ်သူသစ်မရှိသေးတာလည်း ဖြစ်ပါတယ်။

# ဘေဘုတ်ပေါ်က ထိပ်တန်းတေးသံရှင်စာရင်းမှာ ပါဝင်နေတဲ့ EXO

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့ဖြစ်တဲ့ EXO ဟာ တေးဂီတဝက်ဘ်ဆိုက်ဒ်တစ်ခုဖြစ်တဲ့ဘေဘုတ်ပေါ်မှာ လက်မှတ်ရောင်းအားအကောင်းဆုံးသော ထိပ်တန်းတေးသံရှင် ၁၀ ဦးစာရင်းမှာ ပါဝင်နေကြောင်း ကေပေ့ါပ်စတားဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

EXO ဟာ ယင်းဇယားရဲ့ နံပါတ်ရှစ်နေရာမှာ ရပ်တည်နေတာဖြစ်ပြီး ထိပ်တန်းတေးသံရှင်ဆယ်ဦးစာရင်းမှာ ပါဝင်ခွင့်ရတဲ့ တစ်ခုတည်းသော တောင်ကိုရီးယားတေးဂီတအဖွဲ့လည်းဖြစ်ကြောင်း သိရပါတယ်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်မှာ ပြီးခဲ့တဲ့ ဧပြီ ၂၈ ရက်က ပြုလုပ်ခဲ့တဲ့ EXO ရဲ့ နယ်လှည့်ဖျော်ဖြေပွဲ "EXO'rDIUM"မှ ရရှိခဲ့တဲ့ လက်မှတ်ရောင်းရငွေတွေကြောင့် EXO ဟာ ယခုလို ထိပ်တန်းနေရာမှာ ရပ်တည်နိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ အဆိုပါဖျော်ဖြေပွဲတစ်ခုတည်းမှ လက်မှတ်ရောင်းရငွေဟာ အမေရိကန်ဒေါ်လာ တစ်သန်းကျော်ရရှိနေခဲ့တာ ဖြစ်ပါတယ်။

ဘေဘုတ်က တာဝန်ရှိသူတွေရဲ့ပြောကြားချက်အရ EXO ဟာ တောင်ကိုရီးယားတေးဂီတအဖွဲ့တွေအနက် ရောင်းအားအကောင်းဆုံးသော တေးဂီတအဖွဲ့ဖြစ်ကြောင်းလည်း သိရပါတယ်။ ဒါ့အပြင် အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဆူဟိုကလည်း ပြီးခဲ့တဲ့ ဧပြီ ၃၀ ရက်မှာ ပြုလုပ်ခဲ့တဲ့ဖျော်ဖြေပွဲအတွင်း အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ်ကို ပြင်ဆင်နေပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပေမယ့် လတ်တလောအချိန်အထိ တေးအယ်လ်ဘမ်သစ်နဲ့ပတ်သက်ပြီး အေဂျင်စီကတရားဝင်ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိသေးဘူးလို့လည်း သိရပါတယ်။

ပြီးခဲ့တဲ့ မေ ၂၂ ရက်မှာ ကျရောက်ခဲ့တဲ့ အဖွဲ့ခေါင်းဆောင် ဆူဟိုရဲ့ မွေးနေ့မှာလည်း အဖွဲ့ဝင်တွေတက်ရောက်ကာ ပါတီပွဲဆင်နွှဲခဲ့ကြပါတယ်။ ဒါ့အပြင် ပရိသတ်တွေနဲ့ အဖွဲ့ဝင်တွေက ဆူဟိုအတွက် မွေးနေ့ဆုတောင်းစကားတွေကိုလည်း လူမှုကွန်ရက်မီဒီယာတွေပေါ် ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့ကြကြောင်းလည်း သိရပါတယ်။

သတင်းရင်းမြစ်တစ်ဦးရဲ့ပြောကြားချက်အရ EXOရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ အက်စ်အမ်အန်တာတိန်းမန့်က အဖွဲ့အတွက် အထူးအစီအစဉ်တစ်ရပ်ကို ပြုလုပ်နေကြောင်းနဲ့ ယင်းကို ယခုနှစ် နှစ်ကုန်ပိုင်းမှာ ပရိသတ်ရှေ့ချပြသွားရန်စီစဉ်ထားကြောင်းလည်း သိရပါတယ်။ ၂၀၁၇ ခုနှစ်အတွင်း တေးဂီတလှုပ်ရှားမှုအသစ်တွေနဲ့အတူ ပရိသတ်ရှေ့အရောက်ပြန်လာဖို့ စီစဉ်ထားကြတဲ့ တေးဂီတအဖွဲ့တွေမှာတော့ EXO အပြင်၊ Super Junior၊ TVXQ နဲ့ SHINee တို့လည်း ပါဝင်နေကြတာဖြစ်ကြောင်းလည်း သိရပါတယ်။




# (၁၀)နှစ်ပြည့်နှစ်ပတ်လည်အဖြစ် ပရိသတ်တွေနဲ့အတူ သောက်ကြမယ့် F. T. Island

တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ " F. T. Island "ဟာ အဖွဲ့တည်ထောင်ခြင်း ဆယ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ပရိသတ်တွေနဲ့တွေ့ဆုံပွဲကို ကျင်းပသွားမှာဖြစ်ပြီး ယင်းနေ့မှာတော့ ပရိသတ်တွေဟာ အဖွဲ့ဝင်တွေနဲ့အတူ ဘားဆိုင်တစ်ခုမှာ သောက်စားခွင့်ကိုလည်း ရမှာဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ဖော်ပြချက်တွေအရ သိရပါတယ်။

လာမယ့် ဇွန် ၄ ရက်မှာ ပြုလုပ်သွားမယ့် "F. T. Island "ရဲ့ ဂီတသက်တမ်း(၁၀)ပြည့်နှစ်ပတ်လည်အထိမ်းအမှတ်ပွဲမှာတော့ "Sometime" လို့အမည်ပေးထားတဲ့ ဘားဆိုင်တစ်ဆိုင်ကို လမ်းဘေးမှာ ဖွင့်လှစ်သွားမှာဖြစ်ပြီး ယင်းဆိုင်မှာ အဖွဲ့ဝင်တွေဟာ ပရိသတ်တွေနဲ့အတူ တပျော်တပါး စားသောက်သွားကြဖို့ စီစဉ်ထားတာဖြစ်ပါတယ်။ ဒီလို စားသောက်ရုံတင်မဟုတ်ဘဲ အဖွဲ့ရဲ့ (၁၀)နှစ်တာကာလအတွင်း အမှတ်တရအကြောင်းအရာတွေကိုလည်း ပြန်လည်ခံစားခွင့်ရနိုင်အောင် စီစဉ်ထားကြောင်းလည်း သိရပါတယ်။

အဖွဲ့ဝင်ငါးဦးပါဝင်တဲ့ အမျိုးသားတေးဂီတအဖွဲ့ "F. T. Island"ဟာ ဂီတသက်တမ်း(၁၀)နှစ်ပြည့်မယ့် နှစ်ပတ်လည်နေ့ကတော့ လာမယ့် ဇွန် ၇ ရက်ဖြစ်ပေမယ့် အထိမ်းအမှတ်ပွဲကို ကြိုတင်ကျင်းပသွားဖို့ စီစဉ်ထားတာဖြစ်ပါတယ်။ ဒါ့အပြင် (၁၀)နှစ်ပြည့်နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် တေးသီချင်းသစ်တစ်ပုဒ်ဖြစ်တဲ့ "Love Sick"ကို ထုတ်လွှင့်သွားရန်စီစဉ်ထားပြီး ယင်းတေးသီချင်းကိုလည်း နှစ်ပတ်လည်နေ့မတိုင်မီ ကြိုတင်ထုတ်လွှင့်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

# မန်ချက်စတာပေါက်ကွဲမှုအပြီး ဗြိတိန်မှာ ဖျော်ဖြေပွဲပြန်လည်ပြုလုပ်သွားမယ့် အရီရန်နာဂရန်းဒ်

ပြီးခဲ့တဲ့ မေ ၂၂ ရက်က အင်္ဂလန်မှာရှိတဲ့ မန်ချက်စတာအရီနာမှာ ဖြစ်ပွားခဲ့တဲ့ အသေခံဗုံးခွဲမှုဖြစ်စဉ်အပြီး နယ်လှည့်ဖျော်ဖြေပွဲတွေကို ရပ်နားထားခဲ့တဲ့ ပေ့ါပ်ကြယ်ပွင့် အရီရန်နာဂရန်းဒ်ဟာ လာမယ့်လအတွင်းမှာ ဗြိတိန်က ဖျော်ဖြေပွဲတွေကို ပြန်လည်စတင်သွားတော့မှာဖြစ်ကြောင်း အမ်တီဗီဒေ့ါကွန်းရဲ့ဖော်ပြချက်တွေအရ သိရပါတယ်။

"Dangerous Woman"လို့ အမည်ပေးထားတဲ့ အရီရန်နာဂရန်းဒ်ရဲ့ ဖျော်ဖြေပွဲမှာ ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ပရိသတ် ၂၂ ဦးခန့်သေဆုံးခဲ့ကာ အများအပြားဒဏ်ရာရရှိခဲ့တဲ့အတွက် အရီရန်နာဂရန်းဒ်က ကျန်ရှိနေတဲ့ ဖျော်ဖြေရေးအစီအစဉ်တွေကို ဖျက်သိမ်းကြောင်း ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် မကြာမီမှာ ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ဒီလိုကြေညာခဲ့ရာမှာတော့ အင်္ဂလန်နဲ့ ဥရောပတစ်ခွင်မှာ ကျင်းပသွားဖို့ရှိနေတဲ့ ဖျော်ဖြေရေးအစီအစဉ်တွေအနက် လာမယ့် ဇွန် ၅ ရက်အထိ ဖျော်ဖြေပွဲတွေကို ဖျက်သိမ်းကြောင်းကြေညာခဲ့တာဖြစ်ပြီး လတ်တလောမှာတော့ လာမယ့် ဇွန် ၄ ရက်မှာ ဗြိတိန်မှာ ပြန်လည်ဖျော်ဖြေသွားမှာဖြစ်ကြောင်းနဲ့ ပြင်ဆင်မှုတွေကို ပြုနေပြီဖြစ်ကြောင်း သတင်းရင်းမြစ်တွေက ပြောကြားခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ပြီးခဲ့တဲ့ မေ ၂၆ ရက်မှာတော့ လတ်တလောမှာ အသက်(၂၃)နှစ်အရွယ်ရှိပြီဖြစ်တဲ့ အရီရန်နာဂရန်းဒ်က သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ပေါက်ကွဲမှုကြောင်း ဖျော်ဖြေပွဲဖျက်ခဲ့ရတဲ့အတွက် ဗြိတိန်ပရိသတ်တွေကို သူ့အနေနဲ့ ပြန်လည်ဖျော်ဖြေပေးသွားမှာဖြစ်ကြောင်း ရေးသားဖော်ပြခဲ့တာဖြစ်ပြီး ဖျော်ဖြေပွဲပြုလုပ်မယ့်ရက်အတိအကျကိုတော့ ရေးသားဖော်ပြခဲ့ခြင်းမရှိပါဘူး။

မန်ချက်စတာပေါက်ကွဲမှုမှာ သေဆုံးခဲ့ရသူအများစုဟာ ပေ့ါပ်ကြယ်ပွင့်ရဲ့အမာခံပရိသတ်တွေဖြစ်ကြတဲ့ ငယ်ရွယ်တဲ့မိန်းကလေးတွေဖြစ်ကြပြီး အသက်ဆုံးခဲ့ရတဲ့ပရိသတ်တွေနဲ့ မိသားစုဝင်တွေအတွက် အထူးဝမ်းနည်းကြောင်း အရီရန်နာဂရန်းဒ်က သူ့ရဲ့ လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့ပါတယ်။ ဒီလိုပေါက်ကွဲမှုအပြီး နောက်နေ့မှာ သူဟာ အမေရိကန်နိုင်ငံကို ပြန်လည်ရောက်ရှိလာကာ ဖျော်ဖြေပွဲတွေကို ဖျက်သိမ်းကြောင်း ကြေညာခဲ့တာဖြစ်ပါတယ်။ ဒီလိုအသက်ဆုံးသွားခဲ့ရတဲ့ ပရိသတ်တွေနဲ့ ထိခိုက်ဒဏ်ရာရရှိခဲ့တဲ့သူတွေကို တွေ့ဆုံနှုတ်ဆက်တာမျိုး မပြုလုပ်ခဲ့တဲ့အတွက် အချို့သောသူတွေက ပေ့ါပ်ကြယ်ပွင့်ကို ဝေဖန်မှုတွေပြုခဲ့ကြကြောင်းလည်း သိရပါတယ်။

လတ်တလောမှာတော့ အရီရန်နာဂရန်းဒ်က ပရိသတ်တွေအတွက် ရည်ရွယ်ရေးသားထားတဲ့ စာရှည်ကြီးတစ်စောင်ကို သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်မှာဖော်ပြခဲ့ကာ ဆုတောင်းစကားတွေ၊ ဝမ်းနည်းကြောင်းနဲ့ ဖျော်ဖြေပွဲတွေ ပြန်လည်စတင်တော့မှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့ခြင်းဖြစ်တယ်လို့လည်း သိရပါတယ်။

အေးပြည့်-စုစည်းသည်

# လှိုင်မြို့နယ် အမှတ် (၃) အခြေခံပညာ အလယ်တန်းကျောင်း၌ ရေစီးရေလာကောင်းမွန်ရေး စုပေါင်းဆောင်ရွက်

**ရန်ကုန် မေ ၂၈**
ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်အတွင်းရှိ စာသင်ကျောင်းများဝန်းကျင် ရေစီးရေလာကောင်းရေးအတွက် ကျောင်းဖွင့်အမီ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာကျောင်းအုပ်ကြီးများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ မေ ၂၇ ရက်က အမှတ် (၂) ရပ်ကွက်ရှိ အမှတ် (၃) အခြေခံပညာအလယ်တန်းကျောင်းရှေ့တစ်လျှောက် ရေနုတ်မြောင်းအတွင်း ပိတ်ဆို့အမှိုက်၊ နုန်းသဲများကို သန့်ရှင်းရေးဌာနမှ မြောင်းရှင်းလုပ်သားများ၊ လမ်းတံတားဌာနမှ လုပ်သားများ ဆယ်ယူရှင်းလင်းနေမှုကို မြင်တွေ့ရသည်။

"အမှတ် (၂) ရပ်ကွက်ထဲက ရေတွေက ဗဟိုလမ်း ရေနုတ်မြောင်းကတစ်ဆင့် လှိုင်မြစ်ထဲကို စီးဝင်သွားမှာပါ။ အထူးသဖြင့် ကျောင်းဖွင့်ရာသီအမီ ကျောင်းဝန်းကျင်ရေစီးရေလာကောင်းရေးအတွက် သက်ဆိုင်ရာကျောင်းအုပ်ကြီးတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်" ဟု မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်းက ပြောသည်။

အဆိုပါ အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်းဝင်းအတွင်း၌ နေရာအချို့တွင်ရေဝပ်နေမှုများ မြင်တွေ့ရသည်။ ကျောင်းဝင်းမြေမျက်နှာပြင်က နိမ့်နေပြီး လမ်းရေနုတ်မြောင်းက မြင့်နေသောကြောင့် ရေမစီးဘဲရှိနေတယ်"ဟု ကျောင်းအုပ်ဆရာမကြီးက ပြောသည်။

အလားတူ ဆောက်လုပ်ရေးလုပ်ငန်းရှင်အချို့က ဆောက်လုပ်ရေးလုပ်ငန်းသုံး အုတ်သဲကျောက်စရစ်များကို ရေနုတ်မြောင်းထဲ စုပုံထားမှုကြောင့် ရေနုတ်မြောင်းများပိတ်ဆို့၍ ရေလျှံမှုဖြစ်နိုင်သဖြင့် ယင်းကဲ့သို့ မပြုလုပ်ရန် လုပ်ငန်းရှင်များအား အသိပေးမှာကြားထားကြောင်း မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးက ပြောသည်။

ထို့အတူ ရပ်ကွက်အတွင်းရှိ လမ်းအချို့တွင် ရေမြောင်းအဖုံးများမရှိသောကြောင့် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်သူအချို့က ရေနုတ်မြောင်းထဲ စွန့်ပစ်မှုရှိနေသဖြင့် ရေမြောင်းအဖုံးများပြုလုပ်ရန် သက်ဆိုင်ရာ သို့တင်ပြထားသည်ဟု အမှတ် (၂) ရပ်ကွက်အုပ်ချုပ်ရေးမှူးက ပြောသည်။ **မောင်သုည**



## ကျောက်တံခါးမြို့၌ ထရန်စဖော်မာနှင့်မီးလိုင်းများတပ်ဆင်

**ကျောက်တံခါး မေ ၂၈**
ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့ စာတိုက်ရပ်ကွက်ဇော်တိလမ်းနှင့် ခေတ္တရာ ၅လမ်းထိပ်၌ မေ ၂၇ ရက် ညနေ ၆ နာရီက ထရန်စဖော်မာနှင့် မီးကြိုးမီးလိုင်းများအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဦး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသိန်းတိုးနှင့် လျှပ်စစ်ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ဖွင့်လှစ်ပေးခဲ့သည်။

မီးဖွင့်ပွဲအခမ်းအနား၌ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ဦးက ကျောက်တံခါး မြို့ပေါ်ရှိရပ်ကွက်နေပြည်သူများ မီးအားပြည့်ဝစွာရရှိနိုင်ရေး တင်ပြတောင်းခံမှုကြောင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာအဖွဲ့နှင့်ညှိနှိုင်းဆောင်ရွက်ကာ ယခုကဲ့သို့ထရန်စဖော်မာ ၂၀၀ ကေဗွီအေနှင့် မီးတိုင်မီးကြိုးများ ဖြည့်တင်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသိန်းတိုးက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် စာတိုက်ရပ်ကွက်ဇော်တိလမ်းနှင့် ခေတ္တရာ ၅ လမ်းတို့တွင် ၁၁/၀-၄ကေဗွီ ၂၀၀ ကေဗွီအေခွဲရုံတစ်ရုံ ၁၁ ကေဗွီလိုင်း ၃၀၀ပေ ၄၀၀ ဗို့လိုင်း ၄၇၁၀ ပေတို့အား Insulated Wire ဖြင့် အစားထိုးဆောင်ရွက်ပေးနိုင်ခဲ့ပြီး ရပ်ကွက်အတွင်းရှိပြည်သူများ မီးအားပြည့်ဝစွာရရှိသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း ပြောကြားသည်။

**ခင်ကို(ကျောက်တံခါး)**

## ပညာသင်ထောက်ပံ့ငွေနှင့် စာရေးကိရိယာများ ပေးအပ်

**မြစ်ကြီးနား မေ ၂၈**
ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရထားရဲတပ်ဖွဲ့ အမှတ်(၁) တပ်ခွဲ (မြစ်ကြီးနား) ၏ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တပ်ဖွဲ့ဝင်များ၏ သားသမီးများအား ပညာသင်စရိတ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို မေ ၂၈ ရက် နံနက် ၈ နာရီက မြစ်ကြီးနားဘူတာရှိ အဆိုပါတပ်ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တပ်ခွဲမှူး ဒုရဲမှူး တင်မောင်အုန်းက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် ဒုရဲမှူးတင်မောင်အုန်းနှင့် တာဝန်ရှိသူတို့က တပ်ဖွဲ့ဝင်များ၏ ကျောင်းနေအရွယ်၊ သားသမီးများအား အတန်းအလိုက် ပညာသင်ထောက်ပံ့ငွေနှင့် စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်ရာ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများက လက်ခံရယူခဲ့ပြီး အဆိုပါ ပညာသင်ထောက်ပံ့ငွေနှင့် စာရေးကိရိယာ ထောက်ပံ့ပေးအပ်ပွဲတွင် တက္ကသိုလ်ကျောင်းသား ကျောင်းသူ ရှစ်ဦး၊ အထက်တန်းကျောင်းသား ကျောင်းသူ ၁၄ ဦး၊ အလယ်တန်း ကျောင်းသား ကျောင်းသူ ၁၅ ဦး၊ မူလတန်း ကျောင်းသား ကျောင်းသူ ၁၆ ဦးနှင့် KG တန်းကျောင်းသား ကျောင်းသူ ငါးဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၅၈ ဦးအား ထောက်ပံ့ပေးအပ်ခဲ့သည်။ အခမ်းအနားသို့ မြစ်ကြီးနားဘူတာ ရဲစခန်းမှူး ရဲအုပ်နေမင်းထွန်းနှင့် မိသားစုဝင်များ တက်ရောက် ကြောင်း သိရသည်။

**သူရိန်စိုး(ကချင်မြေ)**

## ကျောင်းဖွင့်ရာသီအမီ ကော့သောင်းတပ်နယ် မိသားစု အကျိုးပြုလုပ်ငန်းများ စုပေါင်းဆောင်ရွက်

**ကော့သောင်း မေ ၂၈**
ကော့သောင်းတပ်နယ် စစ်သည်နှင့် မိသားစုဝင်များ မေ ၂၇ ရက် နံနက်ပိုင်းက ကျောင်းဖွင့်ရာသီအမီ ကော့သောင်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ဆောင်ရွက်မှုတွင် စစ်ဗျူဟာအဖွဲ့ (အခြေချ) ကော့သောင်းတပ်နယ် တပ်ရင်းများမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များက မကြာမီကာလအတွင်း ကျောင်းများ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ရာ ကျောင်းသား ကျောင်းသူများ အဆင်ပြေလွယ်ကူစွာ ပညာသင်ယူနိုင်ရေး ကျောင်းစာသင်ခန်းများရှိ စာသင်ခုံများ စနစ်တကျ ပြန်လည်ထားသို စီစဉ်ပေးခြင်း၊ ကျောင်းသား ကျောင်းသူများ ရောဂါဘယကင်းဝေးစွာ ပညာသင်ကြားနိုင်ရေး ကျောင်းပတ်ဝန်းကျင် ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းပေးခြင်း၊ အမှိုက်သရိုက်များရှင်းလင်းပေးခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ ဆယ်ယူပေးခြင်းစသည့် လုပ်ငန်းများအား စုပေါင်းဆောင်ရွက်ပေးကြခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## ကျောက်ကြီးမြို့နယ် စပ်လဲရေတံခွန်သို့ နေ့စဉ်အပန်းဖြေသူများရှိ၍ ဆိုင်ကယ် ကယ်ရီများအဆင်ပြေ

**ကျောက်ကြီး မေ ၂၈**
ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် စပ်လဲကျေးရွာအနီး သဘာဝအတိုင်းဖြစ်တည်လျက်ရှိသော ရေတံခွန်ရှိရာသို့ ရပ်ဝေးအပန်းဖြေသူများ နေ့စဉ်ဝင်ရောက်နေခြင်းများကြောင့် ဆိုင်ကယ် ကယ်ရီမောင်းသူများအဆင်ပြေလျက်ရှိသည်ဟု ဆိုင်ကယ် ကယ်ရီမောင်းသူ သိန်တန်းရပ်ကွက်နေ ဦးအောင်ကျော်မိုးထံမှ သိရသည်။

ယင်းရေတံခွန်သည် အမြင့်ပေ ၃၀ ကျော်ရှိပြီး စပ်လဲကျေးရွာအနီးတည်ရှိပြီး လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ လုပ်ဆောင်မှုပြီးပြတ်ခြင်းမရှိသေးသောကြောင့်သာ ယင်းကဲ့သို့ ဝင်ငွေရရှိနေခြင်းဖြစ်သည်ဟု ၎င်းကဆိုသည်။

"နေ့စဉ်ဝင်ငွေဆိုတာတော့ ပြောရခက်ပါတယ်။ ဆိုင်ကယ် ကယ်ရီမောင်းသူတွေတော့များတယ်။ ဒါပေမယ့် ဒီရေတံခွန်က အလုပ်အကိုင်အခွင့်အလမ်းပွင့်တယ်လို့တော့ပြောနိုင်တာပေါ့။ နေ့စဉ် ရပ်ဝေးက အပန်းဖြေသူတွေလာတာရှိတယ်။ ရေတံခွန်ကို လိုက်ပို့ရတော့ နည်းနည်းအဆင်ပြေတယ်လို့ ပြောနိုင်တာပေါ့" ဟု ဆိုင်ကယ်ကယ်ရီ မောင်းသူ သိန်တန်းရပ်ကွက်နေ ဦးအောင်ကျော်မိုးက ပြောသည်။

စပ်လဲရေတံခွန်သို့ အပန်းဖြေလာရောက်သူ ရန်ကုန်သား ဦးအောင်သိန်းက "ဒီကျောက်ကြီးမှာ ရေတံခွန်ရှိတယ်လို့ သိတာကြာနေပြီ။ မရောက်ဖြစ်ဘူး။ ခုဟာက သူငယ်ချင်းတွေစုတိုင်ပင်ပြီး တမင်အပန်းဖြေလာတာပါပဲ။ ဒီခရီးကရန်ကုန်နဲ့ဆို အချိန်မရွေးနေ့ချင်းပြန် သွားလာလို့ရနေပြီဆိုတော့ ကောင်းသွားတာပေါ့" ဟု ပြောသည်။

စပ်လဲရေတံခွန်အား သတ်သတ်မှတ်မှတ်ထားရှိပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် ပြုလုပ်ဆောင်ရွက်နိုင်ပါက အပန်းဖြေသူများ စဉ်ဆက်မပြတ်လာရောက်အပန်းဖြေခြင်းကြောင့် ကျောက်ကြီးမြို့၏ ဂုဏ်ကျက်သရေဆောင်ဖြစ်လာနိုင်ကြောင်း သိရသည်။

**ကိုကျောက်ကြီး**



## မီးရထားတံတားမြောင်းပေါက် အမှိုက်များပိတ်ဆို့နေမှု မိုးမကျမီရှင်းလင်းပေးစေလို


**အင်းတော် မေ ၂၈**
မန္တလေး-မြစ်ကြီးနား မီးရထားလမ်း အင်းတော်မြို့နယ် နဘားဘူတာမြောက်ဘက် မီးရထားတံတား မြောင်းပေါက်၌ ရပ်ကွက်နေပြည်သူများက အမှိုက်များ စွန့်ပစ်နေမှုကို သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အမြန်ဆုံးကြပ်မတ်တားဆီးသင့်ပြီး အမှိုက်များရေမြောင်းတွင် ပိတ်ဆို့နေမှုကို မိုးမကျမီရှင်းလင်းပေးရန် လိုလားလျက်ရှိသည်။



"မိုးရာသီရောက်ပြီဆို နဘားရွာသံလမ်းအရှေ့ အောင်ချမ်းသာရပ်ကွက် ဒီတံတားပေါက်က လျှံထွက်လာတဲ့ ရေတွေ၊ စွန့်ပစ်အမှိုက်တွေက ဒီတံတားပေါက်ကတစ်ဆင့် နဘားရွာအနောက်ဘက်ခြမ်း အောင်သပြေရပ်ကွက်ထဲကို နှစ်စဉ်လျှံထွက်လေ့ရှိပါတယ်။ ဒီစွန့်ပစ်အမှိုက်များရဲ့ မကောင်းတဲ့အနံ့အသက်တွေကြောင့်လည်း အနီးအနားကလူတွေ ကျန်းမာရေးထိခိုက်မှုတွေ ရှိနေပါတယ်။ ဒါကြောင့် စည်းကမ်းမဲ့ အမှိုက်များမပစ်ဖို့ သက်ဆိုင်ရာတာဝန်ရှိသူတွေအနေနဲ့ စနစ်တကျ ကြပ်မတ်သင့်သလို ရေမြောင်းမှာ ပိတ်ဆို့နေတဲ့ အမှိုက်များကို မိုးမကျမီ အမြန်ဆုံးရှင်းလင်းပေးစေလိုပါတယ် " ဟု ဒေသခံ ဒေါ်ယဉ်ယဉ်သိန်းကပြောသည်။

**(၂၃၃)**

KMD Institute
CISCO Certified Network Associated



* (CCNA 200-125) New Version ကို KMD Pansodan Centre တွင် ဖွင့်လှစ်လိုက်ပါပြီ။
* (CCNA 200-125) တွင် ပါဝင်သော သင်ခန်းစာများအတိုင်း သင်ကြားပေးမှာဖြစ်ပါတယ်။
* သင်တန်းပြီးဆုံးပါက (CCNA 200-125) Online Exam ကို ဖြေဆိုနိုင်ရန်အတွက် Exam Preparation ပြုလုပ်ပေးမည်ဖြစ်ပါသည်။

Duration-(3 months)
Start Date- 6/ 6/ 17
Time- (2:30PM-5:30PM)
Mon-Fri

KMD ကျောင်းသား၊ ကျောင်းသူဟောင်းများအတွက် အထူး Discount များ ရှိပါသည်။

Hote Line 09 262600450 Contact :174-182, Pansodan Road (Middle Block), Kyauktada Tsp,Yangon.Ph : 01-381035,381776

SIM INTERNATIONAL ACADEMY
A Member of the SIM Group

STUDY IN SINGAPORE – INTERNATIONAL PATHWAY PROGRAMMES



မြန်မာနိုင်ငံ၊ နိုင်ငံတကာကျောင်းများတွင် ပညာသင်ကြားနေသော ကျောင်းသားကျောင်းသူများ၊ မိဘများသိထားသင့်သော
"IGCSE, GCE 'O' Level ဘာသာရပ်များအကြောင်းနှင့် SIM တွင် အသစ်သင်ကြားမည့် IGCSE ဘာသာရပ်များအကြောင်းဆွေးနွေးပွဲ"

- Learn about different international curricula: Cambridge IGCSE / 'A' Level, IB and AP
- Find out about the boarding school experience in Singapore

3 JUN, SAT • 10AM – 1PM
Eureka Room, Novotel Hotel, Yangon

LIMITED SEATS!
REGISTER NOW! 09 26 000 4050 or 09 26 000 6050


www.simacademy.edu.sg
CROWN EDUCATION
Singapore Institute of Management Pte Ltd
CPE Registration Number: 199607747H
Period of Registration: 20 May 2014 – 19 May 2018

9/10တန်း(Home Special)
တစ်ဘာသာစီ ကျွမ်းကျင်စွာ
လွယ်ကူသောနည်းလမ်းနဲ့
Teaching + Guide
အိမ်အရောက်သင်
ဖုန်း-၀၉-၂၆၁၁၁၇၇၄၈

ပျောက်ဆုံးကြောင်း
Forever Steel Co., LTD ၏ BL စာရွက်အမှတ်- 591068458 ပျောက်ဆုံးသွားပါသဖြင့် အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၀၆၃၆၂၆

မင်္ဂလာပါ
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

PUN HLAING SILOAM HOSPITALS



Angiogram
New Price
နှလုံးသွေးကြောကျဉ်း
ရောဂါကြောင့် အသက်မဆုံးရှုံးစေရ

| | | OLD PRICE | NEW PRICE |
|---|---|---|---|
| Angiogram | - | 1,400,000Ks | 650,000Ks |
| Angioplasty (1 Stent) | - | 6,500,000Ks | 4,100,000Ks* |

Stent အမျိုးအစားပေါ်မူတည်၍ ဈေးနှုန်းအပြောင်းအလဲရှိပါသည်

EMERGENCY 24/7 Services 01 68 44 11
facebook Pun Hlaing Siloam Hospitals
09 77 51 51 278

စန်းဆီးလိုက်ကာချုပ်ရန်
မော်တာကြီးကျွမ်းကျင် (မ) အလိုရှိသည်
အမှတ်(၂၅)၊ နတ်စင်လမ်း၊ ကျောက်မြောင်း
(သီတာလမ်းမှတ်တိုင်)တာမွေ။
နေ့စားတစ်ရက် ဝင်ဝင်ချင်း 6000/-
ကျွမ်းကျင်လျှင် 7000/-

မွေ့ ဝိုင်း သံယံ San brotherhood
"စစ်ဆေးခမ်းသပ် (အခမဲ့)"
Air-Con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက်များကို မြန်မြန် တပ်ဆင် ရောင်းဝယ် လဲလှယ် Servicing လုပ်ခြင်းများကို အာမခံဖြင့် အိမ်အရောက် ဝန်ဆောင်မှု ပေးနေပါသည်။
(၃ နှစ်အာမခံ) တပ်ဆင်ပြီးဈေးနှုန်း



1HP 290000Ks
Compressor 3 Years Warranty
၁။ နာမည်ကြီး Brand ၂။ စိတ်ချရသည့်အာမခံ
၃။ အထူးအာမခံ (Compressor)
ပါဝင်သောပစ္စည်းများ
Copper Pipe(10)Ft. Frame, Safeguard, Transportation, Installation
"အနီးဆုံးဆိုင်ခွဲသို့ဆက်သွယ်ရန်"
FMI City (လှိုင်သာယာ) 709373,09-5084831,682445(Ext)1421
ကျောင်းလမ်း (အလုံ) 01-704101 , 09-5002738, 09-450023810
သမိုင်းလမ်းဆုံ (မရမ်းကုန်း) 681854, 706193, 09-73116475
ကျောက်မြောင်း (တာမွေ) 01-704649, 09-73066836, 09-73004800
Capital အနီး (ဒေါပုံ) 09-5053114, 73251545, 01-708842
ရွှေဂုံတိုင်မီးပွိုင့်အနီး (ဗဟန်း) 09-43083868, 01-703241
သုနန္ဒာလမ်းဆုံအနီး (မြောက်ဥက္ကလာ) 09-5190383, 09-73251535
ဟံသာဝတီ CNG အနီး (ကြည့်မြင်တိုင်) 01-703684, 09-43130068
Victoria အနီး နဝဒေး (လှိုင်သာယာ) 01-704467, 09-73217035
တောင်/မြောက်လမ်းဆုံအနီး (တ/ဒဂုံ) 01-709114, 09-5019316

"ဈေးမှန်ဖြင့် (အမြန်) ရောင်းမည်" (ပွဲစားမလို)
* ဗဟန်း၊ ဓမ္မစေတီလမ်းသွယ် (75'x 80') အကျယ်ရှိ မြေကွက်၊ (မြေပိုင်မြေ) ဈေးနှုန်း - 12200သိန်း
* ကမာရွတ်၊ သံလွင်လမ်း (58'x64') အကျယ်ရှိ မြေကွက်၊ (မြေပိုင်မြေ) ဈေးနှုန်း - 9500သိန်း
* ဗဟန်း၊ မဟာစည်သာသနာ့ရိပ်သာလမ်းမ (40'x60') အကျယ်ရှိ (၂)ထပ်တိုက် ဈေးနှုန်း - 6800သိန်း
* သာကေတ၊ မြခွဲညိုအိမ်ရာ (60'x 70') အကျယ်ရှိ မြေကွက်၊ ထောင့်ကွက် ဈေးနှုန်း - 3350သိန်း
* (၈)မိုင်၊ ရွှေနှင်းဆီလမ်း (40'x100') အကျယ်ရှိ မြေကွက် ဈေးနှုန်း - 2500သိန်း
* မ/ဒဂုံ၊ (၃၅)ရပ်ကွက်၊ လောဝီတလမ်းမပေါ် (45'x60') အကျယ်ရှိ မြေကွက် ဈေးနှုန်း - 1700သိန်း
* မရမ်းကုန်း၊ ကမ္ဘာအေးဘုရားလမ်းသွယ် (45'x60') အကျယ်ရှိမြေကွက် ဈေးနှုန်း - 1450သိန်း
* မ/ဒဂုံ၊ U-9 (80'x80') အကျယ်ရှိမြေကွက်၊ (ဂရန်အပြည့်ပေါက်) ဈေးနှုန်း - 1350သိန်း
* လှိုင်၊ အေးရိပ်မွန်၊ စကားဝါမြိုင်ကွန်ဒို (1350 Sqft) အကျယ်ရှိ M1,B2, ပြင်ပြီး ,Lift ဈေးနှုန်း - 1950သိန်း
01-552742, 09 5060940, 09 73500535, 09 5060938

ပိုင်ရှင်ကိုယ်တိုင်နှစ်ချုပ်ဖြင့်ငှားမည်
ဗဟန်းမြို့နယ်၊ အရှေ့ရွှေဂုံတိုင်လမ်းမပေါ်၊ အောင်ချမ်းသာအိမ်ရာ၊ Tower(A)၊ Plot-C မြေညီထပ်၊ ပေ(၅၅×၅၀)၊ ကြေပြားခင်း၊ Hall Type, 5A/C၊ မီတာ(၂)လုံး၊ Auto မီးအားမြှင့်စက်(၃)လုံး၊ ၂၅ KVA မီးစက်၊ ကြိုးဖုန်းပါ၊ ဆိုင်/Showroom ဖွင့်ရန် နေရာကောင်း၊ ငှားရမ်းခ-သိန်း(၃၀)
အကျိုးဆောင်များဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်ဖုန်း။ ။ ၀၉-၄၂၁၁၂၂၂၄၂
၀၉-၅၀၇၃၂၉၁၊
၀၉-၅၁၃၈၄၁၇

# iMyanmarHouse.com

## ကျပ်ငွေ (၁၅) ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၁ သန်း)

## ကျော် တန်ဖိုးရှိသော တိုက်ခန်း၊ ကွန်ဒို နှင့် မြေကွက်များကို ပြပွဲ (၃) ရက်အတွင်း ရောင်းချပေးနိုင်ခဲ့သည့်အတွက် အထူးဝမ်းမြောက် ဂုဏ်ယူမိပါကြောင်း

မြန်မာနိုင်ငံ၏ နံပါတ်တစ်လူသုံးအများဆုံး အိမ်ခြံမြေရောင်းဝယ်ဌားဝဘ်ဆိုက်ဖြစ်သော iMyanmarHouse.com (အိုင်မြန်မာဟောက်စ် ဒေါ့ကွန်း) မှ ကြီးမှူး၍ ၂၀၁၇ ခုနှစ် မေလ ၁၉၊ ၂၀၊ ၂၁ ရက်များတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် "မြန်မာနိုင်ငံ၏အကြီးဆုံး အိမ်ခြံမြေ အရောင်းပြပွဲကြီး" (ပဉ္စမအကြိမ်မြောက်) ကို အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါပွဲတွင် ဆောက်လုပ်ရေးကုမ္ပဏီ (၅၀) ကျော်မှ ဆောက်လုပ်ဆဲ၊ ဆောက်လုပ်ပြီးဖြစ်သော တိုက်ခန်း၊ ကွန်ဒို နှင့် မြေကွက် များကို အထူးလျှော့ဈေးနှုန်းများဖြင့် ပါဝင်ပြသရောင်းချခဲ့ရာ ပွဲသို့လာရောက်သူ လွန်စွာများပြားခဲ့ပြီး ကျပ်ငွေ (၁၅) ဘီလီယံကျော် တန်ဖိုးရှိသော အိမ်ခြံမြေများကို ပြပွဲ (၃) ရက်အတွင်း ရောင်းချပေးနိုင်ခဲ့သည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**iMyanmarHouse.com အဖွဲ့သူအဖွဲ့သားများ**

**အိုင်မြန်မာဟောက်စ် ဒေါ့ကွန်း - မြန်မာနိုင်ငံ၏နံပါတ်တစ်လူသုံးအများဆုံး အိမ်ခြံမြေရောင်းဝယ်ဌားဝဘ်ဆိုက်**

---



**KEMBANGAN - THUWUNNA AESTHETIC & WELLNESS CENTRE**

တမ်ထန်ဂန် သုဝဏ္ဏ အလှအပနှင့်အရေပြားကျန်းမာရေးအထူးကုဆေးခန်း




သင့်အရေပြားပြဿနာကြောင့် စိတ်ညစ်နေပါသလား...?

ကမ်ဘန်ဂန် ဆေးခန်းတိုင်းတွင် လာရောက် ဆွေးနွေးတိုင်ပင် ကုသနိုင်ပါပြီ

ဆေးခန်းဖွင့်ချိန်

အမှတ် - ၃/၃၊ သံသုမာလမ်း (၂၃ ရပ်ကွက်)၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- 09 778527793 , 09 778527794

Kembangan - Thuwunna

---

**IGCSE**

primary&secondary

Ph:09457084672

---

**YGN** နိုင်ငံခြားသားများ သီးသန့် အိမ်ခန်းငှားအကျိုးဆောင်

**Real Estate Service**

NGO,သံရုံး နှင့်နာမည်ကြီးCompany များရှိ နိုင်ငံခြားသားများ နေထိုင်ရန် လူကြီးမင်းတို့ပိုင်ဆိုင်သော အဆင့်မြင့် ပြင်ဆင်ပြီး **လုံးချင်း**နှင့်**CONDO** များအားအမြန်ငှားလိုပါသည်။

**09-4500 39220 09-2626 26004**

---

စာသင်ကျောင်းများနှင့် ရုံးလုပ်ငန်းများအတွက် သတင်းကောင်း

**CASIO®**

**PROJECTORS**

ဝယ်ယူပြီး

**G-SHOCK** နာရီများ ရယူလိုက်ပါ

lucky draw




Lamp မပါရှိသည့်အတွက် အခြားပရိုဂျက်တာများထက် နာရီပေါင်း ၃၀ဆ (20,000-HOURS) ပိုမိုအသုံးပြုနိုင်ပါသည်။

THREE 3 YEAR WARRANTY

Lamp Free projector

MADE IN JAPAN

Free Installation& Tripod Screen




**Sale Hotline : 09-253 547 980 | 09-253 547 981**


ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

# ဦးကျော်စိန်

ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
(Notary Public & Advocate) ပြုစုသည့်

# ရာဇဝတ်ကျင့်ထုံးဥပဒေရှင်းလင်းချက်




ပထမတွဲ (ပုဒ်မ ၁ မှ ၃၅၂ ထိ) နှင့် ဒုတိယတွဲ (ပုဒ်မ ၃၅၃ မှ ၅၆၅ ထိ)

မကြာမီ ထွက်မည်

ပင်ရင်းဖြန့်ချိရေး - ထက် စာပေ TEL : 01 392851, 01 392735, 09 45215 0018, 09 45215 0028

အမှတ် (၃၃၃)၊ အခန်း ၃ (ပထမထပ်)၊ ဗိုလ်အောင်ကျော်လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ (နယ်ကိုယ်စားလှယ်များ ဆက်သွယ်နိုင်ပါသည်)


## မူလကမ္ဘာအေးကျောင်း မိုးကုတ်ရိပ်သာ
## (လစဉ်နေ့အထူးတရားစခန်းပွဲ)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတိဂုံဘုရားမြောက်ဘက်မုခ်အနီး၊ မူလကမ္ဘာအေးကျောင်းတိုက်အတွင်း၊ ဆရာတော်ဦးဝိမလ(ဓမ္မာစရိယ)ကို ဦးထိပ်ထား၍ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နယ်လှည့်ဓမ္မကထိက ဆရာတော်အရှင်ကုမာရ သာသနဓဇဓမ္မာစရိယ ဝိနယဝိဒူ ဆရာတော်မှ နယုန်လဆန်း ၁၁ရက်မှ နယုန်လပြည့်နေ့အထိ ၅-၆-၂၀၁၇ရက်မှ ၉-၆-၂၀၁၇ရက်ထိ မွန်းတည့် ၁၂း၃၀နာရီမှ ညနေ ၄း၃၀နာရီထိ ပဋိစ္စသမုပ္ပါဒ် တရားတော်နှင့်သစ္စာလေးပါး မြတ်တရားကို ဟောကြားမည်ဖြစ်ရာ ဓမ္မမိတ်ဆွေယောဂီသူတော်စင်တို့အား နိဗ္ဗာန်အကျိုးမျှော်၍ လေးမြတ်စွာဖိတ်ကြားအပ်ပါသည်။

**တရားစခန်းဖြစ်မြောက်ရေးအကျိုးဆောင်အဖွဲ့**
**ဆက်သွယ်ရန်ဖုန်း- ၀၁-၃၈၂၂၈၆၊**
**၀၉-၄၅၀၀၀၇၀၆၀၊**
**၀၉-၄၉၂၇၆၈၇၁**


English Language Centre

# RESEARCHERS

Foundation & Speaking Course

| Start Date | Class | Time | Duration |
| --- | --- | --- | --- |
| 6,6,2017 | Evening TUE,WED,THU | (6:00 to 8:00)pm | 4 months |

အမှတ် (၅၆)၊ ၅-လွှာ၊ အုတ်ကျင်းသီရိလမ်း၊ ကျောက်မြောင်း၊ တာမွေ၊ (သီတာမှတ်တိုင်)
ဖုန်း - ၀၉ ၂၅၀၁၆၂၀၃၈၊ ၀၁ ၂၀၉၃၈၂၊ ၀၉ ၅၆၈၀၂၃၇



PUN HLAING SILOAM HOSPITALS

## မြန်မာနိုင်ငံနှင့်စင်ကာပူနိုင်ငံမှဆရာဝန်ကြီးများပူးပေါင်းကုသမှု

ဇွန်လ ( ၂ ) ရက်နေ့မှ ( ၄ ) ရက်နေ့အထိ

- သောက်ဆေးဖြင့် မပျောက်ကင်းသော နာတာရှည် ထိပ်ကပ်နာများ
- အနံ့ခံအာရုံရှိုးယွင်းနေသောဝေဒနာရှင်များ
- အိပ်ပျော်နေစဉ်အတွင်းဟောက်တတ်ခြင်းနှင့်အသက်ရှူနှုန်းမမှန်ခြင်း
- နာခေါင်းအတွင်းရှိ ကင်ဆာအကျိတ်များကို ဖြတ်ထုတ်ခြင်း
- နာခေါင်းသွေးယိုမှုကို ထိန်းချုပ်ခြင်း
- နာခေါင်းနှင့်ပတ်သက်သောအခြားရောဂါများ




ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄ ၃၂၃၊ ၆၈၄ ၃၂၅၊ ၆၈၄ ၃၃၆၊ (၀၉) ၄၂၁ ၀၄၂ ၆၇၉၊ (၀၉) ၂၅၄ ၉၅၀ ၈၁၇ / မန္တလေး (၀၉) ၄၃၂၀ ၇၇၈၁ Email : marketing.phsh@spa-mm.com



# NAING EMPIRE

*Build Your Future*

# MOVING IN SALE

22nd until 31st May 2017

## ← 5 to 85% Off →

**Available Products**

*Sanitary Wares | Elevator | Aluminiums | Tiles | Laminates | Doors | Safety & Security | Steel Tank | Marble | Patty | Swimming Pool Tiles & accessories | Metal Trunking | Decking*

NEW SHOWROOM IS OPENING NOW!

*Warmly Welcome*
*to our new showroom*

**10 Mile (II) (Sales Center)**
No. 681 | Pyay Rd | 10-mile | Insein Tsp | Yangon.
Hotline : +95 9 444489984 | +95 9 964683444 | +95 9 421025234

ANY PURCHASE
GET



တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူများ၊ နိုင်ငံခြားသွားလိုသူများနှင့် အလုပ်ကောင်းရလိုသူများအတွက်

**ဆရာအာသာ SUCCESS Language Academy**

(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048, 256954

| BASIC ENGLISH SPEAKING | | |
|---|---|---|
| 7:30 - 9 | (Mon ~ Thurs) | 29 May |
| 10-11:30 | (Mon~Thurs) | 12 Jun |
| 1 - 4:00 | (Sat + Sun) | 17 Jun |
| 6 - 7:30 | (Mon~Thurs) | 19 Jun |
| 1 - 2:30 | (Mon~Thurs) | 26 Jun |

| BASIC FOUR SKILLS ENGLISH | | |
|---|---|---|
| 1 - 2:30 | (Mon ~ Thurs) | 29 May |
| 3:30 - 5 | (Mon ~ Thurs) | 29 May |
| 1 - 4:00 | (Sat + Sun) | 3 Jun |
| 10-11:30 | (Mon ~ Thurs) | 5 Jun |
| 3:30 - 5 | (Mon~Thurs) | 5,12 Jun |
| 1 - 4:00 | (Sat + Sun) | 10 Jun |
| 9 - 12:00 | (Sat + Sun) | 17 Jun |
| 6 - 7:30 | (Mon ~ Thurs) | 19 Jun |

| PRE-INTERMEDIATE (4-SKILL ENGLISH) | | |
|---|---|---|
| 1 - 2:30 | (Mon ~ Thurs) | 29 May |
| 1 - 4:00 | (Sat + Sun) | 17 Jun |
| 6 - 7:30 | (Mon ~ Thurs) | 19 Jun |
| 1 - 2:30 | (Mon ~ Thurs) | 26 Jun |

| INTERMEDIATE (ACADEMIC ENGLISH) | | |
|---|---|---|
| 1 - 2:30 | (Mon ~ Thurs) | 19 Jun |

| VOCAB ENRICHMENT | | |
|---|---|---|
| 3:30 - 5 | (Mon ~ Thurs) | 5 Jun |

| BASIC GRAMMAR | | |
|---|---|---|
| 9 - 12:00 | (Sat + Sun) | 28 May |

| BASIC WRITING | | |
|---|---|---|
| 3:30 - 5 | (Mon ~ Thurs) | 29 May |
| 1 - 2:30 | (Mon ~ Thurs) | 13 Jun |

| IELTS (Preparation) | | |
|---|---|---|
| 1 - 3:30 | (Mon~Thurs) | 5 Jun |

လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းဃဉ်တိုက်)
Ph: 01-503472, 09 443001453, 09 30775232

| BASIC ENGLISH SPEAKING | | |
|---|---|---|
| 10-11:30 | (Mon~Thurs) | 5 Jun |
| 6 - 7:30 | (Mon~Thurs) | 12 Jun |
| 7:30-10:30 | (Sat + Sun) | 24 Jun |
| 3:30 - 5 | (Mon~Thurs) | 26 Jun |

| PRE-INTERMEDIATE (4-SKILL ENGLISH) | | |
|---|---|---|
| 3:30 - 5 | (Mon~Thurs) | 29 May |
| 12 - 3:00 | (Sat + Sun) | 17 Jun |
| 7:30 - 9 | (Mon~Thurs) | 21 Jun |

| IELTS (Speaking + Vocab) | | |
|---|---|---|
| 10-11:30 | (Mon~Thurs) | 26 Jun |

| IELTS (Writing+Grammar) | | |
|---|---|---|
| 7:30 - 9 | (Mon~Thurs) | 29 May |

| BASIC FOUR SKILLS ENGLISH | | |
|---|---|---|
| 1 - 2:30 | (Mon~Thurs) | 5 Jun |
| 10-11:30 | (Mon~Thurs) | 12,21 Jun |
| 1 - 2:30 | (Mon~Thurs) | 21 Jun |
| 6 - 7:30 | (Mon~Thurs) | 26 Jun |

| BASIC GRAMMAR | | |
|---|---|---|
| 1 - 2:30 | (Mon~Thurs) | 29 May |
| 7:30-10:30 | (Sat+Sun) | 17 Jun |

| INTERMEDIATE (ACADEMIC ENGLISH) | | |
|---|---|---|
| 7:30 - 9 | (Mon~Thurs) | 29 May |
| 9 - 12:00 | (Sat + Sun) | 3 Jun |
| 6 - 7:30 | (Mon~Thurs) | 26 Jun |



**DADDY** (ဒယ်ဒီ)
မြဝတီ၊မဲဆောက်
စားရိတ်ငြိမ်း 100000 ၂ည/၃ရက်
June-2,9,16,23,30
09 448001903,09-440334848



**ASIA DRAGON** (အာရှနဂါး)
မိုးရာသီ Promotion (15-5-2017) မှစ၍ ---
ချောင်းသာ 12000 ကျိုက်ထီးရိုး 10000
ငွေဆောင် 15000 မြဝတီခရီးစဉ်(သောကြာ)
09-30030030, 09-799100100, 09-797100100



ကိုကျော်နိုင် CAR RENTAL
မြို့တွင်း၊ မြို့ပြင် စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန် ALPHARD, HIACE(အံစာတုံး) ကားသစ်ကြီးများဖြင့်ဝန်ဆောင်မှု ပေးပါသည်။
09 25 358 2510



ODYSSEY
ပြည်တွင်း၊ပြည်ပလေယာဉ်လက်မှတ် ဘိုဇ်အရောက်ပို့ဝန်ဆောင်မှု
09 73187799, 09 73070193
အာရောင်းခွဲကိုယ်စားလှယ် ယူနိုင်သည်



**ဦးအောင်ဟိန်းကျော်**
အတန်းအားလုံးစာအုပ်(လုံး၀) မကိုင်ဘဲသင်သည်
•Translation
အင်္ဂလိပ်စာရေးနည်း (အခြေခံ/ အဆင့်မြင့်)
စာတုံမြဲသင်၊ ၃လခြေခံမှ လက်တွေ့၊ လေ့ကျင့်သည်၊ ၃လတွင်းရေးတတ်ရမည်
အင်္ဂလိပ်စကားပြော သင်တန်း
▪ နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်
စာတုံမြဲသင်၊ စကားသင်သည်၊ ၁လအတွင်းပြောနိုင်ရမည်
● အင်္ဂလိပ်စကားပြော(Vol:1,2,3,4) ● ရေးနည်း(Pre., Vol:1,2,3) စာအုပ်ထွက်ပြီ
▪ 392468 095171841
၁၆၇၊ ၃ထပ်၊ ဆိပ်ကမ်းသာရိပ်မွန်၊ဆိပ်ကမ်းသာလမ်း၊ လယ်၊ ရန်ကုန်






တောင်ကြီးမောက်မယ်က အကောင်းဆုံးသနပ်ခါးကိုထုတ်လုပ်ထားပါသည်။
မြန်မာနိုင်ငံ (FDA) ခွင့်ပြုချက်အမိန့် MN11070400
စင်္ကာပူနိုင်ငံ TUV ဓါတ်ခွဲခန်းတွင်ပုံမှန်စစ်ဆေးသည်။
ISO (9001:2015) Certified






**BOSS**
ကိုရီးယားစတိုင် ပါကေး အရောင်းခန်းမ
အမှတ် (၂၈၁)၊ အလယ်ရွှေဂုံတိုင်လမ်းမကြီး၊ ရွှေဂုံတိုင်ဟိုတယ်ဘေး၊ ဗဟန်းမြို့နယ်။ Tel : 09-5426261, 09-8626261
အမှတ် (၂၄၇)၊ အရှေ့မြင်းပြိုင်ကွင်းလမ်းမကြီး၊ မြန်မာ့ရှေ့ဆောင်ဘဏ်ဘေး၊ တာမွေမြို့နယ်။ Tel : 09-5076661, 09-5076662, 09-5076663






**စော်ဘွားလေး ဗိုလ်ဗိုလ်မောင် ကုမ္ပဏီလီမိတက်**
အဆင့်မြင့် စတီး ဘလိတ်ဓါးသွားဆူးကြိုးများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချတပ်ဆင်ပေးနေပါသည်။




အမှတ်(၃၄/A)၊ကမ္ဘာအေးဘုရားလမ်းမ၊(နှင်းဆီကုန်းဘိုးဘွားရိပ်သာအရှေ့) ဗဟန်း။ Tel : 01-545531 , 09-730 581 61, 09-79 500 8161
အမှတ်(၃၆/A)၊ပြည်လမ်းမကြီး၊၉ -မိုင်၊ မရမ်းကုန်း။ Tel ; 01-656521, 09-4210 24731, 09-4210 24741
အဆောင်(၁၁၇)၊အခန်း(၅)၊ကမ္ဘာရတနာဘဏ်ဘေး၊စော်ဘွားကြီးကုန်း၊အင်းစိန်။ Tel ; 09-4210 24711, 09-4210 24811, 09-506 9101

# ကြော်ငြာ

ရဟန်း ဒါယကာကြီး

## ဦးမြမောင်(ဒါးပိန်) (၇၂)နှစ်

**ဒုတိယအထွေထွေမန်နေဂျာ(စာရင်း)(ငြိမ်း)**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**B.Com, C.P.A, D.S**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်(၅)နေ (ဦးစွိဘီရာ-ဒေါ်အေးတင်)တို့၏သား၊ (ဦးကျင်တိတ်-ဒေါ်အေးကြည်)တို့၏ သားသမက်၊ ဦးသန်းမြင့်-(ဒေါ်ရှုကြည်)၊ ဦးအောင်ဗိုလ်-ဒေါ်ခင်စောရီ၊ ဦးထိန်ဝင်း-ဒေါ်ခင်စန်းသီတို့၏ ညီ/မောင်၊ ဒေါ်ခင်ခင်ဝင်း (မန်နေဂျာ-ငြိမ်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း)၏ ခင်ပွန်း၊ ဒေါက်တာအောင်မျိုးထွန်း-ဒေါ်စိုးစိုးဝါ၊ ဒေါက်တာအောင်ညီလှိုင်-ဒေါ်ခင်လဲ့ဝင်း၊ မသင်းသင်းအောင်၊ (မအေးမြမိုး)တို့၏ဖခင်၊ မခိုင်စုအောင်၏အဘိုးသည် ၂၇-၅-၂၀၁၇ (စနေနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးရန်လင်းအောင်(ခ)အန်းကူ

## အသက်(၂၉)နှစ်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ဂန္ဓမာလမ်း၊ ငွေကြာရံရိပ်သာ၊ အမှတ်(၃)နေ [ဗိုလ်ချုပ်ထွန်းတင် (စစ်ရေးချုပ်-ငြိမ်း)]-ဒေါ်ကြည်ကြည်၊ (ဗိုလ်မှူးအောင်ကြည်-ဒေါ်သန်းမေ)တို့၏မြေး၊ ဦးအောင်သန်း-ဒေါ်သန်းသန်းထွန်း(Sally)တို့၏သားထွေး၊ (ဒုတိယကာကွယ်ရေးဦးစီးချုပ်-ရေ၊ နိုင်ငံခြားရေးဝန်ကြီး-ငြိမ်း၊ ဗိုလ်ချုပ်ချစ်လှိုင်-ဒေါ်ခင်ညိမ်းညိမ်း)၊ [ဦးကျော်ဆွေ (ရုပ်ရှင်မင်းသားကြီး)-ဒေါ်နွဲ့နွဲ့]တို့၏မြေးသမက်၊ (ဦးကျော်ဆွေသက်)-ဒေါ်ချိုမာလှိုင်တို့၏သားသမက်၊ ဦးမျိုးမြင့်အောင်(Alex Shine)-ဒေါ်ဝင်းမာငွေး၊ ဦးမောင်မောင်အောင်-ဒေါ်ဖြူဖြူအောင်တို့၏ ချစ်လှစွာသောညီငယ်လေး၊ ဦးအောင်သူသိန်း-ဒေါ်မီမီသက်လှိုင်တို့၏ မောင်၊ ကိုဟန်သာဇေအောင်၏အစ်ကို၊ ဒေါ်လှိုင်ထက်သက်(ခ)သဲသဲ၏ ချစ်လှစွာသောခင်ပွန်း ဦးရန်လင်းအောင်(ခ)အန်းကူသည် ၂၈-၅-၂၀၁၇ရက် နံနက် ၅း၀၅နာရီတွင် နေပြည်တော် ခုတင် (၁၀၀၀) ဆေးရုံကြီး၌ ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၁၇ ရက် နေ့လယ်တွင် နေပြည်တော် ဝေ့ကြီးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေပြည်တော် ခုတင်-၁၀၀၀ ဆေးရုံကြီးအအေးခန်းမှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး

## ဦးမြသန်း

## အသက် (၈၅) နှစ်

**ဦးမြတ်ကောင်း+ဒေါ်နွယ်နီအေးတို့၏ ဖခင်ဦးမြသန်း (၈၅) နှစ် သည် ၂၅-၅-၂၀၁၇ရက်နေ့ နံနက်(၆)နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။**

**ဆရာရန်ကြီးအောင်+ဒေါ်ခင်မြတ်သူမိသားစု**

ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဒေါ်ခင်ကြည်(ခ)ဒေါ်အမာ

**(တပ်မတော်မှတ်တမ်းရုံး)**

## အသက်(၉၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ တောင်သရက်လမ်း၊ အမှတ် (၅၃၂)နေ (ဦးကျော်ဒွါး-ဒေါ်ရွှေတင်)တို့၏သမီး၊ ဦးမောင်မောင်တင်(မြန်မာ့သစ်လုပ်ငန်း၊ သဘော်ာတင်ဌာန)၏ဇနီး၊ ဒေါ်အေးရီ၏အစ်မ၊ ဦးစောအေဘယ်လတ်-နော်ဂျူးရို့စ်၊ (ဒေါ်အေးကြည်-ဦးစံရွှေ)၊ ဦးစောသန်းချို-နော်ထူးစော့၊ ဒေါ်ပြုံး-ဦးထိန်ဝင်း၊ နော်သက်သက်မာ၊ နော်ချိုချိုမာ၊ နော်နီနီမာ၊ နော်တင်တင်မာတို့၏ မိခင်သည် ၂၇-၅-၂၀၁၇ (စနေနေ့) ည ၁၀း၁၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၉-၅-၂၀၁၇ (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်ခန်းမ၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးလှမြင့် (၅၃)နှစ်

**(တပ်ကြပ်ကြီး၊ ကြည်း-ငြိမ်း)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊အမှတ်(၂၉)၊ လေးလွှာ(အေ)နေ (ဦးခင်မောင်-ဒေါ်သွယ်)တို့၏သား၊ ဒေါ်ရင်မြင့်၊ ဒေါ်လှသန်း၊ ဦးလှထွေး၊ ဒေါ်လှအေး၊ (ဒေါ်လှကြွယ်)တို့၏ ညီ/မောင်၊ ဦးသိန်းအောင်၏အစ်ကို၊ မောင်မျိုးသိန်းဦး-မအေးငြိမ်းချမ်း၊ မနှင်းဝတ်ရည်သိန်း၊ မောင်သက်လွင်-မသင်းသဇင်သိန်း၊ မောင်အောင်ဇင်မျိုး-မသိမ့်သိမ့်သီတာဟန်တို့၏ ဦးလေးသည် ၂၇-၅-၂၀၁၇ (စနေနေ့) ညနေ ၅း၁၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၅-၂၀၁၇ (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများနံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၆-၂၀၁၇ (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီထိ အထက်ပါကျွန်းတောလမ်း၊ အမှတ် (၂၉)၊ လေးလွှာ(အေ) နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ဝင်းရီ

## အသက် (၈၈)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ လသာလမ်း၊ အမှတ်(၆၄)နေ ဦးချူကီး(ခ) ဦးဝင်းမောင်၏ ဇနီး၊ ဒေါ်မာလာ၊ ဒေါက်တာဒေါ်ကေသီ(တွဲဖက်ပါမောက္ခ၊ မျက်စိအထူးကုဆရာဝန်ကြီး၊ ရန်ကုန်မျက်စိအထူးကုဆေးရုံကြီး)တို့၏မိခင် ဒေါ်ခင်ဝင်းရီသည် ၂၇-၅-၂၀၁၇ ရက် ညတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၅-၂၀၁၇ ရက်တွင် မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးခင်မောင် (၈၅)နှစ်

**ဒု-ညွှန်မှူး၊ လ. ဝ. က(ငြိမ်း)**
**O.T.S အမှတ်စဉ်(၂၅)**

မန္တလေးမြို့နေ (ဦးစံတင်-ဒေါ်တီ)တို့၏သားကြီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ (၁၄၉)လမ်း၊ ပျားရည်ကုန်းရပ်ကွက်၊ အမှတ်(၁၁)နေ (ဦးကျော်ဇော-ဒေါ်အေးစိန်)တို့၏သားသမက်၊ ဒေါ်တင်တင်ဝင်း (လ/ထညွှန်မှူး-ငြိမ်း၊ ကုန်သွယ်/ဦးစီး)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးတင်မောင် (မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်း-ငြိမ်း)၊ ဒေါ်ကြည်ကြည်အေးတို့၏အစ်ကိုကြီး၊ ဦးသန်းနိုင်(UN-ငြိမ်း)-(ဒေါ်သီဂီဝင်းမောင်)၊ ဦးမင်းသူ-ဒေါ်နီလာဝင်းမောင်တို့၏ ချစ်လှစွာသောဖခင်၊ မောင်ကျော်ထက်နိုင် (Mamper Co., Ltd)၊ ဒေါက်တာအောင်ငြိမ်းနိုင်၊ မောင်ရဲမြတ်နိုင်၊ မမေမွန်သူ (Mamper Co., Ltd)၊ မောင်မင်းလှိုင်(Mamper Co., Ltd)၊ မောင်ထက်မိုးနိုင် @ Terrence Naing (Year-7MIS)တို့၏ ချစ်လှစွာသောအဘိုး၊ မောင်သီဟထက်အောင်၏ ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၂၇-၅-၂၀၁၇ (စနေနေ့) ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၆-၂၀၁၇(သောကြာနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သီ (ဒေါ်သီ-သနပ်ခါး) (၈၆)နှစ်

မန္တလေးမြို့၊ အမှတ်(၁၆၃)၊ လမ်း(၈၀)၊ (၂၈)လမ်းနှင့် (၂၉)လမ်းကြားနေ ဦးထွန်းအောင်-ဒေါ်ခင်လှမြင့်(DT-ဂျုံစက်)တို့၏အစ်မ၊ ဦးမျိုးသန့်-ဒေါ်မြင့်ကြည်(ဒေါ်သီ-သနပ်ခါး)တို့၏မိခင်၊ ဦးကျော်သက်လှိုင်(KT-ဆောက်လုပ်ရေး)-ဒေါ်နွယ်နွယ်စိုး(ဒေါ်သီ-သနပ်ခါး)၊ ကိုတင်ကိုကိုနိုင်(ကိုနိုင်-NVG)-ဒေါ်ယဉ်ယဉ်မြ(ဒေါ်သီ-သနပ်ခါး)တို့၏အဘွား၊ မြစ်ခုနစ်ယောက်တို့၏ဘွားဘွားကြီး၊ [ဦးရွှေ (ဒေါ်သီ-သနပ်ခါး)]၏ဇနီးသည် ၂၇-၅-၂၀၁၇ (စနေနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၅-၂၀၁၇ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် မန္တလေးမြို့၊ လမ်း(၈၀)နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ညွန့်ညွန့်ခင် (၆၇)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ (၉)မိုင်၊ ယိုးဒယားလမ်း၊ ခြံအမှတ်(၁)နေ (ဦးမြဒင်-ဒေါ်ခင်တင့်)တို့၏သမီး၊ (ဦးပီအေးချို-ဒေါ်ရိုစလင်းအေးချို)တို့၏ သမီးချွေးမ၊ [ဦးခင်မောင်ချို(ခ)ဦးရော်နယ်အေးချို (DSA-10)]၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာထွန်းသူရ (ရန်ကုန်ပြည်သူ့ဆေးရုံကြီး)-ဒေါ်ခင်မြတ်ချို(HEATWAVE)၊ ဒေါ်ခင်လတ်ချို(ခ)ဘိဘိ တို့၏ ချစ်လှစွာသောမွေးသမိခင်၊ မောင်လင်းမြတ်သူရ @ BENJAMIN (CISM)၊ မအေးမြတ်သူရ@ ROSIE(CISM)၊ မောင်စွမ်းမြတ်သူရ @ NICHOLAS(CISM)တို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၂၈-၅-၂၀၁၇(တနင်္ဂနွေနေ့) နံနက် ၅း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၁၇ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ညွန့်ညွန့်ခင် (၆၇)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ (၉)မိုင်၊ ယိုးဒယားလမ်း၊ ခြံအမှတ်(၁)နေ (ဦးမြဒင်-ဒေါ်ခင်တင့်)တို့၏သမီး၊ (ဦးပီအေးချို-ဒေါ်ရိုစလင်းအေးချို)တို့၏သမီးချွေးမ၊ [ဦးခင်မောင်ချို(ခ)ဦးရော်နယ်အေးချို (DSA-10)]၏ ချစ်လှစွာသောဇနီး၊ ဒေါ်ခင်စန်းမြင့်(ခ)ဒေါ်ပိလင်းအေးချို(USA-NY)၊ (ဦးစိုးတင့်)၊ (ဦးစိုးလွင်)၊ ဦးသိန်းနွဲ့၊ ဒေါ်စန်းအိ၊ ဒေါ်ခင်ဝင်းအောင်၊ ဒေါ်ငွေးရီ၊ ဒေါ်ခင်မျိုးမြင့်၊ ဦးဘုန်းမြင့်တို့၏ချစ်လှစွာသောညီမ၊ (ဒေါ်ခင်လေးမြတ်)၏ ချစ်လှစွာသောအစ်မ၊ တူ/တူမ ၂၈ ယောက်တို့၏ ချစ်လှစွာသောအဒေါ် ဒေါ်ညွန့်ညွန့်ခင်သည် ၂၈-၅-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၅း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၁၇ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်)

## ဦးမောင်ဖြူ (ရမ်းဗြဲ၊ ကျောက်နီမော်)

**(မြို့နယ်အမှုဆောင်အဖွဲ့ဝင်)**

## အသက် (၅၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၁)လမ်း၊ အမှတ်(၉၇၁)နေ (ဦးထွန်းရင်ဦး)-ဒေါ်ကျန်အေးဖြူ တို့၏သား၊ ဒေါ်စိန်မြင့်၏ခင်ပွန်းသည် ၂၈-၅-၂၀၁၇ ရက် နံနက် ၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး (ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၁၇(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

## ကိုနေလင်းအောင်(တောင်ငူ) (၄၅)နှစ်

**A.G.T.I (EP)**
**Senior Engineer**
**Khaing Myanmar Lin Company**

တောင်ငူမြို့နေ ဦးအေးကြိုင်-ဒေါ်သန်းသန်းအေးတို့၏ တတိယမြောက်သား၊ ဟင်္သာတမြို့နေ ဦးမြသန်း-ဒေါ်ဆိုင်းခေါန်တို့၏ သားသမက်၊ အမှတ်(၁၀၃)၊ ခြောက်လွှာ(A)၊ ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်နေ မခိုင်မာဦး (Manager-Prime Matter Co., Ltd.)၏ခင်ပွန်း၊ (ကိုအောင်ကျော်ဦး)၊ (ကိုအောင်ကျော်စိုး)တို့၏ညီ၊ ကိုတေဇာလင်း၏အစ်ကို၊ မကြည်လဲ့ဖြူ၏ ဦးလေးသည် ၂၈-၅-၂၀၁၇ရက် နံနက် ၆း၄၅ နာရီတွင် မဟာမြိုင်ဆေးရုံ၊ စမ်းချောင်းမြို့နယ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမြဟန် (၈၃)နှစ်

**(သတင်းစာကိုယ်စားလှယ်-ဗဟန်း)**

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နေ (ဦးထွန်းဆိုင်-ဒေါ်ငွေသက်)တို့၏သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး (က+ဂ)ရပ်ကွက်၊ (၁၅၆)လမ်း၊ အမှတ် (၁၃)၊ သုံးလွှာ(ဝဲ)နေ ဒေါ်တင်စိန်၏ခင်ပွန်း၊ ဦးဝင်းနိုင် (ရဲအုပ်-ငြိမ်း)-ဒုရဲမှူးတင်တင်ဝင်း (လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့-ရန်ကုန်)၊ ဦးအောင်မျိုး-ဒေါ်အေးသူဇာ (ပွင့်ဖူးဝေစတိုး၊ ယုဇနပလာဇာ)၊ ကိုကျော်သက်စိန်-မမြတ်မြတ်သင်းတို့၏ မွေးသဖခင်၊ မမြတ်ကေခိုင် (ပထမနှစ်၊ ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်)၏ အဘိုးသည် ၂၇-၅-၂၀၁၇ ရက် ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၅-၂၀၁၇ (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

သိမ်၊ ကျောင်း၊ ဇရပ် အလှူရှင် ဒါယိကာမကြီး

## ဒေါ်သန်းငွေ (၆၆)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နေ (ဦးဘသွင်-ဒေါ်သန်းစိန်)တို့၏သမီးကြီး၊ (ဦးဘသန်း-ဒေါ်သန်းမေ)တို့၏ သမီးချွေးမ၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ ဝိသာခါလမ်း၊ အမှတ်(၂၂၅)နေ (ဦးသန်းထွန်း)၏ ချစ်လှစွာသောဇနီး၊ မဝေမွန်အောင် (United Amara Bank)၊ မောင်ဖုန်းမြင့်-မအေးမြသီတာထွန်း(ခေတ္တ-စင်ကာပူ)၊ မောင်ကျော်စိုးမင်း(edotco Myanmar Limited)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မောင်သုတဉာဏ်၏အဘွားသည် ၂၈-၅-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၁း၂၀ နာရီတွင် Sakura ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၁၇ (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် နေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃-၆-၂၀၁၇ (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# အနိစ္စ

ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဒေါ်ခင်ကြည်(အမိုး)

**(တပ်မတော်မှတ်တမ်းရုံး)**

## အသက်(၉၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ တောင်သရက်လမ်း၊ အမှတ် (၅၃၂)နေ (ဦးကျော်ဒွါး-ဒေါ်ရွှေတင်)တို့၏ သမီး၊ ဦးမောင်မောင်တင် (မြန်မာ့သစ်လုပ်ငန်းသဘော်ာတင်ဌာန)၏ဇနီး၊ ဒေါ်လှိုင်းမို့မို့စံ-ဦးညီညီထွေး၊ ဒေါ်လှိုင်းအိအိစံ-ဦးပြည့်ဖြိုးအောင်၊ ငြိမ်းချမ်းကိုကို၊ နော်မေဝင်းလတ်၊ စောအောင်ဟိန်းလတ်-နော်ရှားရိုဖေ၊ ချစ်စုကြည်လတ်၊ နော်နိုးနိုးချို-ဦးကောင်းမြတ်ကြွယ်၊ နော်လင်းလက်ချို၊ ကျော်ဂျေဂျေသော်တို့၏ အဘွား၊ ယမုံဖူးလွင်၊ ဟိန်းဇေယျာလွင်၊ ရဲမျိုး၊ ကိုဖြိုး၊ နေထူးအောင်၊ ကြည်နူးကဗျာ၊ အောင်ကောင်းမြတ်သာတို့၏ အဘေးသည် ၂၇-၅-၂၀၁၇ (စနေနေ့) ည ၁၀း၁၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၉-၅-၂၀၁၇ (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်ခန်းမ၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

## ဒေါ်တင်ရွှေ (၈၄)နှစ်

**မော်လမြိုင်မြို့နယ်အသင်း**
**သက်ကြီးကန်တော့ခံ**
**ဒေးဒရဲမြို့နယ်အသင်း**
**သက်ကြီးကန်တော့ခံ**
**ပန်းဘဲတန်းမြို့နယ်**
**လမ်း-၃၀အလယ် လောကဝိဒူမွှာရဲ့**
**သက်ကြီးကန်တော့ခံ**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၄၈၈)နေ (ဦးလှတင်-ဒေါ်စောတင်)တို့၏ သမီး၊ (ဦးထွန်းလှ-ဒေါ်အုံး)တို့၏ သမီးချွေးမ၊ ဦးသောင်း(ကလေးကစားစရာဆိုင်)၏ ဇနီး၊ ဦးကျော်စိုး-ဒေါ်စုစုဝင်း၊ ဒုတိယဗိုလ်မှူးကြီး မိုးဇော်လင်း(ငြိမ်း)-ဒေါ်မူမူဝင်း၊ ဦးထွန်းထွန်းဦး-မခင်ဝင်းမော်တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မောင်ဟန်ကျော်တင့်၊ မောင်ပြည့်ဖြိုးကျော်၊ မောင်ဝဏ္ဏလင်း၊ မဆုမြတ်လင်း၊ မဖြူမွန်ငြိမ်း၊ မထက်ထက်အောင်တို့၏ အဘွားသည် ၂၈-၅-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးလှထွန်း (၇၂)နှစ်

**(ဒါရိုက်တာလင်းထက်၊ အမိမြေဗီဒီယိုထုတ်လုပ်ရေး)**

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ဒိတ်ကုန်းကျေးရွာနေ (ဦးခင်မောင်-ဒေါ်ဖွားကြည်)တို့၏ သား၊ ဦးသောင်းလှိုင်-ဒေါ်မြင့်ကြည်၊ ဦးမြမောင်-ဒေါ်လှဆိုင်၊ (ဦးအောင်မြင့်)၊ ဒေါ်နုနုဝေတို့၏ အစ်ကို၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ၈/ရပ်ကွက်၊ စက္ကဝတ်(၄)လမ်း၊ အမှတ်(၁၆၄)နေ ဒေါ်ချိုမာထွန်း၊ ဦးမောင်မောင်သော်-ဒေါ်ဝင်းမာထွန်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်သွင်ဇော်၊ မဝေနှင်းဖြူတို့၏အဘိုးသည် ၂၇-၅-၂၀၁၇ (စနေနေ့) ညနေ ၃း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၅-၂၀၁၇ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၆-၂၀၁၇ (သောကြာနေ့) နံနက်တွင် အမှတ်(၁၆၄)၊ စက္ကဝတ် (၄)လမ်း၊ ၈/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဦးအဂ္ဂဓမ္မ (ဦးအေးထွန်း)

**လ-ဝ-က(ငြိမ်း) ပိုးဝါထီဆိုင်**

## သိက္ခာတော်(၈)ဝါ၊ သက်တော်(၇၉)နှစ်

မြောက်ဦးမြို့နယ်၊ ဝေသာလီကျေးရွာ၊ သရက်ချိုတောင်(ခ)မင်းသမီးတောင်(ခ)ရွှေတောင်ကြီး(ခ)စတုတ္ထသံဃာယနာတောင်(တောရကျောင်း)နေ (ဦးမောင်စောလှ-ဒေါ်ပွိုးသူ)တို့၏သား၊ စစ်တွေမြို့၊ မိဖုံရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၂၁၀)နေ (ဒေါ်ကြာဖုံလှ)၏ခင်ပွန်း၊ ဒေါ်ဦးမြသိန်း-ဦးအောင်ဒိုး(အလပြ-ငြိမ်း)၊ ဦးရွှေသိန်းမောင် (ကုန်သည်)-ဒေါ်ဦးမြသိန်း၊ ဒေါ်မသိန်းအေး(ကုန်သည်)၊ ဒေါ်သိန်းနုအေး(အလပြ၊ ဘောင်းဒွတ်သားစု)-ဦးအောင်ကျော်မြင့် (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၊ ဒေါ်လှမြသိန်း(အထက-၂၊ စစ်တွေမြို့)-ဦးအောင်ခင်ဇော်၊ (ဦးထွန်းအောင်သိန်း)၊ ဦးစံရွှေသိန်း (တရားသူကြီး၊ ပြည်)-ဒေါ်စုစုခိုင်၊ ဦးကျော်လှိုင်ထွန်း(ခ)ကိုရွှေဘော်(ရွှေပန်းခိုင်ရခိုင်ထမင်းဆိုင်ရန်ကုန်)-ဒေါ်ခင်သန်းဝင်းတို့၏ဖခင်၊ မြေး ၁၄ယောက်တို့၏အဘိုးရှင်၊ မြစ်နှစ်ယောက်တို့၏ အဖိုးရှင်သည် ၂၇-၅-၂၀၁၇(စနေ နေ့) မွန်းတည့် ၁၂ နာရီတွင် စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီး၌ ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ၂၉-၅-၂၀၁၇ (တနင်္လာနေ့)တွင် အာဂျိတ်တော်ကုန်းသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား ဒါယကာကြီး

## ဦးရွှေမင်းညို (၉၄)နှစ်

**ပြည်သူ့ရဲအငြိမ်းစား၊ မောင်တောမြို့**

မောင်တောမြို့၊ မြို့သစ်ရပ်နေ (ဒေါ်မေကြီး)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမောင်ကြီး-ဒေါ်ဦးခင်ညွန့်၊ ဒေါ်လှမြသိမ်း(အငြိမ်းစား ကျောင်းဆရာမ)၊ ရန်ကုန်မြို့နေ ဦးကျော်သာ-ဒေါ်သိန်းတင်၊ စစ်တွေမြို့နေ ဦးဦးသာထွန်း-ဒေါ်အုန်းခင်၊ ဒေါ်ခင်မေကျော့ (ကုန်သွယ်လယ်ယာ)၊ (ဦးကျော်ငြိမ်း)-ဒေါ်ညိုညိုခင်တို့၏မွေးသဖခင်၊ မြေး ၁၂ယောက်၊ မြစ် ၁၂ယောက်တို့၏ အဘိုးရှင်သည် ၂၈-၅-၂၀၁၇ရက် နံနက် ၁း၁၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၅-၂၀၁၇ (တနင်္လာနေ့)တွင် မောင်တောမြို့မသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ဒေါ်မြကျင် (၈၅)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/တောင်(၁၄)ရပ်ကွက်၊ အကောက်ခွန်ဝန်ထမ်းအိမ်ရာ၊ လိုင်း(၁၄)၊ အခန်း(၇)နေ (ဦးပိုး-ဒေါ်ပု)တို့၏သမီး၊ ဦးအောင်-ဒေါ်အေးကြည်၊ ဒေါ်ငွေတင်၊ ဦးထွန်းတင်-ဒေါ်အေးရီ၊ [ဦးလှကြိုင် (လ/ထညွှန်ကြားရေးမှူး၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်း)-ဒေါ်မေမေတင်]၊ ဦးသိန်းဆိုင်-ဒေါ်ကျင်ငွေ၊ ဦးတင်ရွှေ-ဒေါ်ပုံတို့၏ညီမ၊ ဦးသန့်ဇင် (မြန်မာ့လက်ရွေးစင်ဂိုးသမားဟောင်း)-ဒေါ်လဲ့လဲ့၊ (ဦးကြည်ငွေး)-ဒေါ်ဆွေဆွေမြင့်၊ ဦးကယ်လ်ဗင်-ဒေါ်စောမြတ်မွန်၊ (ဦးရဲမြင့်)တို့၏ မွေးသမိခင်၊ မြေးခြောက်ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွား၊ [ဦးစောမြဇင် (မြန်မာ့လက်ရွေးစင်ဂိုးသမားဟောင်း)]၏ ချစ်လှစွာသောဇနီးသည် ၂၇-၅-၂၀၁၇ (စနေနေ့) နံနက် ၄း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၅-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၆-၂၀၁၇ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမောင်ဖြူ(ခ)ဦးမြင့်ဆွေ (၅၈)နှစ်

**ရမ်းဗြဲ၊ ကျောက်နီမော်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၁)လမ်း၊ အမှတ်(၉၇၁)နေ (ဦးထွန်းရင်ဦး)-ဒေါ်ကျန်အေးဖြူတို့၏သားကြီး၊ ဦးပန်းစိန်အောင်-ဒေါ်လုံးဖြူတို့၏ သားသမက်၊ ဦးထွန်းခင်-ဒေါ်ခင်ဝင်းကြည်တို့၏ အစ်ကို၊ မယုဝါဆွေ၊ ကိုဖြိုးဇော်ဇော်-မချိုချိုအေး၊ မောင်ထိုက်စံဝင်းတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မအိမ့်ဖြိုးသဒ္ဒါချို၏အဘိုး၊ ဒေါ်စိန်မြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမောင်ဖြူ(ခ) ဦးမြင့်ဆွေသည် ၂၈-၅-၂၀၁၇ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၆-၂၀၁၇ ရက် နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဖြိုးဇော်အောင် (၄၃)နှစ်

**(CBS, CABS, DBS, BBS)**
**အပြည်ပြည်ဆိုင်ရာဒိုင်လူကြီး (WTF Int'L Referee)**
**(ATU, Asia Referee)MTF, Joint Secretary-Referee Chairman)**
**(အထွေထွေအတွင်းရေးမှူး-မြန်မာနိုင်ငံတိုက်ကွမ်ဒိုအသင်းချုပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့)**
**(အထွေထွေအတွင်းရေးမှူး၊ သဘာဝသယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေး)**

ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊လမ်းသစ်လမ်းနေ ဦးလေးတင့်(လူပုံတော်ပတ္တမြား)-ဒေါ်စန်းတင့်တို့၏ သားကြီး၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ကုန်သည်လမ်း၊ (၄၃၆/၉)နေ ဦးသိန်းအေး(ရေ့နေကြီး)-ဒေါ်ဖြူဖြူဝင်းတို့၏ သားသမက်၊ ဒေါ်မေလွှမ်းမိုးအေး (အကြီးတန်းမန်နေဂျာ-မြန်မာ့ရေ့ဆောင်ဘဏ်၊ ရုံးချုပ်-ရန်ကုန်မြို့)၏ခင်ပွန်း၊ မဆင်းရွှေမုံ (Grade-3၊ အလက-၁၊ ဒဂုံ၊ ရန်ကုန်မြို့)၏မွေးသဖခင် ဦးဖြိုးဇော်အောင်သည် ၂၈-၅-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၁၀း၂၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၁၇ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေ၊ ဆွေမျိုးများအား အကြောင်းကြားအပ်ပါသည်။(ဗိုလ်တထောင်မြို့နယ်၊ ကုန်သည်လမ်းမှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးဖြိုးဇော်အောင် (၄၃)နှစ်

**မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး**
**မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်-ဒိုင် ဥက္ကဋ္ဌ**
**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာနည်းပြချုပ်**

ရန်ကုန်မြို့၊ အမှတ်(၈၄၀)၊ မဟာဗန္ဓုလလမ်းနှင့် လမ်းသစ်လမ်းထောင့်နေ ဦးလေးတင့်-ဒေါ်စန်းတင့်တို့၏သားကြီး၊ ဦးသိန်းအေး(ရေ့နေကြီး)-ဒေါ်ဖြူဖြူဝင်းတို့၏သားသမက်၊ ဒေါ်မေလွှမ်းမိုးအေး(အကြီးတန်းမန်နေဂျာ၊ မြန်မာ့ရေ့ဆောင်ဘဏ်ရုံးချုပ်၊ ရန်ကုန်မြို့)၏ခင်ပွန်း၊ မဆင်းရွှေမုံ(Grade-3၊ အလက-၁၊ ဒဂုံ)၏ ဖခင်၊ ကိုမိုးဇော်အောင်(အမြွှာအစ်ကိုကြီး)၊ မဆွေဆွေလင်း၊ မောင်စိုးဇော်အောင်-မမေမြတ်ဦးတို့၏အစ်ကို၊ မောင်သုထက်ဦး၊ သားငယ်လေးတို့၏ဘကြီး ဦးဖြိုးဇော်အောင်သည် ၂၈-၅-၂၀၁၇(တနင်္ဂနွေနေ့) နံနက် ၁၀း၂၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၁၇ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ကြပါရန် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# တန်ဖိုးသင့်ပြည်သူ့အိမ်ရာစီမံကိန်း မကြာမီအကောင်အထည်ဖော် ဆောင်ရွက်မည်

**ရန်ကုန် မေ ၂၈**

နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများအတွက် Precast စနစ်ဖြင့်ဆောက်လုပ်မည့် တန်ဖိုးသင့်ပြည်သူ့အိမ်ရာစီမံကိန်းများကို မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း (MCEA)၏ ဦးဆောင်မှုဖြင့် ပုဂ္ဂလိကဆောက်လုပ်ရေးအဖွဲ့များက ဆောင်ရွက်ကြမည်ဖြစ်ပြီး Myanmar CollWall Precast Thailand နှင့် မြန်မာပြည် မိတ်ဖက်အဖွဲ့များက နည်းပညာပံ့ပိုးကာ နိုင်ငံတော်အစီအစဉ်ဖြင့် မကြာမီအကောင်အထည်ဖော်တော့မည်ဖြစ်သည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍**



ထိုင်းနိုင်ငံတွင် Precast စနစ်ဖြင့် ဆောက်လုပ်ထားသည့် တန်ဖိုးသင့်ပြည်သူ့အိမ်ရာစီမံကိန်းအား တွေ့ရစဉ်။

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစုပင်လုံ(ဒုတိယအစည်းအဝေး) နောက်ဆုံးနေ့အစီအစဉ်များ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မေ ၂၈**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး)ကို မေ ၂၄ ရက်မှ စတင်၍ နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂)တွင် ကျင်းပလျက်ရှိပြီး မေ ၂၉ ရက် နောက်ဆုံးနေ့အစီအစဉ်များကို မြန်မာ့ရုပ်မြင်သံကြားနှင့် ရေဒီယိုအစီအစဉ်တို့မှ ယင်းနေ့နံနက် ၁၀ နာရီမှစတင်၍ တိုက်ရိုက် (Live) ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



# အောင်လအန်ဆန်နှင့် ဘစ်ဒက်ရှ်တို့၏ MMA ကမ္ဘာ့ချန်ပီယံလုပွဲ ရန်ကုန်၌ ကျင်းပမည်

**ရန်ကုန် မေ ၂၈**

မြန်မာအားကစားပရိသတ်များနှင့် ရင်းနှီးကျွမ်းဝင်ပြီး ကချင်တိုင်းရင်းသား MMA ကစားသမား အောင်လအန်ဆန်နှင့်အတူ နာမည်ကြီးလာသည့် MMA ဘက်စုံကိုယ်ခံပညာသုံး ပြိုင်ပွဲကို ဇွန် ၃၀ ရက်တွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အဓိကတွဲဆိုင်းအဖြစ် အောင်လအန်ဆန်နှင့် ဗစ်တာလီ ဘစ်ဒက်ရှ် (ရုရှား)တို့၏ ကမ္ဘာ့ချန်ပီယံလုပွဲ ပါဝင်မည်ဖြစ်သည်။

အောင်လအန်ဆန်နှင့် ဗစ်တာလီဘစ်ဒက်ရှ်တို့၏ MMA မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲကို ဇွန် ၃၀ ရက်တွင် ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်သည်။ အောင်လအန်ဆန်သည် ယခုနှစ်အတွင်း ကမ္ဘာ့ချန်ပီယံ MMA ဖြစ်ရန် ရည်မှန်းချက်ထားပြီး ဇန်နဝါရီလက အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သောပွဲတွင် ဗစ်တာလီဘစ်ဒက်ရှ်နှင့် ထိုးသတ်ရန်စီစဉ်ထားသည့် ပြိုင်ဘက်ကစားသမားနုတ်ထွက်မှုကြောင့် အစားထိုးယှဉ်ပြိုင်ခဲ့ရာ အဆင်သင့်မဖြစ်သေးသောကြောင့် နိုင်ပွဲနှင့်လွဲချော်ကာ ရှုံးပွဲနှင့်ရင်ဆိုင်ခဲ့ရသည်။ သို့သော် ယင်းပွဲတွင် အောင်လအန်ဆန်၏ အနိုင်မခံ၊ အရှုံးမပေးစိတ်ဓာတ်၊ အချိုပြည့်သည်အထိ တိုက်ခိုက်လိုစိတ်တို့ကို တွေ့မြင်ခဲ့ရပြီး သုံးချီမှစ၍ ပြိုင်ဘက်ကစားသမား၏ တစ်ဖက်သက်ထိုးသတ်မှုများခံခဲ့ရသော်လည်း အချိုပြည့်သည်အထိ တောင့်ခံသွားခဲ့သည်။ အောင်လအန်ဆန်သည်

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖**

# မြန်မာ့ရိုးရာလက်ဝှေ့ ငါးချီစိန်ခေါ်ပွဲတွင် သန့်ဇင်ထွန်းက ပြိုင်ဘက်ကိုပထမအချီမှာပင် အလဲထိုးအနိုင်ယူ



**ထွန်းလင်းခန့်(စစ်ကိုင်း)နှင့် သန့်ဇင်ထွန်း(ကျားဘုရင်၊ သထုံ)တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။** ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

**ရန်ကုန် မေ ၂၈**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ ကြီးမှူး၍ ဂျပန်နိုင်ငံ Manda က ပံ့ပိုးကျင်းပသည့် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ ကျင်းပသည်။

ယနေ့ကျင်းပသော လက်ဝှေ့ပြိုင်ပွဲတွင် သုံးချီပြိုင်ပွဲ လေးပွဲ၊ လေးချီစိန်ခေါ်ပွဲ သုံးပွဲနှင့် ငါးချီစိန်ခေါ်ပွဲ တစ်ပွဲတို့ ယှဉ်ပြိုင်ခဲ့ကြသည်။

ပထမဆုံးယှဉ်ပြိုင်သည့် သုံးချီစိန်ခေါ်ပွဲတွင် ရဲထက်စိုး (T&T)နှင့် စိန်းနန်းအောင် (ဗမာ့သွေး)တို့ တွဲဆိုင်း ပထမအချီမှာပင် စိန်းနန်းအောင် အနားတောင်းလိုက်ရပြီး ပြန်အတည်တွင် ရဲထက်စိုး၏ ညာဖြောင့်လက်သီးတစ်လုံးတည်းဖြင့် စိန်းနန်းအောင်ကို

**စာမျက်နှာ ၅ ကော်လံ ၅ သို့ ✪**



## ရုံးအဖွဲ့မှူး(၁)ဦး အမြန်အလိုရှိသည်

လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်၊ စီမံခန့်ခွဲရေးကော်မတီရုံးတွင် တာဝန်ထမ်းဆောင်ရန် ရုံးအဖွဲ့မှူး(၁)ဦး အလိုရှိသည်။

၁။ အသက် ၃၄-၄၀ နှစ်အတွင်း ဖြစ်ရမည်။
၂။ လှိုင်သာယာ၊ ရွှေပြည်သာမြို့နယ်တွင် နေထိုင်သူ ဦးစားပေးမည်။
၃။ ရုံးအဖွဲ့မှူး အတွေ့အကြုံရှိသူ ဦးစားပေးမည်။

ကြေညာပါသည့်ရက်မှ (နှစ်ပတ်အတွင်း) လာရောက်လျှောက်ထားနိုင်သည်။

**လျှောက်ထားရန်**
**အမှတ်(၁၈၃)၊ သံချက်ဝန်ဦးညွန့်လမ်း၊**
**ရွှေလင်ပန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်။**
**ဖုန်း-၀၁-၆၁၃၅၀၁၊ ၀၁-၆၁၃၆၁၇**

## တက်နေကုမ္ပဏီ

| | | |
|---|---|---|
| ၁။ | B.E ဘွဲ့ရ | ကျား/မ (၁၀) ဦး |
| ၂။ | B.A, B.Sc | ကျား/မ (၂၀) ဦး |
| ၃။ | Marketing ကျွမ်းကျင် (၉ တန်း။ ၁၀ တန်း) | ကျား/မ (၁၀)ဦး |
| ၄။ | ဘာသာပြန်(တရုတ်စကား) | ကျား/မ (၃)ဦး |

လုပ်ငန်းအတွေ့အကြုံရှိသူနှင့် နယ်သွားနိုင်သူ ဦးစားပေးမည်။ နယ်မှလည်း လျှောက်ထား နိုင်သည်။ ကိုယ်ရေးအချက်အလက်၊ ပညာအရည်အချင်း၊ အောင်လက်မှတ်မိတ္တူ၊ ရဲစခန်းထောက်ခံ စာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပတ်စပို့ဓါတ်ပုံ(၂)ပုံ၊ ဆက်သွယ်ရမည့်လိပ်စာ၊ တယ်လီဖုန်း နံပါတ် အပြည့်အစုံနှင့်အတူ တက်နေကုမ္ပဏီ အမှတ်(၆၄)၊ ဝေဇယန္တာလမ်း၊ ၈-ရပ်ကွက်၊ တောင်ဥက္ကလာပစက်မှုဇုန်သို့ ကြော်ငြာပါသည့်နေ့မှစ၍ (၁)လအတွင်း လျှောက်ထားနိုင်ပါသည်။

## Taw Win Development Foundation

လိပ်စာ အမှတ်(၄၅)၊ တော်ဝင်စင်တာ၊ **Level 3**၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
ဆက်သွယ်ရန်ဖုန်း – ၀၁ ၇၆၀၀၀၃၄၊ ၇၆၀၀၀၃၅၊ ၇၆၀၀၀၃၆၊ ၇၆၀၀၀၃၇
ဝန်ထမ်းအလိုရှိသည်။(ပြည်တွင်း၌သာ ခန့်ထားရန်။)

၁. ဆရာဝန် ကျား/မ (၂)ဦး

- M.B.B.S ဘွဲ့ရရှိသူဖြစ်ရမည်။ အသက်(၂၅)နှစ်မှ (၄၀)နှစ် အတွင်း ဖြစ်ရမည်။
- လိုအပ်ပါကအချိန်ပိုဆင်းနိုင်ရမည်။ နေရာဒေသမရွေးတာဝန်ထမ်းဆောင်နိုင်ရမည်။
- အကျင့်စာရိတ္တကောင်းမွန်၍ ရိုးသားကြိုးစားပြီး ရေရှည်လက်တွဲ လုပ်ကိုင်နိုင်သူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးမှတ်တမ်း၊ ဓာတ်ပုံ(၂)ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမား မှတ်ပုံတင်၊ သန်းခေါင်စာရင်းမိတ္တူ၊ ရဲစခန်းထောက်ခံစာနှင့်အတူ ကြော်ငြာပါသည့် နေ့မှစ၍ အထက်ပါ လိပ်စာသို့ လာရောက်လျှောက် ထားနိုင်ပါသည်။

## ဝန်ထမ်းအလိုရှိသည်
## (ပြည်တွင်း၌သာ ခန့်ထားရန်)

AYA Bank
Your Trusted Partner

### ဧရာဝတီဘဏ်လီမိတက်၏ ဘဏ်ခွဲအသီးသီးတွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ ရာထူးများ လျှောက်ထားနိုင်ပါသည်။

**၁ ။ Branch Manager (၁၀၀) ဦး**

တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။ စီးပွားရေးပညာရပ်နှင့်သက်ဆိုင်သော မဟာဘွဲ့၊ ဒီပလိုမာများ၊ LCCI, ACCA, CIMA ဒီပလိုမာ ရရှိထားသူများ၊ အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြော တတ်ကျွမ်းသူ ဖြစ်ရမည်။ Financial, Sales, Marketing နှင့် Accounting နယ်ပယ်များတွင် လုပ်ငန်းအတွေ့အကြုံ (၃)နှစ်မှ (၄)နှစ်အတွင်း ရှိသူများဖြစ်ပြီး၊ ကြီးကြပ်စီမံခန့်ခွဲခြင်း အတွေ့အကြုံ အနည်းဆုံး (၂)နှစ် ရှိရမည်ဖြစ်သည်။ ကွန်ပျူတာ စာစီစာရိုက် ကျွမ်းကျင်ပြီး Word, Excel, PowerPoint, PageMaker, Internet & E-mail အသုံးပြုတတ်သူ ဖြစ်ရမည်။ လူမှုဆက်ဆံရေး ပြေပြစ်ကောင်းမွန်ပြီး ပူးပေါင်းဆောင်ရွက်လိုစိတ်ရှိကာ ဂုဏ်ဆောင်မှု စိတ်ဓာတ်အပြည့်ဖြင့် ပြဿနာများကို ညှိနှိုင်းကိုင်တွယ် ဖြေရှင်းနိုင်သူ ဖြစ်ရမည်။

**၂ ။ Branch Executive (၁၀၀)ဦး**

တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။ Financial, Sales, Marketing နှင့် Accounting နယ်ပယ်များတွင် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃)နှစ်ရှိသူ ဖြစ်ရမည်။ စီးပွားရေးပညာရပ်နှင့် သက်ဆိုင်သော ဘွဲ့၊ ဒီပလိုမာ၊ LCCI, ACCA, CIMA ဒီပလိုမာ ရရှိထားသူများ၊ အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြော ကျွမ်းကျင်သူများအား ဦးစားပေး ခန့်ထားပါမည်။ ကွန်ပြူတာစာစီစာရိုက်ကျွမ်းကျင်ပြီး Word, Excel, PowerPoint, PageMaker, Internet & E-mail အသုံးပြုတတ်သူဖြစ်ရမည်။ လူမှုဆက်ဆံရေး ပြေပြစ်ကောင်းမွန်ပြီး ပူးပေါင်းဆောင်ရွက်လိုစိတ်ရှိကာ ဂုဏ်ဆောင်မှု စိတ်ဓာတ်အပြည့်ဖြင့် ပြဿနာများကို ညှိနှိုင်းကိုင်တွယ် ဖြေရှင်းနိုင်သူ ဖြစ်ရမည်။

**၃ ။ အငယ်တန်း ဘဏ်လက်ထောက် (၁၅၀)ဦး**

တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ စီးပွားရေးပညာရပ်နှင့် သက်ဆိုင်သော ဘွဲ့၊ ဒီပလိုမာ ရရှိထားသူများ၊ အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြော ကျွမ်းကျင်သူများအား ဦးစားပေးခန့် ထားပါမည်။ ကွန်ပျူတာ စာစီစာရိုက် ကျွမ်းကျင်ပြီး Word, Excel, PowerPoint, PageMaker, Internet & E-mail အသုံးပြုတတ်သူ ဖြစ်ရမည်။ ကျန်းမာသန်စွမ်းပြီး လုပ်ငန်းတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက် လုပ်ကိုင်နိုင်သူ ဖြစ်ရမည်။

**၄ ။ လုံခြုံရေး (၂၅၀) ဦး**

အခြေခံပညာ အလယ်တန်းအဆင့်ရှိသူ ဖြစ်ရမည်။ အရပ် (၅)ပေ (၅)လက်မနှင့်အထက်ရှိပြီး ကိုယ်အလေးချိန် ပေါင်(၁၂၀)နှင့်အထက်ရှိသူ ဖြစ်ရမည်။ ဂုဏ်ဆောင်မှု စိတ်ဓာတ်ရှိကာ ကျန်းမာရေးကောင်းမွန်ပြီး လုပ်ငန်းတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက် လုပ်ကိုင်နိုင်သူဖြစ်ရမည်။

**၅ ။ သန့်ရှင်းရေး (၅၀) ဦး**

အခြေခံပညာ အလယ်တန်းအဆင့်ရှိသူ ဖြစ်ရမည်။ နိုးကြားတက်ကြွစွာ လုပ်ကိုင်ဆောင်ရွက်နိုင်သူ ဖြစ်ရမည်။ ဂုဏ်ဆောင်မှု စိတ်ဓာတ်ရှိကာ ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။

လျှောက်ထားလိုသူများအနေဖြင့် မိမိတို့၏ ကိုယ်ရေးရာဇဝင်အကျဉ်းအား လျှောက်ထားလိုသောရာထူးနှင့် လုပ်ငန်းအတွေ့အကြုံ ထည့်သွင်းရေးသား၍ နိုင်ငံသားစိစစ်ရေးကဒ်မိတ္တူ၊ သက်ဆိုင်ရာ ပညာအရည်အချင်း ထောက်ခံစာ မိတ္တူများ (အမှတ်စဉ် ၁ မှ ၃ အထိ လျှောက်ထားသူများသည် တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်မိတ္တူနှင့် သက်ဆိုင်ရာဒီပလိုမာ/ဘွဲ့ လက်မှတ်မိတ္တူများ)၊ ၆-လအတွင်း ပြုလုပ်ထားသော ပတ်စ်ပို့ဆိုဒ် ဓာတ်ပုံ(၂)ပုံ၊ သက်ဆိုင်ရာ ရပ်ကွက်ရုံး ထောက်ခံစာ၊ မြို့နယ်ရဲစခန်း ထောက်ခံစာ၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စု လူဦးရေစာရင်းမိတ္တူ စသည်တို့ကို ပြည့်စုံစွာပူးတွဲပြီး ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း အောက်ဖော်ပြပါ လိပ်စာသို့ လျှောက်ထားနိုင်ပါသည်။

ပဏာမအဆင့် စိစစ်ရွေးချယ်ခြင်း ခံရသူများကိုသာ ပြန်လည်ဆက်သွယ်မည် ဖြစ်ပါသည်
လျှောက်ထားသူများ အားလုံးအား ဧရာဝတီဘဏ်လီမိတက်မှ ကျေးဇူးအထူးတင်ရှိပါသည်

အမှတ်(၁၄၉)၊ တတိယထပ် (ဧရာဝတီဘဏ် ရန်ကုန်-၂ ဗိုလ်အောင်ကျော်ဘဏ်ခွဲ အပေါ်ထပ်)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ E-mail - hr.recruit@ayabank.com

## ဝန်ထမ်းအလိုရှိသည်

ကြေးအိုးဆရာ ၁ ဦး
ရှမ်းအစားအစာ ၁ဦး
**ဆက်သွယ်ရန်ဖုန်း-**
**၀၉-၅၅၀၁၂၄၂**

## ဝန်ထမ်းအလိုရှိသည်
Delta Mate (Myanmar) Ltd.

We are a Korean company producing ladies' handbags and exporting worldwide. After years of successful operation in China, we decided to increase our production capacity in Myanmar. We would like to invite people to walk with us through the exciting journey to sucess.

1. Office staff
   - Good command of English
2. Interpreter
   - Korean
   - Chinese
3. Technical Staff
   - Good at AUTOCAD

**Please e-mail your Resume to wskim@deltamateltd.com Attention to Mr Willian Kim**

### ဖခင်အမည်မှန်

တောင်ကုတ်မြို့၊ ဂူတာရပ်ကွက်၊ လျှပ်စစ်လမ်းနေ အထက(ခွဲ) ဂူတာကျောင်း အဋ္ဌမတန်းမှ မောင်ဝေမင်းဦး၏ ဖခင်အမည်မှန်မှာ ဦးမြရွှေ [၇/ပတန(နိုင်)၀၆၉၃၉၈] ဖြစ်ပါကြောင်း။
**ဦးမြရွှေ**

### ဖခင်အမည်မှန်

ပဲခူးခရိုင်၊ ပိန်းဇလုပ်မြို့၊ အထက (၉)တန်းမှ မောင်နိုင်ဖြိုးအောင်၊ (၇)တန်းမှ မောင်မျိုးကိုကိုနိုင်၊ (၆)တန်းမှ မဆုပြည့်နိုင်၊ (၃)တန်းမှ မောင်ဖြိုးညီညီနိုင်နှင့် ပထမတန်းမှ မဖူးပြည့်ဇင်တို့၏ ဖခင်အမည်မှန်မှာ ဦးမောင်နိုင်(ခ) ဦးစိုးနိုင်[၉/ညဥန(နိုင်)၁၀၅၀၀၀] ဖြစ်ပါကြောင်း။
**ဦးမောင်နိုင်(ခ)ဦးစိုးနိုင်**

## အမျိုးသမီးအရောင်းဝန်ထမ်း အလိုရှိသည်

နယ်ဘက်သွားနိုင်သောသူများကို ရန်ကုန်နှင့် နယ်ဘက်များတွင် အဆောင်စီစဉ်ပေးမည်။

နယ်ဘက်မှ အလုပ်လာလုပ်လိုသူများလည်း ရန်ကုန်အပြင် နယ်ဘက်များပါ သွားနိုင်ပါက အဆောင်စီစဉ်ပေးမည်။

မှတ်ချက်။ ။ ဆိုင်ခန်းတွင်သာ ခန့်ထားရန်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၄၃၁၇၂၃၄၀၊ ၀၉-၅၁၉၅၇၂၁**
**(ရုံးအချိန်အတွင်းသာ)**

## VAC® VALUE ADDED CONSULTANCY
## မြန်မာပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း

(မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသောနိုင်ငံခြားကုမ္ပဏီများမှ အလုပ်တွေခေါ်နေပြီ)

### Job Openings for Foreign Firms

**Sales Manager** - Cosmetics - 3,000,000 Kyats M/F(1)
- Any Grad , 8yrs Exp On Relevant Field, English 4 Skills

**Regional Sales Manager** - Energy Drink - 2,000,000 Kyats M(1)
- Any Grad , 5yrs Exp On Relevant Field , ( Pre Exp In Energy Drink )

**Sales Manager** - Germany Co - Ygn - Mdy - 1,500,000/- Kyats M/F(2)
- Any Grad , 7yrs Sales Exp On Automobile / Heavy Machine Field , English Speaking

**M & E Engineer** - Japan Co - 1,000,000 Kyats M(1)
- BE(MP/EP), 7yrs Exp On M & E Field, Fluent In English

**Project Coordinator** - USD 700 M(1)
- Bachelor Or Master In Engineering, BBA(GM/Marketing) , 3yrs Exp In Sales

**Safety Officer** - USD 600 M(2)
-Any Grad, Engg Degree, 5yrs Exp On Construction Or Telecom Field, English Speaking

**Service Technician** - USD 500 M(1)
- Any Grad , B.Tech/GTI(EP), 3yrs Service Exp On Electronics Home Applicants

**Deposit / Dosmestic Remittance Officer** - Foreign Bank - USD 1200 (1)
- B.Com ( CPA ) Or LCCI III More Prefer , 3yrs Relevant Exp In Financial Industry

**Sr Associate** - Planning & Admin - Foreign Bank - USD 800 (1)
- B.Com Or LCCI III More Prefer , 2yrs Exp On Relevant Field

**Admin & Operation Executive** - Thilawa - 700,000 Kyats M(1)
- Any Grad , 3yrs Experience In Relevant Field ( Prefer Factory Exp )

**Admin Assistant** - Oil & Gas - USD 500 F(2)
- Any Grad , Exp On Relevant Field , English 4 Skills

**Chinese Translator** - 650,000 Kyats M/F(2)
- Any Grad , 2yrs Experience In Relevant Field , Chinese 4 Skills

**Thai Translator** - Thilawa - USD 500 M/F(5)
- Any Grad , 1yr Experience In Relevant Field

E-mail ဖြင့်အလုပ်လျှောက်နိုင်သည် ။ CVကို MicroSoft Word File ဖြင့်ပို့ပါ။

များပြားသောအလုပ်အကိုင်အခွင့်အလမ်းများ ⟹ Like VAC Jobsearch

No.118, 6th Floor, 23rd St, Latha Tsp, Yangon. E-mail: vacjobsearch@gmail.com
Ph: 01-395921, 01-395922, 09-73022727, 09-5102094

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
# အောင်ဘာလေသိန်းဆုဌာနခွဲ
# သတင်းကြေညာချက်
# (၂၀၁၇ခုနှစ်၊ မေလ ၂၉ ရက်)


၁။ (၄)ကြိမ်မြောက် ကျပ်၅၀၀တန် အောင်ဘာလေထီလက်မှတ်များကို ၂၀၁၇ခုနှစ်၊ ဇွန်လ ၁ရက်နေ့မှ စတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ (၄)ကြိမ်မြောက် ကျပ်၅၀၀တန် အောင်ဘာလေထီလက်မှတ်များကို **ပင်မထီ "က" အက္ခရာမှ အစဉ်လိုက် "ဖ"အက္ခရာထိ** အက္ခရာလုံးရေ(၂၂)လုံးနှင့် **အရန်ထီ "ကက" အက္ခရာမှ အစဉ်လိုက် "ကဖ" အက္ခရာထိ (၂၂)လုံး** စုစုပေါင်း အက္ခရာ(၄၄)လုံးခန့်၊ ထီစာအုပ်ပေါင်း (၃၅၈၃၈၀၇)အုပ်ကို ခွဲဝေဖြန့်ဖြူးပြီးဖြစ်ပါသည်။

၃။ ထပ်မံ ဝယ်ယူလိုသူများရှိပါက ကျပ်၅၀၀တန် ထီများကို ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ပြီး၊ အနည်းဆုံးအုပ်ရေ(၁၀၀)နှင့်အထက် ဝယ်ယူလိုသူများအား ဘဏ်ငွေသွင်းချလန် (TF-1)ဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့်(၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်တွင် ၅-၆-၂၀၁၇ရက်မှ ၂၄-၆-၂၀၁၇ရက်ထိ ရုံးဖွင့်ရက်များတွင် ရောင်းချပေးသွားမည်ဖြစ်ပါသည်။ ရောင်းချရသည့် အက္ခရာများကို ထီဖွင့်ပွဲမတိုင်မီ ထပ်မံကြေညာပေးသွားမည်ဖြစ်ပါသည်။


၄။ (၄)ကြိမ်မြောက် ကျပ်၅၀၀တန် အောင်ဘာလေထီလက်မှတ်နမူနာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-



၅။ (၄)ကြိမ်မြောက် ကျပ်၅၀၀တန် အောင်ဘာလေထီလက်မှတ် (**အရန်ထီ**) နမူနာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-



၆။ **အထူးသတိပြုရန်**

**အရန်ထီလက်မှတ် "ကက" အက္ခရာမှ အစဉ်လိုက် "ကဖ" အက္ခရာထိ** ထီလက်မှတ်များတွင် ထီလက်မှတ်၏ ညာဘက် ကျပ် ၅၀၀တန် တံဆိပ်၏ အပေါ်၌ **"(2nd)" အမှတ်အသား** ပါဝင်သော ထီလက်မှတ်များသာ ၂၀၁၇ခုနှစ်၊ ဇူလိုင်လ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၄)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲအတွက် အကျုံးဝင်ပါကြောင်းနှင့် **အရန်ထီလက်မှတ်**ပေါ်တွင် " (2nd)" **အမှတ်အသား** မပါဝင်သော **"ကက" အက္ခရာမှ အစဉ်လိုက် "ကအ" အက္ခရာ**ထိ ထီလက်မှတ်များသည် (၁) ကြိမ်မြောက်၊ (၂)ကြိမ်မြောက်နှင့် (၃)ကြိမ်မြောက်တို့တွင် ဖွင့်လှစ်ပြီး ဖြစ်ပါသဖြင့် ၂၀၁၇ခုနှစ်၊ ဇူလိုင်လ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၄)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲအတွက် အကျုံးမဝင်ပါကြောင်း အထူးသတိပေးအပ်ပါသည်။

၇။ ကျပ် ၅၀၀ တန် ထီအတွက် ဆုမဲများမှာ အမြင့်ဆုံးဆု ကျပ်သိန်း (၁၀၀၀၀)၊ ကျပ်သိန်း(၅၀၀၀)၊ ကျပ်သိန်း(၃၀၀၀) နှင့် ကျပ် သိန်း(၁၀၀၀)ဆုများ ပါဝင်ပြီး အနိမ့်ဆုံးဆုမဲမှာ ကျပ် (၅၀၀၀၀) ဖြစ်ပါသည်။

**အောင်ဘာလေသိန်းဆုဌာနခွဲ**

# မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများမှ သွယ်ဝိုက်ခွန်ကောက်ခံသည့် အခွန်နှုန်းများ အသိပေးကြေညာခြင်း

၁။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် သွယ်ဝိုက်ခွန်များကို ကုန်သွယ်လုပ်ငန်းခွန်(Commercial Tax)/တန်ဖိုးဖြည့်ခွန်(Value-Added Tax)/ကုန်စည်နှင့်ဝန်ဆောင်မှုခွန်(Goods and Services Tax)စသည့်စနစ်များဖြင့် ကောက်ခံလျက်ရှိကြပါသည်။ အခွန်ထမ်း မိဘပြည်သူများအနေဖြင့် မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံအချို့၏ အခွန်ကောက်ခံမှုနှုန်းထားများအား သိရှိလေ့လာနိုင်ပါရန် အောက်ဖော်ပြပါအတိုင်း ဖော်ပြအပ်ပါသည်-

**(မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများ)**

| စဉ် | နိုင်ငံအမည် | ကုန်သွယ်လုပ်ငန်းခွန်/ တန်ဖိုးဖြည့်ခွန်/ကုန်စည်နှင့် ဝန်ဆောင်မှုခွန် |
|---|---|---|
| ၁။ | မြန်မာ | ၅% |
| ၂။ | ကမ္ဘောဒီးယား | ၁၀% |
| ၃။ | အင်ဒိုနီးရှား | ၁၀% |
| ၄။ | မလေးရှား | ၆% |
| ၅။ | ဖိလစ်ပိုင် | ၁၂% |
| ၆။ | စင်ကာပူ | ၇% |
| ၇။ | ထိုင်း | ၇% |
| ၈။ | ဗီယက်နမ် | ၁၀% |

**(ကမ္ဘာ့နိုင်ငံများ)**

| စဉ် | နိုင်ငံအမည် | ကုန်သွယ်လုပ်ငန်းခွန်/ တန်ဖိုးဖြည့်ခွန်/ကုန်စည်နှင့် ဝန်ဆောင်မှုခွန် |
|---|---|---|
| ၁။ | တရုတ် | ၁၇% |
| ၂။ | ပြင်သစ် | ၂၀% |
| ၃။ | ဂျာမနီ | ၁၉% |
| ၄။ | ဒိန်းမတ် | ၂၅% |
| ၅။ | အိန္ဒိယ | ၅-၁၅% |
| ၆။ | ဂျပန် | ၈% |
| ၇။ | နယူးဇီလန် | ၁၅% |
| ၈။ | နော်ဝေ | ၂၅% |

၂။ မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံအချို့၏ အခွန်ကောက်ခံမှု နှုန်းထားများအား လေ့လာသုံးသပ်ပါက သွယ်ဝိုက်ခွန်ဖြစ်သည့် ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံမှုနှုန်းထားသည် မြန်မာနိုင်ငံမှ အနည်းဆုံးဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

၃။ ကုန်သွယ်လုပ်ငန်းခွန် (Commercial Tax)/တန်ဖိုးဖြည့်ခွန်(Value-Added Tax)/ကုန်စည်နှင့်ဝန်ဆောင်မှုခွန်(Goods and Services Tax) ကောက်ခံသည့် တစ်ကမ္ဘာလုံး၏ ပျမ်းမျှနှုန်းထားမှာ ၁၅. ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၄။ အထက်ဖော်ပြပါ အခွန်နှုန်းထားများကို www.pwc.comနှင့် www.world wide-tax.comတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
# အောင်ဘာလေသိန်းဆုဌာနခွဲ
# ကြေညာချက်

(ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ မေလ ၂၅ ရက်)

၁။ ၂၀၁၇ ခုနှစ်၊ ဇွန်လ (၁) ရက်နေ့တွင် ကျင်းပမည့် (၃) ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆု ဖွင့်ပွဲအတွက် ထီလက်မှတ်များကို အောက်ပါအတိုင်း ရောင်းချခဲ့ပါသည်-

(က) (၃) ကြိမ်မြောက်နှင့် ၂၀၁၇ ခုနှစ်၊ ဇွန်လ (၁) ရက်နေ့တွင် ဖွင့်လှစ်မည်ဟူသော စာသားပါရှိသည့် ထီလက်မှတ် **( "က" အက္ခရာမှ အစဉ်လိုက် "န" အက္ခရာထိ )** = ၂၀ လုံး

(ခ) အကြိမ်မြောက်နှင့် မည်သည့်နေ့တွင် ဖွင့်လှစ်မည်ဟူသော စာသားမပါရှိသည့် **အရန်ထီလက်မှတ်("ကဒ" အက္ခရာမှ အစဉ်လိုက် "ကအ" အက္ခရာထိ )** = ၁၆ လုံး

**စုစုပေါင်းအက္ခရာ = ၃၆ လုံး**

၂။ (၃)ကြိမ်မြောက် ကျပ် ၅၀၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ရောင်းချရသည့် အက္ခရာပေါင်းမှာ (၃၆)လုံးဖြစ်၍ ထီစာအုပ်ပေါင်း(၂၉၄၅၄၄၈) အုပ်ဖြစ်ပြီး ထီလက်မှတ် စောင်ရေပေါင်းမှာ (၃၂၃၉၉၉၂၈) စောင်ဖြစ်ပါသည်။

၃။ ထီလက်မှတ်စာအုပ်ရောင်းရငွေပေါင်းမှာ (ကျပ်သန်းပေါင်း ၁၄၇၂၇. ၂၄)ဖြစ်ပါသည်။ ၆၀%ထီဆုငွေအဖြစ် ခွဲဝေပေးမည့် ငွေပေါင်းမှာ (ကျပ်သန်းပေါင်း ၈၈၃၆. ၃၄၄)ဖြစ်ပါသည်။

၄။ ထီဆုငွေများကို အောက်ပါအတိုင်း ခွဲဝေချီးမြှင့်ပေးသွားမည်ဖြစ်ပါသည်-

(က) **အထူးဆုကြီးစနစ်**

| | | | |
|---|---|---|---|
| (၁) ကျပ်သိန်းတစ်သောင်း | = | (၁) | ဆု |
| (၂) ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| (၃) ကျပ်သိန်းတစ်ထောင် | = | (၁) | ဆု |

(ခ) **ဆုတစ်ဆုချင်းစနစ်**

| | | | |
|---|---|---|---|
| (၁) ကျပ်သိန်းတစ်ရာ | = | (၃၇) | ဆု |
| (၂) ကျပ်သိန်းငါးဆယ် | = | (၃၉) | ဆု |
| (၃) ကျပ်ဆယ်သိန်း | = | (၄၁) | ဆု |

(ဂ) **ဝေဝေဆာဆာ ပဒေသာဆုမဲစနစ်**

| | | | |
|---|---|---|---|
| (၁) ကျပ်သုံးသိန်း | = | (၁၀၀) | ဆု |
| (၂) ကျပ်နှစ်သိန်း | = | (၁၀၀၀) | ဆု |
| (၃) ကျပ်တစ်သိန်း | = | (၂၉၀၀၀) | ဆု |
| (၄) ကျပ်ငါးသောင်း | = | (၇၀၀၀၀) | ဆု |
| **စုစုပေါင်း** | **=** | **(၁၀၀၂၂၀)** | **ဆု** |

၅။ (၃) ကြိမ်မြောက် ကျပ် ၅၀၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို ၁-၆-၂၀၁၇ ရက် (ကြာသပတေးနေ့) နံနက် ၈ နာရီတွင် အမှတ် ၃၈၄၊ မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး (၃၄၁)ကြိမ်မြောက် ကျပ် ၂၀၀တန် အောင်ဘာလေသိန်းဆု ဖွင့်ပွဲကိုလည်း တစ်ဆက်တည်း ကျင်းပပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**အောင်ဘာလေသိန်းဆုဌာနခွဲ**

သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရှေ့ တိုက် ကို စိုး

